ဂန့်ဂေါမြို့နယ် ဟံသာဝတီရွာ စာပေဟောပြောပွဲ



# အောင်သင်း

# လူငယ်ရဲ့ ဘဝနှင့်တန်ဖိုး

Design By Lin Aung Pyae 2014

# အောင်သင်း

# လူငယ်ရဲ့ ဘဝနှင့် တန်ဖိုး

မကွေးတိုင်း၊ ဂန့်ဂေါမြို့နယ်၊ ဟံသာဝတီရွာ၊
ပညာလင်းပြင် စာကြည့်တိုက် (၃) နှစ်ပြည့်
အထိမ်းအမှတ် စာပေဟောပြောပွဲ
၃၀ - ၅ - ၂၀၀၅

ဂန့်ဂေါမြို့နယ်၊ ဟံသာဝတီရွာ၊ မင်းဓမ္မစာဖတ်အသင်းမှ
ထုတ်ဝေသည်။

## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| ပုံနှိပ်ခြင်း | - | ပထမအကြိမ်၊ ၂၀၁၅ခုနှစ်၊ ဧပြီလ |
| စီစဉ်သူ | - | အရှင်ရာဇဓမ္မ(ယောမြေ) |
| မျက်နှာဖုံးဒီဇိုင်း | - | လင်းအောင်ပြည့် (သဟာဇာတလက်) |
| ကွန်ပျူတာစာစီ | - | အယ်လုံး ကွန်ပျူတာ |
| စာအုပ်အပြင်အဆင် | - | အယ်ကျော်မြတ်ခိုင်(အင်းလေး) |
| ထုတ်ဝေသူ | - | ဦးမျိုးညွန့်အောင် စွယ်တော်စာပေ (မြ - ၀၀၅၇၉) အမှတ်-၉၀/၉၂၊ ဖြွှာ၊ ၅၁လမ်း။ ပုဇွန်တောင်မြို့နယ်။ |
| ပုံနှိပ်သူ | - | ဦးတင်အောင်ကျော် စွယ်တော်ပုံနှိပ်တိုက် (မြ - ၀၀၄၁၁) အမှတ် ၁၄၇၊ ၅၁လမ်း(အထက်)၊ ပုဇွန်တောင်မြို့နယ်။ |
| အုပ်ရေ | - | ၁၀၀၀ |
| တန်ဖိုး | - | ၁၅၀၀ ကျပ် |
| ဖြန့်ချိရေး | - | မျိုးဆက်သစ်စာပေ ဖုန်း ၀၉ ၄၂၀၀၈၃၆၈၈၊ ၀၉ ၄၂၀၂၂၂၉၆၂ |

အောင်သင်း ၈၉၅.၈၄
လူငယ်ရဲ့ ဘ၀နှင့်တန်ဖိုး/အောင်သင်း/ရန်ကုန်
စွယ်တော်စာပေ။ ၂၀၁၅။
၉၀ စာ၊ ၂၁ × ၁၃.၅ စင်တီ။
(၁) လူငယ်ရဲ့ ဘ၀နှင့်တန်ဖိုး

## မာတိကာ


| | |
|---|---|
| အောင်သင်း၏ အမှာစကား | က |
| ကိုယ်တိုင် တိုက်တွန်း ချီးမွမ်း စိတ်တူ | ဂ |
| ဟံသာဝတီဆရာတော်၏ အမှာစကား | ဈ |
| စီစဉ်သူ၏ အမှာစကား | ဍ |
| ခွင့်လွှတ်သော မျက်စိနဲ့ကြည့်ကြပါ | |
| ဘဝရဲ့အဓိပ္ပာယ် | ၁ |
| အချိန်ကို ဘယ်လိုအသုံးချသလဲ | ၃ |
| အိမ်ထောင်ဖက် ရွေးချယ်နည်း | ၄ |
| စွဲမက်ခဲ့သော ညီမျှခြင်း | ၆ |
| လုပ်အားနဲ့တည်ဆောက်ထားတဲ့ တန်ဖိုး | ၈ |
| မိမိကိုယ်ကို ထွန်ယက်ခြင်း | ၁၀ |
| အနာဂတ်ကို သစ္စာမဖောက်ချင်သူ | ၁၂ |
| ရဲမှုမင်း ဖြစ်မည် | ၁၃ |
| သခင်ကျော်စိန် | ၁၆ |
| သရက်ထောင်မှအပြန် | ၂၂ |
| ချစ်သူ သူငယ်ချင်း | ၂၅ |
| ထိပ်ဆုံးကလူ | ၂၇ |
| ကံဆိုးခြင်းနှင့် ကံကောင်းခြင်း | ၃၀ |
| တန်ဖိုး (၃) မျိုး | ၃၃ |
| စာရိတ္တတန်ဖိုး | ၃၅ |

ငွေပင်လယ် ၃၆
ပင်ကိုယ်တန်ဖိုး တက်ပါစေ ၃၈
ပျားပုံပြင် ၃၈
စစ်ခွေးလေ့ကျင့်ရေး ၄၁
ကလေးတွေကို လူရာသွင်းပါ ၄၅
တရားမချသေးဘူး ၄၆
သူတစ်ပါးစားတာမကြိုက်သူ ၄၆
လှစေချင်လို့ပါ ၄၇
ခေါ်သူထူးသူအသံတူ ၄၈
စည်းနဲ့ဝါး ၅၀
မြင်းမိုရ်တောင်ကိုကျော်ခဲ့သူ ၅၁
နှလုံးသားပေါ်က ခြေရာ ၅၂
တတိယအရွယ်နဲ့ စတုတ္ထဝေဒနာ ၅၃
ပြောင်းပြန်ဆန်သောဤလောက ၅၅
အကင်းပါးသောဆင် ၅၆
အိုက်မက်ခွန်အားဖြင့် ကမ္ဘာကျော်သူ ၅၇
ပညာသင်တယ်ဆိုတာ ၆၁
ဘာသာစကားနဲ့ လက်ဆင့်ကမ်းခြင်း ၆၂
အပေါင်းနဲ့အနုတ် ၆၅
လူငယ်တွေကိုရွှေချပါ ၆၅
မြတ်နိုးမှုတန်ဖိုးထက်ကျော်လွန်ပါစေ ၆၈
သိအောင်ကြိုးစားပါ ၆၉
ပခုံးစွန်းအားမြှင့်တင်ထား ၇၀
စာရေးသူ၏ အတ္ထုပ္ပတ္တိအကျဉ်း
ထုတ်ဝေပြီးစာအုပ်

# အောင်သင်း၏ အမှာစကား

ဤစာအုပ်ကို ထုတ်ဝေချင်ပါသည်ဆိုတော့ ကျွန်တော် ဝမ်းမြောက်ဝမ်းသာ ခွင့်ပြုလိုက်ပါသည်။ ဝမ်းမြောက်ဝမ်းသာ ဆိုသည်ကို သာမန် ဝတ်ကျေ တန်းကျေ ပြောလိုက်ခြင်း မဟုတ်ပါ။ တကယ်ကို ဝမ်းမြောက်မိခြင်းဖြစ်ပါသည်။

အကြောင်းက ကျွန်တော်ကိုယ်တိုင် ထုတ်ဝေချင်သောကြောင့် ဖြစ်ပါသည်။ သို့သော် တကယ်အားထုတ်ဆောင်ရွက်နိုင်စွမ်း မရှိတော့ပါ။ ယခု သူတို့တွေ ကြိုးစားဆောင်ရွက်ကြလို့ အကောင်အထည်ပေါ်လာသည့်အတွက် များစွာ ဝမ်းမြောက်မိပါသည်။ ထို့အတွက်ကြောင့် ကျေးဇူးတင် ဝမ်းမြောက်ကြောင်းမှ တပါး အခြား ပြောစရာမရှိတော့ပြီ။

အောင်သင်း

၁၈-၉-၂၀၁၄



လူငယ်တွေကို ရွှေချမှ

အနာဂတ်တောက်ပမယ်

အောင်သင်း

## ''ကိုယ်တိုင် တိုက်တွန်း ချီးမွမ်း စိတ်တူ''

**ချစ်ဦးညို**

မကွေးတိုင်း၊ ဂန့်ဂေါမြို့နယ်၊ ဟံသာဝတီရွာမှာ ကျင်းပခဲ့တဲ့ "ပညာလွှင်ပြင် စာကြည့်တိုက် ၃ နှစ်ပြည့် အထိမ်းအမှတ်၊ စာပေဟောပြောပွဲမှာ ဆရာ(ဦး)အောင်သင်းက 'လူငယ်ရဲ့ ဘဝနှင့်တန်ဖိုး' ခေါင်းစဉ်နဲ့ ဟောပြောခဲ့ပါတယ်။ ၂၀၀၅ ခုနှစ် မေလ – ၃၀ရက်နေ့မှာ ကျင်းပခဲ့တာဆိုတော့ လွန်ခဲ့တဲ့ ၁၀နှစ်က ဆယ်စုနှစ်တစ်ခေတ်ရှိခဲ့ပါပြီ။

ဒီဟောပြောချက်ကို စာအုပ်အဖြစ် ပြန်ထုတ်ဖို့ မင်းဓမ္မစာဖတ်အသင်း (၂၀၁၂ ထူထောင်)က ကြိုးပမ်းခဲ့ကြတယ်လို့ သိရပါတယ်။ ဟံသာဝတီဆရာတော်ရဲ့ ပြင်းပြတဲ့ အာသီသ အရှင်ရာဇဓမ္မ(ယောမြေ)ရဲ့ ဦးဆောင်လှုပ်ရှားမှုနဲ့ ဟံသာဝတီသားတို့ရဲ့ ညီညွတ်မှုကနေ ဒီဟောပြောချက် မှတ်တမ်းတင် စာအုပ်လေး ဖြစ်လာတော့တယ်။

စာပေ၊ စာပေဟောပြောပွဲနဲ့ ဟောပြောချက်မှတ်တမ်း စာအုပ်ထုတ်ဝေမှုတို့ရဲ့ အကျိုးအာနိသင်ကို ကောင်းစွာသိရှိသဘောပေါက်ခဲ့ကြတဲ့ စီစဉ်သူတို့ရဲ့ စေတနာနဲ့အလုပ်(လုပ်အား)ကို လေးစားစွာ ဂုဏ်ပြုကြောင်း ဦးစွာပြောပါရစေ။ ဆရာအောင်သင်းစကားနဲ့ပြောရရင် ဆရာတော်တို့ ဦးဇင်းတို့

ဟံသာဝတီသားတို့ဟာ အနာဂတ်တောက်ပဖို့ လူငယ်တွေကို ရွေးချယ်လိုက်ကြတာပါပဲ။

စာပေဟောပြောပွဲဆိုတာ စာဆိုတော်နေ့ကို ဇဟိုပြုပြီး မြန်မာပြည်အရပ်ရပ် ထက်အောက်တစ်ခွင်ကျင်းပကြတဲ့ ပွဲဖြစ်ပါတယ်။ စာဆိုတော်နေ့က အားလုံးသိကြတဲ့အတိုင်း နတ်တော်လဆန်း (၁)ရက်ပါ။ ဂျပန်ခေတ် (၁၉၄၄)မှာ၊ စာရေးဆရာ ဆရာမများ ပါဝင်သရုပ်ဆောင်ကပြခဲ့ကြတဲ့ ဝိဇယ ပြဇာတ်ဟာ စာဆိုတော်နေ့၊ စာပေလှုပ်ရှားမှုသမိုင်းရဲ့ အုတ်မြစ်ချပွဲလို့ဆိုရပါမယ်။ အဲဒီစာဆိုပွဲ၊ စာပေဟောပြောပွဲကို နတ်တော်လဆန်း တစ်ရက်နေ့ဇဟိုပြုပြီး ကျင်းပလိုက်ကြရာမှာ သာမန်နှစ်စဉ်ပြုလုပ်နေကျ အထိမ်းအမှတ်ပွဲမည်ကာမတ္တမဟုတ်တော့ဘဲ 'ယဉ်ကျေးမှု' တစ်ရပ်အဖြစ် အားကောင်းတဲ့ ရေစီးကြောင်းကြီးတစ်ခုဖြစ်နေပါပြီ။

အရင်တုန်းကတော့ စာပေဟောပြောပွဲများဟာ ရှေးစာဆိုကြီးများကို အောက်မေ့ဂုဏ်ပြုပူဇော်တဲ့ပွဲ၊ စာရေးဆရာ၊ ကဗျာဆရာများက စာပေအနုပညာနဲ့ပတ်သက်သမျှ အလင်္ကာရသတွေ၊ သုတတွေအကြောင်းဟောပြောတဲ့ပွဲ၊ သက်ကြီးဝါကြီး စာပေပညာရှင်များကို ပူဇော်ကန်တော့ကြတဲ့ပွဲ အဖြစ်နဲ့သာ ကျင်းပခဲ့ကြပါတယ် (ဒါပေမဲ့ ၁၉၄၄–ဂျပန်ခေတ်၊ ပထမဆုံး စာဆိုတော်နေ့အထိမ်းအမှတ် ကပြကြတဲ့ဝိဇယပြဇာတ်မှာ တိုင်းပြည်အုပ်ချုပ်သူများ မင်းကျင့်တရားနဲ့ညီကြစေဖို့နဲ့ မတရားတဲ့မင်းကို ပြည်သူက လက်မခံပုံ၊ ဝံသာနုရက္ခိတ တရားမစောင့်သူ၊ အမျိုးကို သစ္စာဖောက်သူဟာ နောက်ဆုံးကျဆုံးရမယ်ဆိုတဲ့ အချက်တွေ ပေါ်လွင်အောင် ကပြခဲ့ကြတာကို မမေ့အပ်ပါ)

အဲဒီလို ခေတ်အဆက်ဆက် ကျင်းပခဲ့ကြတဲ့ စာပေဟောပြောပွဲတွေဟာ တစတစနဲ့ သမိုင်းလိုအပ်ချက်အရ အသွင်သဏ္ဌာန်ရော အနှစ်သာရပါ ပြောင်းလဲလာခဲ့ပါတယ်။ စာရေးဆရာတွေဟာ ခေတ်ကို သုံးသပ်၊ ခေတ်ကို ဝေဖန်(အချို့လည်းခေတ်ကိုတော်လှန်)တဲ့ အမြင်တွေ အခြေခံပြီးဟောပြောလာခဲ့ကြပါသည်။ လူ့သဘာဝ, လောကသဘာဝကို ထင်ဟပ်ပြရင်းနဲ့ အုပ်ချုပ်သူများရဲ့ စနစ်ထဲက အဓမ္မဝါဒကို အခြေအနေပေးရင် ပေးသလောက် ထိုးနှက်ပြီး နားထောင်သူပြည်သူလူထုရဲ့ နားမျက်စိကို ဖွင့်ပေးဖို့ အားထုတ်ခဲ့ကြပါတယ်။

စာပေဟောပြောပွဲစင်မြင့်ကနေပြီး စာရေးဆရာတွေဟာ၊ ပြည်သူလူထုကို စာပေအခြေခံသော နိုင်ငံရေးအသိများ နိုးကြားလာစေဖို့ ဟောကြပြောကြလုပ်နေကြတာပဲ ဆိုတာကို အာဏာပိုင်များက ရိပ်စားမိသွားကြတဲ့အခါမှာ ဥပဒေကို အကြောင်းပြပြီး အရေးယူမှုတွေ လုပ်လာခဲ့ကြပါတယ်။ ဘယ်လိုအရေးယူပါသလဲ၊ ပြင်းပြင်းထန်ထန်ဟောပြောတဲ့ စာရေးဆရာကို ဖမ်းဆီးအကျဉ်းချ – သို့မဟုတ် သူ့စာအုပ်တွေကို သိမ်း သို့မဟုတ် ဟောပြောပွဲကျင်းပတဲ့ တာဝန်ယူသူတွေကို ပြဿနာရှာ၊ ဟောပြောခွင့်ပါမစ်ဆိုတာကိုပိတ်… စသည်ဖြင့် အရေးယူတာပါပဲ။

နဝတ၊ နအဖ ခေတ်မှာ အဲဒီလို အရေးယူမှုတွေရှိခဲ့ပါတယ်။ ဆရာ (ဦး)အောင်သင်းဟာ အဲဒီလို အရေးယူမှုတွေ စတင်လာစချိန် အရှိန်ရလာချိန်တွေမှာပဲ အာဏာပိုင်တွေရဲ့ မသင့်တော် မလျော်ကန်တဲ့ လုပ်ရပ်တွေကို ခပ်ပြင်းပြင်း ခပ်တင်းတင်း ဝေဖန် သုံးသပ်ဟောပြောသူအဖြစ် ထင်ရှားလာ

ခဲ့သူဖြစ်ပါတယ်။ ထပ်ဆိုပါရစေ အစိုးရရဲ့ မတရားမှုများ လွဲမှားမှုများကို ပြည်သူလူထုဘက်မှ ထောက်ပြဝေဖန်ဟောပြော တဲ့ ဦးဦးဖျားဖျား စာရေးဆရာဟာ ဦးအောင်သင်းဖြစ်ပါ တယ်။

× × ×

ဒီလိုနဲ့ တစိုက်မတ်မတ်ဟောပြောလာခဲ့ရာကနေပြီး ဆရာ ရဲ့ လမ်းကြောင်းဟာ ရွေ့လာတယ်၊ အသစ်ဖြစ်လာပါတယ်။ သူ့ဟောပြောချက်ထဲမှာပါသလိုပဲ ၁၉၈၈ခုနှစ်ကစပြီး ဆရာ က မျက်စိလည်လမ်းပျောက်နေကြတဲ့ လူငယ်တွေကို ကောင်း စွာ သတိထားပြီး လူငယ်တွေ အသိမှန် အမြင်မှန်ရကြစေဖို့ လမ်းမှန်ပေါ်ရောက် နည်းမှန်စွာလျှောက်ကြစေဖို့ သူ့ရဲ့ ခွန် အားမှန်သမျှကို လူငယ်အတွက်သာ ထုတ်နှုတ်သုံးစွဲ ကုန်လွန် ခဲ့စေပါတော့တယ်။

ဒါဟာ ဆရာဦးအောင်သင်းအနေနဲ့ အလုပ်သင့်ဆုံး အလုပ်ကို အလုပ်သင့်ဆုံးအချိန်မှာ အလုပ်နိုင်ဆုံးလုပ်လိုက် တာပါပဲ။ အများသူငှာ ပြုတတ်ကြတဲ့ ဘုရားတည်၊ ကျောင်း ဆောက်၊ ဇရပ်ပြင်၊ ရှင်တစ်တော်လှူ ...စတဲ့ လောကုတ္တရာ အလှူမျိုး ဦးအောင်သင်းလုပ်တယ်လို့ ကျွန်တော်တို့ မမြင်မိ မကြားမိပါဘူး၊ သို့သော် လူငယ်တွေရဲ့ အနာဂတ် သူ့ဦးနှောက် နဲ့ သူ့နှလုံးသားကို ခုလို 'ဌာပနာ' လိုက်တာကတော့ဖြင့် တကယ်ကို ကြီးမြတ်တဲ့အလှူဒါနဖြစ်တယ်လို့ ဆိုလိုက်ချင် ပါတယ်။ တစ်ဆက်တည်း ပြောလိုတာက ဦးအောင်သင်းရဲ့ ဒီအလှူကို သာခုခေါ်ရုံမက အမျှဝေရုံမက အလှူရေစက် လက်နဲ့ မကွာရအောင် ဟောပြောပွဲလုပ် ဟောပြောချက် စာအုပ်ထုတ်လိုက်ခြင်းဟာလည်း **'ကိုယ်တိုင် တိုက်တွန်း**

**ချီးမွမ်း စိတ်တူ’** ဆိုသလို ထပ်တူထပ်မျှ အကျိုးများစေမယ့် လုပ်ငန်း ဖြစ်ပါတယ်။

လူချင်းလဲ ရင်းနှီး, ဟောပြောပွဲခရီးတွေလဲ အတူသွား၊ ဖုန်းနဲ့လည်း အဆက်အသွယ်မပြတ်ကြတာမို့၊ ဆရာဦးအောင်သင်းရဲ့ အဖျှတ္တကို ကျွန်တော် တော်တော်လေး သိမြင်နေတယ်လို့ပဲဆိုပါရစေ (စာပေဟောပြောပွဲ ဘက်ဂရောင်း၊ ဦးအောင်သင်း ပရိုဖိုင်းနှင့် ဂျာနယ်ဆောင်းပါးများ)စာအုပ်ကို ကျွန်တော်ရေးစဉ်က ‘ခင်ဗျား ကျူပ်ကို အတော်လေးမြင်တွေ့ထားတာပဲ’လို့ သူကပြောခဲ့ဖူးပါတယ်။

အဲဒီစာအုပ်ဟာ သူရှိစဉ်က ရေးခဲ့တဲ့ ဆောင်းပါးပါ–

အခု ဆရာသင်းမရှိတော့ပါဘူး – ဦးအောင်သင်းပရိုဖိုင်းကို သူဖတ်ခဲ့ရပေမယ့် ဒီအမှာစာကိုတော့ သူမဖတ်နိုင်တော့ပါဘူး .... ရုပ်ခန္ဓာအရ သူမရှိတော့ပေမယ့် သူ့အသံ၊ သူ့စကားနဲ့ သူ့တရားတွေက တိပ်ခွေတွေ၊ စီဒီချပ်တွေ၊ စာအုပ်တွေက တဆင့် ဝေ့ဝဲပျံ့သန်းနေဦးမှာ မုချဖြစ်ပါတယ်။ ဒါနဲ့တွင် မပြီးသေးပါ။ သူ့ပညာ သူ့စေတနာကို တကယ်လေးစားနားလည်တယ်ဆိုရင် သူ့ဟောပြောချက်တွေကို အခြေခံ၊ မိမိတို့ရဲ့ ပဋိဘန်ဉာဏ်နဲ့ ထပ်ဆင့်တိုးမြှင့်၊ လုံ့လ ဝီရိယ သုံးပြု – ရှေ့ခရီးရှက်စုံဖွင့်ပြီး မိမိတို့ရဲ့ ဘဝလှေနာဝါကို အနာဂတ်ပင်လယ်ပြင်ထဲ ရဲရဲဝံ့ဝံ့ ဝင်ရောက်သွားကြဖို့ (အထူးသဖြင့်) လူငယ်တွေကို မှာချင်ပါတယ်။ ရိုးရိုးရှင်းရှင်းလေးပါ။ ဘုရားကို တကယ်ကြည်ညိုရင် တရားနှလုံးသွင်း ကျင့်ကြံကြလို့ ဆရာတော်ကြီးများ မြွက်ကြားသလိုပါပဲ။ လူငယ်လေးများ ဖြစ်ကြတဲ့ သားတို့ သမီးတို့ မင်းတို့ရဲ့ ဘဘကြီး ဦးအောင်သင်းကို တကယ်လေးစားမြတ်နိုးရင် မင်းတို့ ကိုယ်

မင်းတို့လည်း တကယ်ချစ်တယ်ဆိုရင် သူ့စကား သူ့ဟောပြောချက်တွေကို နားလည်အောင်လုပ်– (မှားလျှင် သုံးသပ်လိုက်ဦး) ပြီးရင် မင်းတို့ဘဝအတွက် အကောင်းဆုံး ဖြစ်အောင် ဆက်ကျင့်သုံးကြပါ။ မင်းတို့ရဲ့ ဘဘကြီး သုဂတိဘုံတစ်ခုခု ကနေပြီး မင်းတို့အတွက် သာဓုခေါ်နေနိုင်အောင် လိုက်နာကျင့်သုံးဆောက်တည်လိုက်ကြစမ်းပါ...လို့ ထပ်ဆင့် အမှာစကားပါးလိုက်ရပါတယ်။

**ချစ်ဦးညို**
၂၀၁၅၊ မတ် (၄)

## ဟံသာဝတီဆရာတော်၏ အမှာစကား

ယနေ့ ကဆုန်လပြည့်ကျော် (၈)ရက်၊ (၃၀–၅–၂၀၀၅) တနင်္လာနေ့၊ မကွေးတိုင်း၊ ဂန့်ဂေါခရိုင်၊ ဂန့်ဂေါမြို့နယ်၊ ဟံသာဝတီရွာ၊ ပညာလွင်ပြင် စာကြည့်တိုက် (၃) နှစ်ပြည့် အထိမ်းအမှတ် စာပေဟောပြောပွဲ ကျင်းပပြုလုပ်တဲ့ပွဲမှာ စာရေးဆရာကြီးများ ဖြစ်ကြတဲ့ ရန်ကုန်မြို့မှ ဆရာကြီး ဦးအောင်သင်း၊ မန္တလေးမြို့မှ ဆရာပိုင်စိုးဝေ၊ ဆရာနေမျိုး တို့ကို ပင့်ဖိတ်ပြီး စာပေဟောပြောပွဲ ကျင်းပရခြင်းဖြစ်ပါတယ်။

ဤကဲ့သို့ ကျင်းပတဲ့နေရာမှာ စာရေးဆရာကြီးများဟာ လမ်းခရီးဝေးတာကို ပဓာနမထားဘဲနဲ့ အနောက်ဘက်ဆို ချင်းတောင်တန်း၊ မြောက်ဘက်က စစ်ကိုင်းတိုင်း၊ မကွေးတိုင်း အဆုံး၊ ဤကဲ့သို့ အင်မတန်ဝေးလံတဲ့နေရာဒေသကို အရောက် လာကြပြီး အကူအညီပေးကြတဲ့အတွက် ဟံသာဝတီ ဒါယကာ၊ ဒါယိကာမများနှင့်၊ ဝေးနီးရပ်ရွာမှ လာရောက်ပြီး နားထောင်ကြတဲ့ စာပေချစ်ပရိသတ်များရဲ့ ကိုယ်စား ဘုန်းကြီး အနေနဲ့ အင်မတန် ဝမ်းမြောက်ဝမ်းသာ ပီတိဖြစ်မိပါတယ်။ ကျေးဇူးလည်း တင်ပါတယ်။

(ည)

ဒီစာပေဟောပြောပွဲကို ကျင်းပရခြင်းဟာ ဘုန်းကြီး အနေနဲ့ ရည်ရွယ်ချက်တွေ ရှိပါတယ်။ ဘာကြောင့်လဲဆိုရင် သူရောကိုယ်ရော မြို့ကြီးပြကြီးကို မရောက်ဖူးကြတဲ့ ပုဂ္ဂိုလ် တွေက အင်မတန်များကြပါတယ်။ များတော့ ဗဟုသုတတွေ မကြွယ်ဝကြဘူး။ အဲဒီလို ဗဟုသုတတွေ မကြွယ်ဝကြတဲ့ အတွက် ပညာရေး၊ ကျန်းမာရေး၊ နိုင်ငံရေး၊ ဘာသာရေး၊ လူမှုရေး၊ စသည်အားဖြင့် အစစအရာရာမှာ အမြဲတမ်းအောက် ကျနောက်ကျ ဖြစ်နေကြပါတယ်။

ဤကဲ့သို့ ဖြစ်နေတဲ့နေရာမှာ ဘုန်းကြီးတို့အနေနဲ့က လည်း စွမ်းအားရှိသလောက် ပြောပြဟောပြ ဆိုဆုံးမ ပြုလုပ် ပေးခဲ့ပေမဲ့လို့လည်း ကြာလာတော့ကာ ရိုးလာကြပြီ၊ ထိရောက် မှုအား နည်းပါးတယ်ဆိုပါတော့။

အင်မတန် ပညာကြွယ်ဝကြတဲ့ စာရေးဆရာကြီးများကို ပင့်ဖိတ်ပြီး လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ နိုင်ငံရေး၊ ဘာသာရေး၊ စီးပွားရေး စသည်အားဖြင့် အောက်ကျနောက်ကျ မဖြစ်ကြရလေအောင် အသိဉာဏ်ပညာ အလိမ္မာတွေ ကြွယ်ဝ လာကြအောင်ဆိုပြီး စာပေဟောပြောပွဲ ပြုလုပ်ရခြင်း ဖြစ်ပါ တယ်။

လိုရင်းကတော့ ပြည်တန်ပတ္တမြား ဖြစ်လင့်ကစား ကောင်းမွန်စွာ မသွေးတတ်တဲ့ ကျောက်သွေးဆရာ သွေးလို့ ရှိရင် တန်ကြေးမရှိဘူး၊ တန်ဖိုးမြင့်မလာပါဘူး။

ပြည်တန်ပတ္တမြားကို ကောင်းမွန်စွာ တတ်ကျွမ်းတဲ့ ကျောက်သွေးဆရာက သွေးပြီး ရွေကွပ်ပေးလိုက်လို့ရှိရင် ပိုပြီးတော့ တန်ဖိုးမြင့်လာပါတယ်။ ပြည်တန်တဲ့ ပတ္တမြား

ဖြစ်နိုင်တယ်။ ဒါကြောင့်…

ဘုန်းကြီးတို့ ဟံသာဝတီရွာနှင့်တကွ ဝေးနီးရပ်ရွာများမှ လာရောက်ကြတဲ့ စာပေချစ်ပရိသတ်များထဲမှ အဲဒီလို ပြည်တန်ပတ္တမြားကဲ့သို့ ဗီဇကောင်း၊ အမျိုးကောင်းကြတဲ့ ပုဂ္ဂိုလ်များ၊ ယောကျ်ားလေးများ၊ မိန်းကလေးများ စသည်အားဖြင့် ဖြစ်လာကြပြီး မိမိရပ်ရွာကို ပိုပြီးတော့ ခေတ်မီ သာယာလှပ တိုးတက် ငြိမ်းချမ်းလာအောင် စွမ်းဆောင်နိုင်ကြတဲ့ လူစွမ်းကောင်းလေးတွေထွက်လာအောင်၊ အဲဒီလို လူစွမ်းကောင်းတွေ ထွက်လာလို့ရှိရင် အင်မတန် တန်ဖိုးမြင့်ကြတဲ့ ပုဂ္ဂိုလ်တွေ ဖြစ်မှာပဲ၊ ကိုယ့်ရပ်ရွာအတွက် ကြီးပွားအောင် လုပ်နိုင်ကြတဲ့ ပုဂ္ဂိုလ်တွေ၊ ပညာရေးအတွက်ပဲဖြစ်ဖြစ်၊ ကျန်းမာရေးအတွက်ပဲ ဖြစ်ဖြစ်၊ စီးပွားရေးအတွက်ပဲဖြစ်ဖြစ် ဘာသာရေး သာသနာရေးတွေမှာပဲဖြစ်၊ အဲဒီလို အမျိုးမျိုးသော လူမှုရေးတွေမှာ စွမ်းဆောင်နိုင်ကြတဲ့ ပုဂ္ဂိုလ်တွေထွက်လာအောင်ဆိုတဲ့ ရည်ရွယ်ချက်များနဲ့ ဤကဲ့သို့ စာပေဟောပြောပွဲကြီးကို ကျင်းပရခြင်းဖြစ်ပါတယ်။

ဒါကြောင့် ကြုံတောင့်ကြုံခဲ စာပေဟောပြောပွဲမှာ ကျော်ကြားဆရာကောင်းနဲ့ တူလှစွာသော စာရေးဆရာများရဲ့ ဟောပြောလိုက်တဲ့ စကားလုံးတွေကို ကိုယ့်အတွက် တန်ဖိုးရှိရှိ၊ အကျိုးရှိစွာ ကျန်ရှိအောင် နားထောင်ပေးကြပါ။

ဥပမာ– လူတစ်ယောက်ကို စကားဆယ်လုံးလောက် ကျန်ခဲ့ရင် မှတ်မိရင်၊ လူတစ်ထောင်မှာ စကားတစ်သောင်း ကျန်ပါတယ်။ အဲဒီလို စကားတစ်သောင်းလောက် အဓိပ္ပာယ် ကောင်းကောင်း၊ တန်ဖိုးရှိရှိ ကျန်နေခဲ့လို့ရှိရင် ဟံသာဝတီရွာ

အတွက် တန်ကြေးအများကြီး ထွက်ပါတယ်။ အကျိုးအများကြီး ရှိပါတယ်။

စာရေးဆရာများ ပြောပြောလိုက်တဲ့ စကားလုံးထဲမှ လူတစ်ယောက်ကို စကားလုံး ဆယ်လုံးလောက်၊ ဆယ့်ငါးလုံးလောက် မှတ်မိသားမိရှိအောင် လေးလေးနက်နက် နားထောင်ပြီး၊ ဒီပွဲမှာ တန်ဖိုးရှိရှိအရယူကြပါလို့ ဘုန်းကြီးအနေနဲ့ တိုက်တွန်းရင်း နိဂုံးချုပ်လိုက်ပါတယ်။

**ဘဒ္ဒန္တကောဝိဒ**
ဟံသာဝတီဆရာတော်

## စီစဉ်သူ၏ အမှာစကား

"လူငယ်ရဲ့ ဘဝနှင့်တန်ဖိုး"ဆိုသည့် ဒီစာအုပ်လေးကို ဟောပြောပွဲပြီးလို့ တစ်နှစ်အကြာမှာပဲ စာအုပ်ထုတ်ဝေတော့မည်ဟု ဆရာအောင်သင်းထံ ခွင့်ပြုချက်ယူပြီး စီစဉ်ခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် မထုတ်ဝေဖြစ်ခဲ့ပေ။ ခြောက်နှစ်လောက်ကြာသော ၂၀၁၀ခုနှစ်မှာလည်း ဟံသာဝတီရွှာ ပညာလွင်ပြင် စာကြည့်တိုက်ကနေ ထုတ်ဝေဖို့စည်းဝေးတိုင်ပင်ကြသောအခါတွင်လည်း ရံပုံငွေအလုံအလောက် မရှိသေးသည်က တစ်ကြောင်း၊ ထိုစဉ်က စာပေစိစစ်ရေးက ခွင့်မပြုနိုင်သော စကားလုံးတွေ ပါဝင်နေသည်ကတစ်မျိုး၊ ထုတ်ဝေဖြန့်ချိရေး စာပေလမ်းကျယ်ကို အကျွမ်းတဝင်မရှိကြသေးသည်က တစ်သွယ်နှင့် အမျိုးမျိုးအဖုံဖုံအကြောင်းလှတွေ ပေါင်းပြီးပြကြလေတော့ စာကြည့်တိုက်၏ အထူးတာဝန်ရှိသူများက စာအုပ်ထုတ်ဝေဖို့ နောက်ဆုတ် ငြင်းဆန်လိုက်ကြတော့သည်။

အခြားသော စာအုပ်တိုက်များကိုလည်း မပေးချင်ခဲ့။ သည်လိုနဲ့ စာမူသည် မိမိလက်ထဲမှာ တော်တော်လေးကြန့်ကြာစွာ အိပ်စက်အနားယူနေခဲ့လေသည်။

မိမိကလည်း ၂၀၁၂ခုနှစ်၊ နှစ်ဦးပိုင်းမှာပဲ ဟံသာဝတီ

မင်းဓမ္မစာဖတ်အသင်းကို တည်ထောင်ဖွင့်လှစ်ထားပြီး စာဖတ်အသင်း၏ ရံပုံငွေများဖြင့် ကိုယ်တိုင်ရေး စာမူများကို စာအုပ်အဖြစ် ထုတ်ဝေရင်း အခြားသောစာရေးဆရာများ၏ စာအုပ်များကိုလည်း ထုတ်ဝေနိုင်ခဲ့ပေသည်။

ထိုသို့ စာဖတ်အသင်းကနေ စာအုပ်စာစောင်တွေ ထုတ်ဝေနေသောအခါ ကိုယ်တိုင် VCD ထဲကနေ တစ်လုံးချင်းလုံးကောက်လိုက်ရေးမှတ်ထားသည့် ဆရာအောင်သင်း၏ စာမူကို ကိုယ်တိုင်ထုတ်ဝေဖို့ အာသီသဆန္ဒချိုတွေ ပေါက်ဖွားရှင်သန်လာတော့သည်။

ဟံသာဝတီဆရာတော်က "ငါကလည်း အသက်အရွယ်ရလာပြီ။ အောင်သင်းကလည်း ဘဝနေဝင်ချိန်နီးနေပြီ၊ စာပေလောကကလည်း လွတ်လပ်ပွင့်လင်းရာသီရောက်လာပြီ၊ သည်တော့ ငါတို့မျက်ကွယ်မပြုကြသေးခင် အောင်သင်း၏ "လူငယ်ရဲ့ ဘဝနှင့်တန်ဖိုး" စာအုပ်ကို ပြီးစီးတာ မြင်ချင်တယ်" လို့ မိန့်လိုက်သောအခါမှာတော့ ...

အရှုံးအမြတ်ကို ပဓာနမထား သမိုင်းမှတ်တမ်းအနေဖြင့် ထင်ကျန်ရင်ပဲ ကျေနပ်လှပြီလို့ သန္နိဋ္ဌာန်ချပြီး အိပ်စက်အနားယူနေသည့် စာမူကို ရှင်သန်အားကောင်းနေသည့် ဆန္ဒချိုနဲ့ လှုပ်နှိုးကာ ရှိသည့်ခွန်အားနှင့် အစွမ်းကုန် မောင်းတင်ရင်း စာပေစိတ်သက်သက်ဖြင့် မင်းဓမ္မစာဖတ်အသင်းကနေ စီစဉ်ထုတ်ဝေလိုက်ရခြင်း ဖြစ်သည်။

တစ်ဆက်တည်းမှာပင် သည်စာအုပ်နှင့် နှီးနွယ်ဆက်စပ်နေသည့် စာပေဟောပြောပွဲ ဖြစ်ပေါ်လာပုံလေးကိုလည်း အနည်းငယ် တင်ပြချင်သေးသည်။

တကယ်တော့ စာပေဟောပြောပွဲတစ်ပွဲ ဖြစ်မြောက်လာ

ဖို့ဆိုတာ ထင်သလောက် မလွယ်ကူလှပေ။ ပွဲကြီးရင် ကြီးသလောက် ကိုယ်စီတာဝန်ယူကြရတဲ့ အပိုင်းတွေက ခက်ခဲပင်ပန်းမှုတွေ၊ ကြိုးစားရမှုဆိုတာတွေဟာ ကိုယ်တိုင်တွေ့ကြုံခံစားဖူးသူတိုင်း နားလည်နိုင်ကြမည်ထင်သည်။

မြန်မာပြည်ရဲ့ အနောက်ဖျား၊ အိန္ဒိယနှင့်ချင်းတောင်နယ်စပ်၊ မကွေးတိုင်းအဆုံး၊ စစ်ကိုင်းတိုင်းအစ သည်လိုမြို့ပြတွေနဲ့ အလှမ်းကွာဝေးလှတဲ့ ကျေးလက်မှာစာပေဟောပြောပွဲလုပ်ရသည်ဆိုတော့ အခြားမြို့ရွာပွဲတွေထက် မိမိတို့လုပ်ရတဲ့ပွဲကနှစ်ဆလောက် ပို၍ခက်ခဲပင်ပန်းရသည်ဟု ထင်မိသည်။

လမ်းပန်းဆက်သွယ်ရေး ဝေးတာကတစ်ကြောင်း၊ ခွင့်ပြုမိန့်စောင့်ဆိုင်းရတာက တစ်ကြောင်း၊ အတွေ့အကြုံအားနည်းသေးတာက တစ်ကြောင်း စသည်တွေနဲ့ပေါ့။

မိမိတို့ ဂန့်ဂေါမြို့နယ်၊ ဟံသာဝတီရွာသည်ကား ကျေးလက်ဟု ဆိုသော်ငြားလည်း စေတီဘုရားကျောင်းကန်များနှင့် ဆေးရုံ၊ ဆေးခန်း၊ ရဲစခန်း၊ ဘူတာရုံ၊ အ.ထ.က ကျောင်း၊ ဈေး၊ ကဖေးဆိုင်၊ အအေးဆိုင်များ တိုက်တာများနှင့် အိမ်ခြေတစ်ထောင်ကျော်ရှိပေသည်။ ကိုယ့်အားကိုယ်ကိုးလျှပ်စစ်မီးများနှင့် ထိန်လင်းနေသလို မြို့ပြရဲ့ ရနံ့တွေကလည်းအထိုက်အလျောက် သင်းပျံ့နေသောကြောင့် အင်္ဂါတွေစုံနေတဲ့နယ်မြို့လေးတမျှ သက်ဝင်လှုပ်ရှားရှင်သန်နေပေသည်။

သည်လို ရွာနှင့် ရပ်နှင့် အများနှင့် လုပ်ရသည့်ပွဲဆိုသည်ကလည်း တစ်ဦးတစ်ယောက်တည်းရဲ့ ဆန္ဒကိုရှေ့တန်းတင်လို့လည်း မဖြစ်သလို တစ်ယောက်ကြိုက် စာရေးဆရာကိုဖိတ်လို့ကလည်း မဖြစ်၊ အများကြိုက်စာရေးဆရာကို ဖိတ်မှလက်ခံကြပေမည်။

# (တ)

သည်တော့ အများက လက်ခံနိုင်တဲ့ စာရေးဆရာ၊ အောင်မြင်နေတဲ့ စာရေးဆရာ၊ ကလေး လူကြီး လက်ခံနိုင်တဲ့ စာရေးဆရာ၊ ပါတီစွဲမရှိတဲ့ စာရေးဆရာ၊ အရေးလည်းကောင်း အကောင်းလည်းရေးတဲ့ စာရေးဆရာ၊ အကောင်းလည်းပြော အပြောလည်းကောင်းတဲ့ စာရေးဆရာ၊ ပွဲထိန်းနိုင်တဲ့ စာရေးဆရာကို ဖိတ်ခေါ်ဖို့ဆိုတာ သိပ်ကိုသေချာနေပြီ။

စာရေးဆရာကို ရွေးချယ်ဖို့ စည်းဝေးပြီး ဆန္ဒခံယူလိုက်တဲ့အခါ ဆရာအောင်သင်းက မဲအများဆုံး ဖြစ်နေသည်။ အစည်းအဝေး၏ ဆုံးဖြတ်ချက်အရ စာရေးဆရာတွေကို ဖိတ်ခေါ်ဖို့ မိမိကို တာဝန်လွှဲအပ်လိုက်ကြတော့သည်။ မိမိက စာရေးဆရာတွေကို ပင့်ဖိတ်ဖို့ တာဝန်ယူထားရတော့ အချို့က လည်း စာရေးဆရာအောင်သင်းက ဒီလောက်နာမည်ကြီးနေတာ၊ ဒီလောက်ဝေးတဲ့နေရာကို လိုက်ပါ့မလား၊ လာပါ့မလား၊ ရပါ့မလား၊ ရောက်အောင်ခေါ်နိုင်ပါ့မလား၊ ရလာမယ်လို့တော့ မထင်… စသည်ဖြင့် စကားလုံးတွေက အရောင်အမျိုးမျိုး၊ အမြင်အမျိုးမျိုးတွေနဲ့ ထင်မြင်ချက်တွေပေးပြီး ပြောနေကြတော့သည်။

ထင်မည်ဆိုသည်လည်း ထင်သည့်သည်။ မိမိနှင့် ဆရာအောင်သင်း ဇာတ်တိုက်ထားခြင်းမရှိ၊ သိကျွမ်းထားခြင်းလည်းမရှိ၊ ဆုံဖူးခြင်းလည်းမရှိ၊ တွေ့ဖူးမြင်ဖူးတာလောက်ပဲ ရှိသည်။ သည်ကြားထဲ ဆရာအောင်သင်း ကျန်းမာရေးကောင်းသလား၊ အားမအား၊ နယ်ပွဲတွေနဲ့ တိုက်ဆိုင်နေမလား၊ ဟောပြောခွင့်ပိတ်ထားမှုတွေနဲ့ ကြုံနေမလား၊ ပြည်ပခရီးသွားနေမလား စတဲ့ အဓိကကျသည့် အချက်အလက်တွေ အသေအချာအတိအကျ မသိရှိရသေးပေ။

သို့သော် မည်သို့ပင်ဖြစ်စေ ဆရာအောင်သင်းကို ဟံသာဝတီရွာ အရောက်ဖိတ်ခေါ်ဖို့အရေး ယုံကြည်ချက် ပြင်းပြင်းနဲ့ အားသစ်လောင်းကာ ရွာကနေ ခြေလှမ်းစတင်ထွက်ခဲ့တော့သည်။

၂၀–၅–၂၀၀၅ ထိုနေ့မှာ ဂန့်ဂေါမြို့ကို ရထားစီးပြီး ဦးဝင်းဖေကြီးနှင့်အတူ စာပေဟောပြောပွဲခွင့်ပြုချက်သွားယူခဲ့သည်။ ကိစ္စပြီးသောအခါ မန္တလေးကိုတစ်ပါးတည်းတက်ခဲ့သည်။

မန္တလေးမြို့ ၈၄ လမ်း၊ ၂၉ လမ်းထောင့်ရှိ ထွန်းဦး စာပေဖြန့်ချိရေးကို သွားခဲ့သည်။ ဦးထွန်းဦးကို စာပေဟောပြောပွဲအကြောင်း ပြောကြည့်သည့်အခါ "စာပေဟောပြောပွဲ လုပ်တဲ့နေရာမှာ ကိုယ်ကြိုက်တဲ့ စာရေးဆရာတွေချည်း ရွေးပြီး ဖိတ်လို့ရချင်မှရတာ။ တစ်ခါတလေ ရတာတွေလည်း ရှိသလို ငြင်းပယ်လိုက်တာတွေလည်းရှိတယ်။ နယ်ကိုထွက်ပြီး ဟောပြောကြတဲ့နေရာမှာ အတွဲညီမှု မညီမှုဆိုတာတွေလည်းရှိတယ်။ ဥပမာ သူပါနေရင် ဟိုလူက မလိုက်ဘူး၊ သူပါရင် သူနှင့် အတွဲညီတဲ့ နောက်တစ်ယောက်ပါ အလိုလို ဖိတ်ပြီးသားအဆင်ပြေ သွားတတ်တယ်။ မြို့ပေါ်ပွဲတွေမှာ သိပ်ပြီး မသိသာပေမဲ့ အထူးသဖြင့် နယ်ကိုထွက်ပြီးဟောပြောကြတဲ့ ပွဲတွေမှာ သိသာတယ်ဘုရား" ဟု ပြောသည်။ ဟောပြောပွဲဖြစ်လာရင် လုပ်ရမည့် အရာတွေကိုလည်း စာအုပ်စာစောင်တွေနှင့် အလုပ်မအားတဲ့ကြားကပဲ ပြောပြပေးသည်။

ကျေးဇူးလည်းတင်မိသည်။ ဆရာအောင်သင်းကို ဆက်သွယ်ရမည့် လိပ်စာနှင့်ဖုန်းနံပါတ်ပါ ရှာပြီး ကူညီပေးသည်။

ထွန်းဦးစာပေကနေ ဆရာအောင်သင်း၏ စာအုပ်တွေကို ရနိုင်သလောက်ယူခဲ့ပြီး စာတွေကို အနေးဖတ်နည်းနှင့်

ဖတ်သည်။ ဆရာအောင်သင်းစိတ်ရင်းမှန်တွေ၊ စေတနာမှန်တွေ၊ ဆိုလိုရင်းတွေ၊ အားသာချက်၊ အားနည်းချက်တွေ၊ ဖောင်းပေးမှုတွေကို ရှာသည်။ မြင်စေချင်တဲ့ လောက၊ ဖြစ်စေချင်တဲ့ ဆန္ဒတွေကို ပုံတူခံစားကြည့်မိသည်။

အခြားသော စာပေပညာရှင်များ၏ စာပေအမြင်၊ နိုင်ငံရေး အယူအဆနှင့် ခံယူချက်တွေ၊ သမိုင်းအမြင်တွေကိုလည်း ရှာဖတ်သည်။ ဆရာအောင်သင်းနှင့် စကားလက်ဆုံကျသည့်အခါ ပြောစရာစကားတွေ အဆင်သင့်ရှိနေဖို့နဲ့ မိမိရဲ့ စကားလုံးတွေကို ရင်ထဲရောက်သွားပြီး ယုံကြည်စွာလက်ခံစေဖို့ မိမိဘက်က ဟာကွက်မရှိရလေအောင် ကြိုတင်ပြင်ဆင်ထားရခြင်းဖြစ်သည်။ ဒါတွေလည်း မိမိအတွက်တော့ လိုအပ်လှသည်ဟု ယူဆထားသည်။

နောက်ဆုံး ဆရာဝင်းငြိမ်းရဲ့ "စာပေလူကြမ်းမင်းသားအောင်သင်းနှင့် တွေ့ဆုံပေးခြင်း"ဆိုသည့် စာအုပ်ကိုဖတ်ပြီးချိန်မှာတော့ ဆရာအောင်သင်းနှင့် ဖုန်းအဆက်အသွယ်လုပ်ဖို့ ဆုံးဖြတ်လိုက်တော့သည်။ ဆက်သွယ်မည်ဟု ဆုံးဖြတ်ချက်နဲ့ ဖုန်းဆိုင်ကိုသာ လာခဲ့ရသည်။ ခြေလှမ်းတွေက လေးလံနေဆဲ၊ စိတ်ကလည်း အားငယ်စိုးရွံ့မှုတွေနဲ့ တွေဝေနေဆဲပေ။

အခြားသောပွဲနှင့် တိုက်ဆိုင်နေမည်ဆိုရင် ...အဆင်ပြေမည့် ရက်ကို ရွှေ့ဆိုင်းလိုက်ရုံပဲ ရှိသည်။ သည်လိုမဟုတ်ပါပဲ နယ်ဝေးလို့ ကျန်းမာရေးမကောင်းလို့ စတဲ့ အကြောင်းပြချက်တွေနဲ့ ငြင်းပယ်လိုက်မည်ဆိုပါရင် ပြည်တော်ဝင် မလှမပဖြစ်တော့မည်။ ပွဲပျက်မည့်အခြေအနေထိ ဆိုက်သွားနိုင်သည်။

အားသန်နေကြသည်က ဆရာအောင်သင်းမှ ဆရာအောင်သင်း၊ နောက်တစ်ယောက် အစားထိုးရမည်ဆိုပါက

လည်း ဆန္ဒယူထားမှုတွေ စီစဉ်ထားမှုတွေနဲ့ ထင်သလောက် မလွယ်ကူနိုင်။

သည်တော့ ငြင်းပယ်ခဲ့မည်ဆိုရင် ရန်ကုန်ကို ဆင်းပြီး လူချင်းတွေ့ကာ အကြောင်းစုံရှင်းပြပြီး ဖိတ်ခေါ်မည်ဟု စိတ်အားတင်းပြီး ဆက်လိုက်တော့သည်။

"ဟယ်လို ဆရာအောင်သင်းလား"

"ဟုတ်ပါတယ်၊ ကျွန်တော် အောင်သင်းပါ"

ကံကောင်းချင်တော့ လူကြီးမင်းနဲ့မတွေ့၊ ဇရိယာပြင်ပ မရောက်၊ ထိုထက်ကံကောင်းခြင်းက ဆရာအောင်သင်းနှင့် တိုက်ရိုက်စကားပြောလိုက်ရခြင်း ဖြစ်သည်။

"ဒါနဲ့ အခုဆက်တာ ဘယ်သူပါလဲခင်ဗျား"

သည်စကား ဝါကျက မေးရမည့်ထုံးစံ၊ မိမိအမည် သူ့ဟန်းဆက်ထဲမှာမရှိ၊ တစ်ကောမှ ဝင်ထားခြင်းမရှိတဲ့ အများသုံး လမ်းဘေးဖုန်းနဲ့ ဆက်ရသည်။ ထိုအချိန်က သိန်းလေးဆယ်ဝန်းကျင် အနည်းဆုံး နှစ်ဆယ်ကျော်ရှိမှ ဖုန်းကိုင်နိုင်သည့် ခေတ်။

မိမိအနေနဲ့ ဝယ်နိုင်ဖို့ဝေးစွ၊ စိတ်ကူးပင်မယဉ်ရဲ၊ သည်တော့ အများသုံးနှင့် ဆက်ရခြင်းဖြစ်သည်။

"အခုဆက်နေတာ မန္တလေးက ဦးဇင်းပါ"

"ပြောပါဘုရား၊ ဘာကိစ္စလဲ၊ ဘာကူညီပေးရမလဲ"

ဘာကိစ္စလဲဆိုသည်က မဆန်းပေမဲ့ ဘာကူညီပေးရမလဲဆိုသည်က ဆန်းနေသည်။ အယူစကားနဲ့ မဝင်၊ ပေးဆပ်ခြင်းနဲ့ ကြိုဆိုလိုက်သည်။

ရဟန်းတစ်ပါးအနေနဲ့ သူ့ဆီကိုအကြောင်းထူးကိစ္စ မရှိဘဲ မဆက်။ ဆက်တော့လည်း အိမ်ဖုန်းမဟုတ်၊ လက်ကိုင်

ဖုန်းကို ဆက်တာဆိုတော့ အကြောင်းထူးပြီး ကိစ္စကြီးသည်ဟု ဆရာအောင်သင်းစိတ်ထဲက ယူဆထားလိုက်ဟန်တူသည်။ မိမိကလည်း အလှူခံဖို့ဆက်သည်ဟု ထင်သွားမည် စိုးကြောက်သောကြောင့် လိုရင်းကိစ္စကို အရောင်မဆိုးဘဲ ပွင့်လင်းမြန်ဆန်စွာ ပြောလိုက်တော့သည်။

စာကြည့်တိုက်သုံးနှစ်ပြည့် အထိမ်းအမှတ် စာပေဟောပြောပွဲမှာ ဆရာအောင်သင်းကို အမိက ဦးစားပေးဖိတ်လိုတဲ့အကြောင်း၊ လူငယ်တွေ ဦးဆောင်ပြီး လုပ်တဲ့အကြောင်း၊ ပထမဆုံးပွဲဖြစ်ကြောင်း၊ ရန်ကုန်ကနေကလေးမြို့ကို လေယာဉ်စီးပြီး ကလေးမြို့ကနေ ကားစီးရမည်ဖြစ်ကြောင်း၊ ခရီးစဉ်တစ်လျှောက်လုံး အသွားအပြန်ကြိုပို့ လုပ်ပေးမည်ဆိုသည့်အကြောင်း ဘယ်နေ့မှာ ဟောပြောပွဲလုပ်ချင်သည်ဆိုသည့်အကြောင်းတွေကို မိမိဘက်က ပြောပြီးချိန်မှာတော့ ...

"ရပါတယ် ဘုရား၊ လိုက်နိုင်အောင် အစွမ်းကုန်ကြိုးစားပါ့မယ်၊ သေချာပြီလို့သာ သဘောထားလိုက်ပါ ဘုရား"

"ကျေးဇူးပါပဲဗျာ" ဟုပြောပြီး ဖုန်းချလိုက်သည်။ ရင်ထဲမှာ ဆိုနင့်နေတဲ့ အလုံးကြီးတွေ တစ်ဝက်ကျသွားသလို ရင်ခွင်တစ်ခုလုံးပေါ့သွားသည်ဟု ခံစားလိုက်ရသည်။

ဖုန်းဆက်လို့အပြီး ရွှေမန္တလေး ဂျာနယ်မှာ တာဝန်ခံအယ်ဒီတာ လုပ်နေသည့် စာရေးဆရာ ကဗျာဆရာ ကိုနေမျိုးကို ဖိတ်ခေါ်ဖို့ ဂျာနယ်တိုက်ကို သွားခဲ့သည်။ ကိုနေမျိုးနှင့်မတွေ့။ ဆရာသိုက်ထွန်းသက်နှင့်တွေ့၍ လိပ်စာယူပြီး ကိုနေမျိုး အိမ်သို့သွားသည်။

အိမ်ကိုရောက်တော့ စာပေဟောပြောပွဲအတွက် ဖိတ်ခေါ်ဖို့လာတဲ့အကြောင်း ဆရာအောင်သင်းပါ ပါမည့်အကြောင်း၊

ဟောပြောပွဲလုပ်ဖြစ်ပုံအကြောင်းနှင့် ရွာအကြောင်းကိုပါ ပြောတော့ ...

"ရပါတယ်ဘုရား၊ တပည့်တော်လိုက်နိုင်ပါတယ်"

"ဒါဆို ကိုနေမျိုးနှင့်အတွဲညီမည့် နောက်တစ်ယောက်ကို ခေါ်ချင်သေးတယ်ဗျာ" ဆိုတော့ အနည်းငယ်စဉ်းစားရင်း

"ဆရာနေဝင်းမြင့်နဲ့ ဆရာဆုံးငှက်တို့က နယ်ကို ဟောပြောပွဲ ထွက်သွားတယ်၊ ဆရာကံချွန်ကလည်း ကျန်းမာရေးမကောင်းဘူး၊ တပည့်တော် ဆရာပိုင်ကြီးကိုခေါ်မယ်ဘုရား၊ ရမလား"

"ဆရာပိုင်စိုးဝေကို ပြောတာလား"

"မှန်ပါ့ဘုရား"

"ကိုနေမျိုးသဘောဗျာ ... အားလုံးအဆင်ပြေပြီလို့ သဘောထားလိုက်တော့မယ်"

စာပေဟောပြောပွဲဖြစ်မြောက်ရေးကော်မတီများနှင့် ဥက္ကဋ္ဌ ဦးသာလူထံ ဆရာအောင်သင်း ဟံသာဝတီရွာကိုလာပြီး ဟောပြောမည့်အကြောင်း၊ မန္တလေးက စာရေးဆရာ ဆရာပိုင်စိုးဝေနှင့် ကိုနေမျိုးပါ ပါလာမည့်အကြောင်း ဖုန်းဆက်အကြောင်းကြားလိုက်ပါသည်။

ရွာမှာလည်း စတိတ်ခုံဆောက်ရ၊ စာတွေရေးရ၊ ဗီဒီယိုနှင့် ဓာတ်ပုံရိုက်ကူးရေးငှားရ တင်ထားတဲ့ ဟောပြောပွဲခွင့်ပြုချက်ကို စောင့်ရနဲ့ အလုပ်တွေ ရှုပ်နေကြသည်ဟုကြားရသည်။ ဆရာအောင်သင်း ရွာကိုတကယ်လာပြီး ဟောပြောတော့မှာဆိုတော့ ရွာကလူတွေ ပျော်ရွှင်နေကြသည်ဟုလည်း ကြားသိရသည်။

၂၆-၅-၂၀၀၅၊ ထိုနေ့ မန္တလေးကနေ ညနေ (၃)နာရီ

(၅)

အမြန်ရထားနဲ့ ရန်ကုန်ကို ဆရာအောင်သင်း အကြိုသွားသည်။ ဘူတာကြီးကို နံနက်ရောက်တော့ တရုတ်ဦးဇင်းလေး သူငယ်ချင်း ဦးသုန္ဒရ လာကြိုသည်။ သူနှင့်အတူ ဆရာအောင်သင်း အိမ်ကို တက္ကစီကားနဲ့ သွားကြသည်။ အိမ်ကိုရောက်တော့ ဆရာအောင်သင်းနဲ့ စကားအနည်းငယ်ပြောပြီး လိုအပ်မည့် စာရွက်စာတမ်းများယူပြီး ၂၉-၅-၂၀၀၅နေ့ ကလေးမြို့ကို သွားမည့် လေယာဉ်လက်မှတ် ဖြတ်လိုက်သည်။

ဆရာပိုင်စိုးဝေနှင့် ကိုနေမျိုးတို့ကို မန္တလေးကနေ ကလေးမြို့ကို လိုင်းကားနဲ့ ခေါ်ရမည် ဖြစ်သောကြောင့် သူငယ်ချင်း ဦးသုန္ဒရကို ဆရာအောင်သင်းနှင့်အတူ ရန်ကုန်မှာထားခဲ့ကာ "ရွာမှာပဲ ဆုံကြတာပေါ့" ဟုပြောပြီး မန္တလေးကို ရထားနှင့် ပြန်ခဲ့သည်။

ဆရာပိုင်စိုးဝေနှင့် ကိုနေမျိုးတို့ကို ခေါ်ပြီး ညနေလေးနာရီ ကားနှင့် ကလေးမြို့ကို မဟာမြိုင်လမ်းအတိုင်း ခရီးနှင်ခဲ့ကြတော့သည်။ မြစ်သာမြစ်ကူး ကြိုးတံတားထိပ်ရောက်တော့ စာရေးဆရာကို ဆူး(ချင်းတောင်ခြေ)နှင့် လေးဖြူအငဲ မျိုးကြီးတို့ကို သီချင်းတွေ ရေးပေးနေသည့် တေးရေးဆရာ နိုင်းနိုင်တို့ လာကြိုကြသည်။ ကလေးမြို့ နယ်ခံစာရေးဆရာများဖြစ်ကြသည့် မြဆင့်ချယ်၊ သန့်စင်ဝင်း(ကလေး)၊ ချိုတကူး(ကလေး)၊ သမုတိသစ္စာတို့ကလည်း မြစည်တော်ကျောင်းမှာ ခေတ္တစည့်ခံကြသည်။

စာပေဟောပြောပွဲဖြစ်မြောက်ရေး ကော်မတီဝင်များကလည်း ဆိုင်ကယ်သုံးစီးနှင့် အသင့်စောင့်ဆိုင်းလို့နေလေပြီ။ သည်တော့ ကလေးမြို့နှင့် ဟံသာဝတီ (၄၅)မိုင် ကွာဝေးသည့်ခရီးကို ဆိုင်ကယ်စီးပြီး စာရေးဆရာများနှင့်အတူ ပြည်

တော်ဝင်ခဲ့သည်။

ဆရာအောင်သင်းနှင့် သူငယ်ချင်း ဦးသုန္ဒရတို့ ရွာကို နံနက်ကပင် ကြိုတင်ရောက်ရှိနေကြပေသည်။ လေယာဉ်စီး လာခဲ့ကြသည်ဆိုတော့ အဆင်ပြေကြသည်။ ရွာသူရွာသား များကလည်း ဧည့်ခံနေကြသည်။ စာရေးဆရာများအတွက် တည်းခိုစရာ အိမ်သီးသန့်မထားတော့ဘဲ ဘုန်းတော်ကြီးကျောင်း မှာပဲ စီစဉ်ထားကြသည်။ ဆရာပိုင်စိုးဝေ၊ ကိုနေမျိုးနှင့် မိမိ တို့က နေ့ခင်း (၃)နာရီမှာ ရွာကိုရောက်ကြသည်။ ရွာသား များကလည်း ပျော်ရွှင်သော မျက်နှာ ဖော်ရွေသော အပြုံးများ နဲ့ ကြိုဆိုနေကြသည်။ စာရေးဆရာများကို နေရာအသီးသီး ချထားပြီးသောအခါ ဆရာပိုင်စိုးဝေနှင့် ကိုနေမျိုးတို့က ဆရာတော်ကို ဖူးမျှော်ကန်တော့ကြသည်။ ထို့နောက် ဆရာ အောင်သင်းနှင့်တွေ့ပြီး စကားတွေ ပြောကြသည်။ ဟောပြော ရမည့် ရက်က ၂၀၀၅၊ မေ (၃၀)ရက်နေ့မှဆိုတော့ ယနေ့ (၂၉)ရက် နေ့ည တစ်ညလုံး ကောင်းကောင်း အနားယူကြ သည်။

မေ (၃၀) ဟံသာဝတီမှာ စာရေးဆရာများ စာပေ ဟောပြောကြမည်ဆိုသောအခါ ကြော်ငြာအားကောင်းမှုကြောင့် စာပေမြတ်နိုးသူများနှင့် နိုင်ငံရေးစိတ်ဝင်စားသူများကလည်း အထူးပဲ အံ့သြနေကြတော့သည်။ အချို့ကလည်း စာရေးဆရာ များ ရောက်ရှိလာပြီးမှ ဟောပြောပွဲ မကျင်းပဖြစ်မှာကိုလည်း စိုးရိမ်နေကြသည်။ ဥက္ကဋ္ဌဦးသာလူကလည်း ခေါင်းနည်းနည်း ကြီးနေသည်။

တိုက်ဆိုင်ချင်တော့ ဒီပဲယင်း အရေးအခင်း (၂)နှစ် ပြည့်တဲ့နေ့နဲ့ လုံးဝကို တည့်တည့်ကြီးတိုက်ဆိုင်နေပေသည်။

(ဘ)

ဒီပဲယင်း အရေးအခင်းက ၂၀၀၃ခုနှစ်၊ မေ (၃၀)ရက်က ဒီပဲယင်းမြို့နယ်၊ ကြည်ရွာမှာ ည (၇)နာရီက စတင်ပြီး အခင်းဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ဒေါ်အောင်ဆန်းစုကြည်နှင့် ဦးတင်ဦးတို့ အဖမ်းခံရသောနေ့၊ တာဝန်ရှိသူများ အာဏာရှင်များ အထူးအလေးထား စောင့်ကြည့်နေကြသောနေ့လေ။

ဒီနေ့နှင့် ကောင်းကောင်းကြီး တိုက်ဆိုက်နေပေသည်။ မိမိကတော့ အများအတွက် ရွာအတွက် အသိပညာအလင်းဖွင့်ပေးတာဆိုတော့ ဖမ်းရင်လည်းခံမည်၊ မည်သို့ပင်ဖြစ်စေ နောက်ကို မဆုတ်တော့ပြီဟု ဆုံးဖြတ်ထားလိုက်သည်။ တိုက်ဆိုင်ပါစေဆိုသည့် ရည်ရွယ်ချက်နှင့် ဆန္ဒတွေ မရှိရိုးအမှန်၊ တမင်သက်သက် ကြိုတင်ကြံစည် ရွေးချယ်ထားခြင်းလည်းမဟုတ်၊ စာရေးဆရာများနှင့် ရပ်ရွာကလူတွေ အလုပ်ပါးတဲ့ရက်၊ အလျဉ်းသင့်တဲ့ရက်ကို ရွေးပြီး ကျင်းပရခြင်းဖြစ်သည်။ တိုက်ဆိုင်နေသည်ဆိုသည်ကလည်း အနီးကပ်မှ သိရခြင်းဖြစ်သည်။ ခွင့်ပြုမိန့်က ပွဲစခါနီးမှ ကပ်ပြီးရရှိလာလို့ တော်သေးသည်။

သည်လိုနဲ့ ၂၀၀၅ခုနှစ်၊ မေ (၃၀)ရက် ညသို့ရောက်ရှိလာခဲ့ပေသည်။ ဝေးနီးရပ်ရွာက စာပေမြတ်နိုးသူများကလည်း လာနေကြပြီ။

ရွာက စာပေချစ်သူများကလည်း စာပေဟောပြောပွဲကျင်းပရာ ရွာလယ်ဆေးရုံဝင်းကြီးအတွင်းမှာ အသင့်နေရာယူနေကြတော့သည်။ ခန့်မှန်းခြေ လူဦးရေ တစ်ထောင်ကျော်ရှိပေမည်။ ထိုနေ့ည စာပေဟောပြောပွဲတွင် ကိုနေမျိုးက "မွေ့လျော်အပ်သောစာပေ၊ မွေ့လျော်အပ်သော အသိပညာ" ခေါင်းစဉ်ဖြင့် ဟောပြောပေးသလို ဆရာပိုင်စိုးဝေကလည်း "ဘဝနှင့်ကဗျာ" ခေါင်းစဉ်ဖြင့် ဟောပြောပေးသည်။ နောက်ဆုံး

ဆရာအောင်သင်းက "လူငယ်ရဲ့ဘဝနှင့်တန်ဖိုး"ခေါင်းစဉ်ဖြင့် ဟောပြောပေးသည်။

ဤသို့ဖြင့် ဂန့်ဂေါမြို့နယ်၊ ဟံသာဝတီရွာ၊ ပညာလွင်ပြင် စာကြည့်တိုက် (၃)နှစ်ပြည့် အထိမ်းအမှတ်စာပေဟောပြောပွဲသည်ကား အောင်မြင်စွာ ပြီးစီးအောင် ကျင်းပနိုင်ခဲ့တော့သည်။ ဟောပြောပွဲပြီးတော့ ဆရာအောင်သင်းက မိမိကို စကားအနည်းငယ်ဆိုလာသည်။

"ပရိသတ်က တော်တော်များများဆိုတော့ ဟောပြောရတာ အားရကျေနပ်ပါတယ်။ ဒီခေါင်းစဉ်နဲ့ အပြည့်အစုံ ဟောတာ ဒီမှာပဲပထမဆုံးပဲ ဘုရား၊ အသက်အရွယ်ကလည်း ရလာပြီဆိုတော့ ဒီနယ်ကို နောက်တစ်ခေါက် လိုက်နိုင်ဖို့ဆိုတာ မလွယ်တော့ဘူးဘုရား" ဟု ဟောပြောမှု ပြည့်စုံကျေနပ်သည် ဆိုသောအခါ မိမိက–

"ဗီဒီယိုနဲ့မှတ်တမ်းတင်ထားသလို တိတ်နဲ့လည်းအသံဖမ်းထားပါတယ်။ စာအုပ်ဖြစ်အောင် ကြိုးစားဆောင်ရွက်သွားဖို့ ရည်ရွယ်ချက်ရှိပါတယ်" ဟု ပြောလိုက်သည်။

"စာအုပ်အဖြစ် ထွက်ပေါ်လာနိုင်ရင်တော့ ပိုကောင်းတာပေါ့။ တပည့်တော် ဝမ်းသာပါတယ်။ ခွင့်ပြုပါတယ်"ဟု ပြောသည်။

ဤသို့ဖြင့် ဤစာအုပ်ကို စီစဉ်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

စာအုပ် အကြမ်းထည်ကိစ္စပြီးသောအခါ ထုတ်ဝေတော့မည်ဖြစ်၍ အမှာစာရေးပေးရန် ဆရာအောင်သင်း အိမ်သို့သွားခဲ့ပါသည်။ တိုက်တိုက်ဆိုင်ဆိုင်ပင် ထိုနေ့၌ ဆရာအောင်သင်းမှာ မကျန်းမာသဖြင့် ရွှေဗဟိုဆေးရုံတွင် တက်ရောက်၍

ဆေးကုသမှုခံယူရသောကြောင့် မတွေ့လိုက်ရပါ။ ဆရာအောင်သင်း ကျန်းကျန်းမာမာနှင့် ဆေးရုံက အမြန်ဆင်းနိုင်ပါစေလို့သာ ဆုတောင်းပေးခဲ့ရပါသည်။

၁၈–၉–၂၀၁၄ ရက်နေ့ ဆရာအောင်သင်း ဆေးရုံက ဆင်းလာတော့မှ ဆရာ့အိမ်သို့ သွားခဲ့ပြန်ပါသည်။ ဆရာအောင်သင်းသည် အမြင်အာရုံနဲ့ မှတ်ဉာဏ်တွေကောင်းနေပေမဲ့ ဇရာနှစ်ဆိုတဲ့ ဇရာရဲ့ဒဏ်ချက်တွေကြောင့် အကြားအာရုံတွေ သိပ်မကောင်းတော့ပေ။ မိမိက လေသံတင်ပြီးပြောမှသာ ကြားတော့သည်။ အသံတွေကတော့ မာနေဆဲပင်။

ယောနယ်က ဟံသာဝတီရွာ စာပေဟောပြောပွဲအကြောင်း စကားအစဖော်ပေးလိုက်သောအခါ မဆုံးနိုင်အောင်ပင် ပြောနေတော့သည်။ မိမိက မောနေမည်စိုး၍ စကားလမ်းကြောင်းဖြတ်ပြီး ဟောပြောပွဲ စာအုပ်ထုတ်ဝေမည်ဖြစ်သဖြင့် ခွင့်ပြုပေးနိုင်ရန်နှင့် အမှာစာပါ ပေးနိုင်ရန် မေတ္တာရပ်ခံခဲ့ပါသည်။ ဆရာအောင်သင်းက "စာအုပ်ထုတ်ဖို့ကတော့ ခွင့်မပြုနိုင်စရာ အကြောင်းမရှိပါဘူးဘုရား၊ တပည့်တော်က ကျေးဇူးလည်းတင်၊ ဝမ်းလည်း မြောက်ပါတယ်၊ ဝမ်းမြောက်တယ်ဆိုတာကလည်း သာမာန်ဝမ်းမြောက်တာမျိုးမဟုတ်ပါဘူး ဘုရား" ဟုဆိုကာ စာအုပ်အမှာအတွက် နှုတ်ဖြင့်ပြောဆိုပေးသည်ကို မှတ်တမ်းတင်လိုက်နိုင်ပါသည်။

စာအုပ်ထုတ်ဝေရာတွင်လည်း "မလိုသည်ကို ဖျက်၊ လိုသည်ကိုစွက်၍ သင့်တော်မည်ထင်သလို စီစဉ်ပါ" ဟု ခွင့်ပြုထားသော်လည်း ဆရာအောင်သင်းရဲ့ မူအတိုင်း ရိုးရှင်းလေး ဟောပြောထားခြင်းက ပိုပြီးတော့ စာဖတ်သူတွေကို အနှစ်သာရရှိရှိနဲ့ ဆွဲဆောင်မှုရှိနေသောကြောင့် သဘာဝအလှ

တရားပေါ်မှာ ထပ်ဆင့်ခြယ်သ စရာလိုအပ်မည်မဟုတ်၍ ဘာတစ်ခုမှ အပိုမစွက်ခဲ့သလို ထုတ်ပယ်ဖြတ်တောက်ထားခဲ့ခြင်းလည်း မရှိပေ။

စာဖတ်သူများကို စီစဉ်သူအနေနဲ့ အကြံပြုလိုသည်က သည်စာအုပ်လေးကို ဖတ်သည့်အခါ ဖတ်နေကျ စာအုပ်လေးအတိုင်း သဘောမထားဘဲ ဆရာအောင်သင်း ဟောပြောပွဲမှာ လူငယ်များသို့ လမ်းပြအဆုံးအမပေးနေတာလေးကို အာရုံပြုပြီး ဟောပြောပွဲတစ်ပွဲအနေနဲ့ ခံစားဖတ်ရှုစေချင်သည်။ သည်လိုဆိုရင် စာအုပ်၏ အရသာကိုပိုပြီးတွေ့ရှိရပေလိမ့်မည်။ အရသာကနေ တစ်ဆင့်တက်ပြီး အသိဉာဏ်သစ်တွေဝင်လာကာ စာကို လက်တွေ့အသုံးချသွားနိုင်ပါလိမ့်မည်။ စာဆိုသည်မှာ ဖတ်ရုံနဲ့ပင် ရပ်ထားရသည်မဟုတ်။ စာထဲကနေ တစ်ဆင့် နည်းနည်းဖြစ်ဖြစ် များများဖြစ်ဖြစ် ဘဝမှာ လက်တွေ့ အသုံးချရပေမည်။ သို့မှသာ ပို၍ စာဖတ်ရကျိုးနပ်မည် ဖြစ်ပါသည်။

ဤစာအုပ်ဖြစ်မြောက်ရေးတွင် စာမူကို ထုတ်ဝေခွင့်ပေးခဲ့ပါသော ဆရာအောင်သင်း၊ ကျန်းမာရေးမကောင်းသည့်ကြားက အမှာစာရေးသားချီးမြှင့်ပေးခဲ့ပါသော ဆရာချစ်ဦးညို၊ မင်းဓမ္မစာဖတ်အသင်း ဝိုင်းတော်သားများ၊ စေတနာအပြည့်ဖြင့် ကူညီပေးခဲ့ကြသော ဟံသာဝတီ စာပေဟောပြောပွဲဖြစ်မြောက်ရေးကော်မတီများနှင့် ရွာသူရွာသားများ၊ အယ်လုံး ကွန်ပျူတာ၊ စာအုပ်အပြင်အဆင် အယ်ကျော်မြတ်ခိုင်(အင်းလေး)၊ ဂရပ်ဖစ်ဒီဇိုင်း လင်းအောင်ပြည့်(သဟဇာတလက်)၊ စွယ်တော်ပုံနှိပ်တိုက်၊ ဖြန့်ချိပေးသော မျိုးဆက်သစ်စာပေနှင့် အထူးသဖြင့် ဆရာအောင်သင်း၏ **“လူငယ်ရဲ့ ဘဝနှင့်တန်ဖိုး”** စာအုပ်ရဲ့

စာဖတ်ပရိတ်သတ်များကို ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်ပါသည်။ ဤစာအုပ်ကို ဖတ်ရှုလေ့လာကျင့်သုံး ကာဖြင့် ဘဝမှာ တန်ဖိုးရှိသော အောင်မြင်မှုပန်းတိုင်ကို တက်လှမ်းနိုင်ကြပါစေလို့ ဆန္ဒပြုရင်း အမှာစကားကို အနားသတ်လိုက်ပါသည်။

အားလုံးကျေးဇူးတင်ပါသည်။

**အရှင်ရေဝတ(ယောမြေ)**
၁၂-၃-၂၀၁၅
ဖုန်း - ၀၉ ၄၂၅၀၂၇၅၃၃

ᨓ ᨓ ᨓ ᨓ ᨓ

## ခွင့်လွှတ်သော မျက်စိနဲ့ကြည့်ကြပါ

ဆရာတော်ဘုရားနှင့်တကွ ကျန်တဲ့လူကြီးသူကြီး အားလုံးကို ကန်တော့ပါတယ်။ တောင်းပန်ပါတယ်။

ဘာကြောင့်လဲဆိုတော့ ကျွန်တော်က ပြောရင်းဆိုရင်းကနေ ကလေးတွေကို အာရုံစိုက်မိတဲ့အခါ တစ်ချက် တစ်ချက်မှာ မင်းနဲ့ငါနဲ့ ပြောမိပါလိမ့်မယ်။

အဲဒီလို ပြောမိလို့ရှိရင်လည်း ဪ... အောင်သင်းဟာ ငါတို့ကို ပြောတာမဟုတ်ဘူး၊ တို့သား တို့သမီးတွေကို ပြောနေတာပါလားဆိုပြီး... ဘေးကရပ်ကြည့်ပြီး နားထောင်လေ့လာသူအနေနဲ့ အင်္ဂလိပ်လိုတော့... Obsesver လို့ခေါ်တယ်၊ ငါတို့သားသမီးတွေကို အောင်သင်း ပြောနေတာပါလားဆိုတဲ့ သဘောမျိုးနဲ့ ခွင့်လွှတ်တဲ့ မျက်စိနဲ့ကြည့်ကြပါ၊ ခွင့်လွှတ်တဲ့ နားနဲ့ နားထောင်ကြပါလို့ လူကြီးတွေကို ကျွန်တော် ကြိုတင် တောင်းပန်ချင်ပါတယ်။

## ဘဝရဲ့အဓိပ္ပာယ်

အခုပြောချင်တာက **လူငယ်ရဲ့ ဘဝနှင့်တန်ဖိုး** ဆိုတာ ပြောမယ်လို့ ကျွန်တော် ခေါင်းစဉ်ပေးထားပါတယ်။

ကောင်းပြီ၊ တို့ စဉ်းစဉ်းစားစား ပြောကြရအောင်။ ရယ်စရာ မောစရာတွေလည်း ပါချင်ပါမယ်။ အောင်သင်း ပြောလို့ရှိရင် ရယ်စရာ ပြောတတ်တယ်။ ဒါပေမဲ့ ရယ်စရာရဲ့ နောက်က မောစရာ ပါလေ့ရှိတတ်တယ်။ အဲဒါကိုတော့ သတိထားဖို့လိုမယ်။

တို့ ပထမဆုံးစဉ်းစားတာက ဘဝဆိုတာ ဘာလဲ။ စဉ်းစားနော် ဘဝဆိုတာ ဘာလဲ။

"ဘဝ"ဆိုတာ ပါဠိလိုတော့ "ဘဝတိ–ဖြစ်ခြင်း" ဆိုတာ တော့ရှိတာပေါ့။ ပါဠိလို ဘဝတိ– ဖြစ်ခြင်း။ ဟုတ်ပါတယ်၊ ရှိပါတယ်။ ဒါပေမဲ့ မင်းတို့ ဘဝဆိုတာ ဘာလဲ ပြောစမ်း လို့မေးရင် ပြန်ပြန်ဖြေတဲ့ဥစ္စာ တော်တော်အံ့အားသင့်တယ်။

နှစ်နေရာ သုံးနေရာရှိပြီ၊ ဘဝဆိုတာဘာလဲလို့ မေး လိုက်လို့ရှိရင် ဘဝဆိုတာ တိုက်ပွဲတဲ့။ နောက်တစ်ခုက ဘဝ ဆိုတာ ရုန်းကန်မှုတဲ့။ ဟ… မင်းတို့ အဲဒါ ဘဝမဟုတ်ဘူးကွ။ ကဗျာဆန်တဲ့ အဖြေတွေ အလင်္ကာသဘော ပြောတာ။ ဘဝ ဆိုတာ တိုက်ပွဲ ဘာညာဆိုတာ အဲဒါတွေ ဖြတ်ပစ်။ ဘဝ ဆိုတာ ပြတ်ပြတ်သားသား တစ်ခုခုကို စဉ်းစားလို့ ရှိရင် ကဗျာဆန်ဆန် စဉ်းစားလို့မရဘူး။ အတိအကျ စဉ်းစားရ တယ်။

ဘဝဆိုတာ ရှင်းရှင်းလေးရယ်။ မွေးခြင်းနှင့် သေခြင်းရဲ့ ကြားကာလကို ဘဝခေါ်တာဗျ၊ ဟုတ်ဘူးလား။ မွေးခြင်းနှင့် သေခြင်းရဲ့ ကြားကာလ။ မွေးကတည်းက အသေလေးမွေး လာလို့ရှိရင် ဘဝမရှိတော့ဘူး။ အူဝဲဆို ခေါက်ခနဲဆို သေရော ပေါ့၊ မရှိတော့ဘူး။ မွေးခြင်းနဲ့သေခြင်းရဲ့ ကြားကာလကို ဘဝခေါ်တာ။

ဥပမာ ဆိုပါတော့ မင်းအသက် ဘယ်လောက်ရှိပြီလဲ၊ ဆိုပါတော့ ၁၆ နှစ်၊ ၁၈ နှစ်ပေါ့၊ ငါ့အသက်က ၇၈ နှစ်။ အဲဒီ ၇၈ ဆိုတာ ဘဝ ခေါ်တာ။

## အချိန်ကို ဘယ်လိုအသုံးချသလဲ

အဲဒီတော့ ဘဝဆိုတာ ဘာနဲ့ ဖွဲ့စည်းထားလဲဆိုတော့ အချိန်နဲ့ ဖွဲ့စည်းထားတာ။

၇၈ နှစ် ဆိုတာ အချိန် မဟုတ်ဘူးလား။ အခု သမီး အသက် ၁၆ နှစ်ဆိုပါတော့။ အဲဒီ ၁၆ နှစ် ဆိုတာ အချိန် မဟုတ်ဘူးလား။ ဒါကြောင့် ပြောတာ၊ ဘဝကို မြတ်နိုးလို့ ရှိရင် အချိန်ကို မြတ်နိုးရတယ်။ ဘဝကို တန်ဖိုးထားရင် အချိန်ကို တန်ဖိုးထားရတယ်။ အချိန်ကို တန်ဖိုးမထားတဲ့ သူဟာ ဘဝကို တန်ဖိုးမထားတဲ့သူပဲ။ ကိုယ့်အချိန်ကို ကိုယ် တန်ဖိုးထားရတယ်။

ဒါကြောင့် ကောင်မလေးတွေ ဘာလေးတွေ ပြောရ တယ်။ နင်တို့ လင်ယူလို့ရှိရင်…

ကိုယ့်ရည်းစားစာပေးတဲ့ ဥစ္စာကတော့ ပေးမှာပေါ့လို့ ဟုတ်လား။ ရည်းစားစာတွေကတော့ ရေးမှာပေါ့၊ ပေးမှာပေါ့။ ညီမလေးကို ချစ်ပါတယ်၊ ခင်ပါတယ်၊ မြတ်နိုးပါတယ်ပေါ့၊ ဇီးဖြူဖန်ခါးလို ပါးစပ်ထဲထည့်ငုံထားချင်တာ။ သေး ပေါက်ချ မှာ စိုးလို့ပါပေါ့။ (ရယ်သံများ)

ဒါတွေဘာတွေကတော့ ပြောမှာပေါ့လို့ သူတို့ပြောတဲ့ အတိုင်း ယုံနေလို့ ဟုတ်တာမှ မဟုတ်ဘဲနဲ့။ ကိုယ်အိမ်ထောင် ပြုဖို့ သင့်တယ် မသင့်ဘူးလို့ သိချင်လို့ရှိရင် အဲဒီကောင်လေး ဟာ သူ့အချိန်ကို ဘယ်လို သုံးသလဲဆိုတာ ကြည့်ရတယ်။

သူ့အားလပ်ချိန်မှာ ဘိလိယက်သွားထိုးနေလား၊ ဇယ်တောက်နေလား၊ အရက်ဆိုင် ရောက်နေသလား။

အခု ဥစ္စာကလည်း မြို့တစ်မြို့မှာ ဖြစ်စေ၊ ကျေးရွာတစ်ရွာမှာဖြစ်စေ၊ စာကြည့်တိုက်သာ မရှိနေရမယ်၊ အရက်ဆိုင်က လေးငါးဆိုင်လောက် ရှိတယ်။ တိုင်းပြည် တစ်ပြည်လုံးဟာ သောက်သောက်လဲဆိုတာ အဲဒါပြောတာ။ သောက်သောက်ပြီး လဲနေကြတာ။ (ရယ်သံများနှင့် လက်ခုပ်သံများ)

အဲဒီလို ဖြစ်နေတာလို့ မင်းတို့၊ အဲဒီတော့ ကြည့်ပြီဆိုလို့ရှိရင် ကောင်လေးတစ်ယောက်ကို အိမ်ထောင်ပြုခြင်းဟာ သင့်မသင့် ကြည့်ချင်လို့ရှိရင် သူရဲ့အချိန်ကို ဘယ်လိုသုံးလဲဆိုတာ ကြည့်ရတယ်လို့။

အဲဒီလိုပဲ ကောင်လေးတစ်ယောက်လည်းပဲ ကောင်မလေးကိုကြည့်ရင် ကောင်မလေးက ရုပ်ကတော့ ချောပါရဲ့၊ အိမ်တကာလည်ပြီး သန်းဥဆွဲပြီး အတင်းပြောနေတဲ့ မိန်းမတွေလည်း ရှိသေးတယ်။ အဲဒီလို ကြည့်ရတာလို့။ ပြောချင်တာက လူတစ်ယောက်ဟာ သူ့အချိန်ကို ဘယ်လို အသုံးပြုလဲဆိုတာကို အဲဒီအပေါ်မှာလည်း ကြည့်ရတယ်။ အဲဒါမှ ဘဝတန်ဖိုးရှိတာလို့ သင်ပေးရတယ်။

လင်ရှာနည်းတို့ မယားရှာနည်းတို့ပေါ့လေ၊ သင်ပေးနေရတယ်။ သင်မပေးလို့လည်း မဖြစ်ဘူး။ (ရယ်သံများ)

## အိမ်ထောင်ဖက် ရွေးချယ်နည်း

နေ့လယ်တုန်းကတောင်မှ ကလေးမလေး သုံးလေးကောင် လာကြတော့ သူတို့လည်း ဝတ်ပြုတဲ့အနေနဲ့ နှိပ်ပြီး

ပေးလို့ပါ၊ ကျေးဇူးလည်း တင်ပါတယ်။ ဒါနဲ့ သူတို့ကို ပြောလိုက်ရသေးတယ်။

သမီးတို့ အိမ်ထောင်ပြုတော့မယ်ဆိုရင် လူတစ်ယောက်မှာ သိပ်အရေးကြီးတဲ့ဥစ္စာ ဘာလဲဆိုရင် ဒိပြင် အရည်အချင်းတွေထားဦး။ အဲဒီအရည်အချင်းတွေ သမီးတို့ နားလည်တယ်။

ဒါပေမဲ့ အဲဒီအရည်အချင်းတွေရဲ့အပေါင်း ဘာပါရမလဲဆိုတော့ တာဝန်သိတတ်သော၊ တာဝန်ယူဝံ့သော၊ သတ္တိရှိသော၊ တာဝန်ကိုထမ်းနိုင်သော စွမ်းရည်ရှိသော။

တာဝန် သိသော၊ တာဝန် ယူဝံ့သော၊ တာဝန်ထမ်းနိုင်သော စွမ်းရည်ရှိသော၊ အဲဒီသုံးခုမပါလို့ရှိရင် သွားပြီး အိမ်ထောင်မပြုနဲ့။ ဘာကြောင့်လဲဆိုတော့ တာဝန်မဲ့သော လင်တစ်ယောက်ရဲ့ မယားဖြစ်ရခြင်းဟာ အင်မတန်မှ ဒုက္ခကြီးတယ်။ တာဝန်မဲ့သော မိဘရဲ့သားသမီး ဖြစ်ရခြင်းဟာလည်း အင်မတန် ဒုက္ခကြီးတယ်။ တာဝန်မဲ့သော သားသမီးရဲ့မိဘဖြစ်ရခြင်းဟာလည်း ငရဲပဲလို့ အဲဒီလို ပြောရတယ်။

ကောင်မလေးတွေက ငါ တက္ကသိုလ်မှာတုန်းက ငါ့ကို မေးလေ့ရှိကြပါတယ်။ ရယ်စရာလည်း ခပ်ကောင်းကောင်းပါ။

"ဆရာ"တဲ့၊ "ချစ်သူရွေးရင် အိမ်ထောင်ဖက်ရွေးရင် ဘယ်လိုဟာမျိုး ရွေးရမလဲ" တဲ့။

မေးတဲ့အခါကျတော့ ငါက သူတို့ကို သင်ပေးပါတယ်။

"အေးပေါ့ဟာ How to Larshin ပေါ့"လို့။ ဟောင်းဒူလာရှင်ဆိုတာ၊ ဟောင်းဒူလင်ရှာ ပေါ့၊ အဲဒါသင်ပေးလိုက်တယ်။

ညည်းတို့အိမ်ထောင်ဖက်ရွေးလို့ရှိရင်–

တစ်အချက်– အဲဒီကောင်ကို ပထမ သတိထားကြည့်

ရမှာက သူ့အားလပ်ချိန်ကို ဘယ်လို အသုံးချသလဲဆိုတာ သေချာကြည့်လို့။ အားလပ်ချိန်ဆိုတာ ကျောင်းတက်နေတဲ့ အချိန် ကျောင်းတက်နေတာ ဟုတ်တာပေါ့။ ကျောင်းအားတဲ့ အချိန်ကျ သူ့ Own time ခေါ်တာပေါ့။ သူ့ကိုယ်ပိုင်အချိန်ဖြစ် သွားပြီ။ အဲဒီသူ့ကိုယ်ပိုင်အချိန်ကို ဘယ်လိုသုံးသလဲဆိုတာ သေချာကြည့်။ အဲဒါ သူ့ရဲ့စရိုက်ပဲလို့။

ဘိလိယက်ထိုးသလား၊ ဂိမ်းဆော့နေသလား၊ အရက် သောက်နေလား၊ သို့မဟုတ် ဖဲရိုက်နေသလား၊ လမ်းလျှောက် နေသလား၊ ရေကူးနေသလား အဲဒါကိုကြည့်လို့။ အဲဒါကို ကြည့်လိုက်ရင် သူ့စရိုက်ပေါ်လာလိမ့်မယ်လို့၊ တန်ဖိုးရှိအောင် အသုံးချသလားဆိုတာ ကြည့်လို့။

နှစ်အချက်က– မှီခိုသူ များသလားဆိုတာ ကြည့်လို့။ သူ့ကို မှီခိုတဲ့လူ သိပ်များနေလို့ရှိရင်၊ ညီအစ်ကို မောင်နှမ မှီခိုတဲ့သူ သိပ်များနေလို့ရှိရင် သူက သိန်းသန်းချီပြီး တစ်လ တစ်လဝင်နေရင် ကိစ္စမရှိဘူး။ အဲဒီလို မဟုတ်လို့ရှိရင် သူ့ကို မှီခိုသူများနေလို့ရှိရင် သိပ်စိတ်ညစ်ရတတ်တယ်လို့။ အဲဒီလင် ရှာနည်း တက္ကသိုလ်မှာတုန်းက သင်ပေးခဲ့ရဖူးတယ်။

## စွဲမက်ခဲ့သော ညီမျှခြင်း

ကဲထားတော့၊ ပြောချင်တာက …

**ခုနတုန်းကဉစ္စာ ပြောရဦးမယ်။ လူငယ်ရဲ့ ဘဝနှင့် တန်ဖိုး** ဘဝဆိုတာပြောခဲ့ပြီးပြီ။ ဘဝရဲ့အဓိပ္ပာယ်က မွေးခြင်း နဲ့ သေခြင်းရဲ့ ကြားကာလအချိန်။ မှတ်မိတယ်နော်၊ အဲဒါ ဘဝ။

အဲဒီတော့ ဘဝနဲ့ တန်ဖိုးကို တွဲလိုက်လို့ရှိရင် အဲဒီ

တန်ဖိုးဆိုတာ ဘာလဲဆိုတာ တစ်ခါ ပြန်တွက်ကြည့်ရတယ်။ တွက်ကြည့်တော့ ...

ဒီလိုကွဲ့. ငါက ခပ်ငယ်ငယ်တုန်းက နိုင်ငံရေးထဲမှာ ပါသွားခဲ့ဖူးတယ်။ ပါသွားတော့ နိုင်ငံရေးသင်တန်းတွေ၊ ကွန်မြူနစ်သင်တန်း၊ ဆိုရှယ်လစ်သင်တန်းတွေကို တော်တော် တက်ခဲ့ဖူးတယ်။

ကွန်မြူနစ်ဝါဒလည်း ခုတော့ ကျဆုံးသွားပြီဆိုပါတော့၊ ကမ္ဘာမှာ မရှိတော့ဘူး။ ဆိုရှယ်လစ်ဝါဒလည်း ပြီးသွားပြီ၊ ဆိုဗီယက်ရုရှကြီးလည်း ပြိုကွဲသွားပြီး၊ တရုတ်ကလည်းပဲ ကွန်မြူနစ်ကနေ ဒီမိုကရေစီဖက်ကို ဖြည်းဖြည်းချင်း ပြောင်း နေပြီပေါ့နော်။

ဒါပေမဲ့ အဲဒီကွန်မြူနစ်သင်တန်း တက်ခဲ့တဲ့ အထဲမှာ Equation(ညီမျှခြင်း)လို့ခေါ်တာပေါ့။ ညီမျှခြင်းလေးတစ်ချက် ကိုတော့ ငါအခုထက်ထိမမေ့ဘူး၊ စွဲကျန်ရစ်နေတယ်၊ ကြိုက် လည်း ကြိုက်တယ်။ အဲဒီ ပထမဦးဆုံး စပြီးတော့ 'ကားလ် မတ်စ်'ဆိုတဲ့ ဘောဂဗေဒပါရဂူကြီး။ သူကနေပြီး ထုတ်လိုက် တဲ့ Equation ကို ဆွဲထုတ်လိုက်တဲ့ကိစ္စဟာ အဲဒီ ဆိုရှယ်လစ် တော်လှန်ရေး ကွန်မြူနစ်တော်လှန်ရေး ဖြစ်သွားသည့်တိုင်ပဲ။

အဲဒီတော့ Equation က ဘာလဲဆိုတော့ အင်္ဂလိပ်လို ဆိုလို့ရှိရင် Nature + Labour Power = Value နားလည်လား။ မြန်မာလိုဆိုလို့ရှိရင် သဘာဝ + လုပ်အား = တန်ဖိုး။

ဘာနဲ့ ဘာအပေါင်းလဲ။ သဘာဝ၊ အပေါင်း၊ လုပ်အား၊ ညီမျှခြင်း၊ တန်ဖိုး မှတ်ထား အဲဒါလေး။ အဲဒီဥစ္စာလေးက ငါ့စိတ်ထဲ ခုထက်ထိ စွဲနေတာ။ ကြိုက်လည်း ကြိုက်တယ်။

## လုပ်အားနဲ့တည်ဆောက်ထားတဲ့ တန်ဖိုး

သဘောက ဘာလဲဆိုတော့ ဟိုဘက်နားက ရေကန်စပ်မှာ၊ မြစ်ကမ်းနားချောင်းစပ်မှာ တစ်နေရာမှာ ရွှံ့တွေရှိတယ်ဆိုပါတော့။ အဲဒီရွှံ့တွေ ဘာတန်ဖိုးရှိလဲ ဘာတန်ဖိုးမှ မရှိဘူး။ ဒါပေမဲ့ အဲဒီရွှံ့ကို ယူပြီး မင်းက လောက်စာလုံး လုံးလိုက်မယ်ဆိုပါတော့။ တစ်ရာ၊ အစိတ်၊ သုံးဆယ် တန်ဖိုးရှိသွားနိုင်တာပေါ့။

သဘာဝက ရွှံ့၊ လောက်စာလုံး လုံးလိုက်တဲ့ဥစ္စာက လုပ်အား၊ အဲဒီတော့ သဘာဝ + လုပ်အား = တန်ဖိုး ဖြစ်သွားတယ်။

အဲဒီ လောက်စာလုံးမလုံးပဲနဲ့ အဲဒါကို အိုးပုတ်ကလေး လုပ်လိုက်မယ် ဆိုပါတော့၊ ချိုးရုပ်ကလေး လုပ်လိုက်မယ်ဆိုပါတော့။ ခုနက လောက်စာလုံးထက်ပိုပြီး တန်ဖိုးရှိသွားတယ်။

ဘာကြောင့်လဲဆိုတော့ လုပ်အားပိုဝင်သွားတာ။ အဲဒီတော့ Labour Power များလာလေလေ တန်ဖိုးတက် လေလေပဲ။ The most the labour power, the higher value. လုပ်အားများများဝင်လေလေ တန်ဖိုးရှိလေလေပဲ၊ နားလည်တယ်နော်။

အဲဒီထက်ပိုပြီး လွယ်တဲ့ဥစ္စာ ပြောရမယ်ဆိုရင် အခု မင်းတို့ အသက်ရှူမနေကြဘူးလား၊ ဘာကို ရှူလဲ၊ လေကိုရှူတယ်။ ပိုက်ဆံပေးရသလား၊ မပေးရဘူး။ အခု ငါလည်း လေနဲ့ ပြောနေတာ၊ ပိုက်ဆံ မပေးရပါဘူး။

ဒါပေမဲ့ မော်တော်ကားဘီးဆိုင်သွားပြီး ကားဘီး လေထိုးတဲ့အခါကျတော့ "ခင်ဗျားဗျာ၊ လေပဲ အလကားရတဲ့ကိစ္စ

ပိုက်ဆံမယူနဲ့ ”လို့ ပြောရင် ဟိုက ပါးရိုက်လွှတ်လိုက်မှာ။ သူလုပ်အားသွင်းထားရတယ်။ လုပ်အားက တန်ဖိုးရှိလာတာ။ ကောင်းပြီ အဲဒီတော့ အဲဒီသဘာ၀က အလကားရတာတဲ့။

အဲဒါကြောင့်မို့လို့-

Nature + Labour Power = Value

But nature is free.

Nature က အလကားရတာ။ တန်ဖိုးမရှိဘူး။ နားလည်လား။

If you cancel nature,

ဒါကြောင့်မို့လို့ Nature ကို လုပ်လိုက်လို့ရှိရင်၊ Nature ကို ဖြုတ်ချလိုက်လို့ရှိရင်...

Labour power is value

သဘာ၀ + လုပ်အား = တန်ဖိုး။ (သဘာ၀၊ အပေါင်း၊ ညီမျှခြင်း၊ တန်ဖိုး) သဘာ၀က Free သဘာ၀က အလကား။

အဲဒါကြောင့် သဘာ၀ကို ဖြုတ်ချလိုက်ရင် Labour Power is value လုပ်အားသည်သာလျှင် တန်ဖိုး။

လောကကြီးမှာ လုပ်အားသည်သာလျှင် တန်ဖိုးတဲ့။ လုပ်အားမပါဘဲနဲ့ တန်ဖိုးရယ်လို့ လောကမှာ မရှိဘူး။

ဒါကြောင့်မို့လို့ လုပ်အားတွေက တန်ဖိုးဖြစ်တဲ့ အတွက်ကြောင့် လောကကြီးမှာ ရှိသမျှအရာတို့သည် လုပ်အားနဲ့ ဖန်တီးထားတာ။

ဒါကြောင့် အလုပ်လုပ်သော သူသာလျှင်၊ အဲဒီ တန်ဖိုးကို ရထိုက်တယ်ဆိုပြီ အလုပ်သမားသည်သာလျှင် ပဓာန ဆိုပြီးတော့၊ ကွန်မြူနစ်တော်လှန်ရေးကြီး ပေါ်ပေါက်လာခဲ့တာဗျ။

## မိမိကိုယ်ကို ထွန်းသက်ခြင်း

အဲဒီနည်းနဲ့ ခုနက ပြောခဲ့တဲ့ အရင်းကျမ်းကြီးကို ရေးခဲ့တာ။ အခြေခံက အဲဒါပဲ။ အတွေးအခေါ်က အဲဒါပဲ။ ဟုတ်တယ်၊ ခုထက်ထိလည်း ဟုတ်တယ်။

ဆိုရှယ်လစ်လောကတက်၊ တက်ပြီးတော့မှ အဲဒီမှာ အာဏာရှင်တွေတက်လာ၊ ပြန်မဆင်းတဲ့အခါကျ ဒုက္ခရောက်၊ အဲဒီခါကျမှ ပျက်သွားတာ။

Equation က ကောင်းတယ်၊ အမှန်က အဲဒီကနေ ငါ တစ်ဆင့်တက်ပြီး စဉ်းစားလိုက်တဲ့အခါ...

သချာဂရုစိုက် နားထောင်နော်။ နောက်တစ်ဆင့် တက်တော့မှာ။ ညဥ့်ကလည်းနက်နက်လာသလို အတွေးက လည်း တဖြည်းဖြည်းချင်း နက်နက်လာပြီ။

ဥပမာ– လေးတန်းအောင်တဲ့ ကလေးနဲ့ ဆယ်တန်း အောင်တဲ့ကလေး ဘယ်သူက ပိုတော်မလဲ၊ ဆယ်တန်းအောင် တဲ့ကလေးက ပိုတော်တယ်။ ဆယ်တန်းအောင်တဲ့ ကလေးနဲ့ ဘွဲ့ရတဲ့ကလေးဆိုရင်လည်း ဘွဲ့ရတဲ့ ကလေးက ပိုတော် တယ်။ ဘာကြောင့်လဲဆိုတော့ သူ့ကိုယ်သူ လုပ်အားတွေ သွင်းသွားတာ။

သူများတွေက အိပ်ပေမယ့်လို့ သူ့မှာ မီးလေး တလင်း လင်း၊ မျက်မှန်လေးတဝင်းဝင်းနဲ့ စာကြည့်ရတာ။ အဲဒါ လုပ်အား သူ့ကိုယ်သူ သွင်းနေတာ။ အဲဒီတော့ အခုမင်းတို့ ငါ့ကို တကူးတက ငါ့လာပြီး ခေါ်တယ်၊ ဖိတ်တယ် ဆိုတဲ့ ကိစ္စက၊ ဘာမှသိပ်ပြီး အသုံးမကျဘူးထင်ရင် ဘယ်ခေါ်မလဲ

ကွ။ ငါ့ဆီကနေ အဖိုးတန် အကြံဉာဏ်၊ အဖိုးတန်စကား တစ်ခွန်းတစ်လေ ကြားရလိမ့်မယ်ထင်လို့ ခေါ်တာပေါ့ ဟုတ်ဘူးလား။

ကောင်းပြီ ဒါပေမဲ့ ငါ အခုဒါပြောတယ်။ ပြောတဲ့ဥစ္စာ မင်းတို့ထက် ပိုပြီး ပြောနိုင်တာ ဘာလဲဆိုတော့ ငါ့ကိုယ်ငါ လုပ်အားတွေ အများကြီး သွင်းခဲ့တယ်။ စာတွေအများကြီး ဖတ်ခဲ့တယ်။ သူများပြောတာဆိုတာတွေ အများကြီး နားထောင်ခဲ့တယ်။ အဲဒီဟာတွေက လုပ်အားသွင်းခဲ့တာတွေ။

ဒီတိုင်းဆို ဘယ်လိုလုပ်ပြောမလဲ။ အဲဒါကြောင့် မင်းတို့ကို ပြောချင်တာက ဘဝဆိုတာသည် မွေးခြင်းနှင့် သေခြင်းနှင့် ကြားကာလကို ဘဝလို့ခေါ်တာ။ အဲဒီ ကြားကာလသည် အချိန်။ အချိန်မပါဘဲ ဘဝမဖြစ်ဘူး။ ဒါကြောင့် ဘဝကို တန်ဖိုးထားရင် အချိန်ကို တန်ဖိုးထားရတယ်။

အဲဒီအချိန်ကို ဘယ်နေရာမှာ သုံးသလဲဆိုတော့၊ မိမိကိုယ်ကို တန်ဖိုးရှိသထက် ရှိလာအောင် လုပ်အားသွင်းပေးခြင်းအားဖြင့်၊ တန်ဖိုးတက်လာမှာပေါ့။

ဥပမာ ဆိုပါတော့ မင်းက တောင်သူလယ်သမား ယာသမားလုပ်တယ်။ လုပ်လို့ရှိရင် မင်းအလုပ် မလုပ်ဘဲနဲ့ ယာက ဘယ်ကထွက်မှာတုန်း။ မထွန်မယက်ဘဲ ဘာအသီးအနှံ ထွက်မှာတုန်း။ အဲဒီလိုပဲ မင်းကိုယ်မင်း အသီးအနှံထွက်အောင် ထွန်းယက်ပေးရတယ်။

အသက်ကြီးလာတဲ့အခါကျတော့ တောင်ယာပဲ လုပ်တော့မယ်ဆိုလည်း တောင်ယာပဲ ဇောက်ချလုပ်ချင်လုပ်ပေါ့။ အဲဒီတော့ လူငယ်တွေမှာ အဲဒီလို မိမိကိုယ်ကိုယ် မိမိလုပ်အား

သွင်းပေးရတယ်။ လုပ်အားဝင်လေလေ မင်းရဲ့တန်ဖိုးက တက်လေလေပဲ။

## အနာဂတ်ကို သစ္စာမဖောက်ချင်သူ

ခဏ ပြောရဦးမယ်ကွ၊ အချိန်ကို အသုံးချခြင်းနဲ့ ပတ်သက်လို့ ငါ့ကိုယ်တွေ့ဖြစ်ပျက်လေးပေါ့။

ဒီလိုကွ၊ ငါ့အဖေက သခင်ညီမောင်တဲ့။ တောင်တွင်းကြီးမှာ တို့ဗမာအစည်းအရုံး စထောင်တာ သူတို့ပဲ၊ သခင်ညီမောင်နဲ့ သခင် ခင်မောင်ဦးဆိုတာ နှစ်ယောက်တည်းနဲ့ တို့ဗမာအစည်းအရုံး စထောင်တာ။ ထောင်တော့ ငါ့အဖေက ဥက္ကဋ္ဌ၊ သခင်ခင်မောင်ဦးက အတွင်းရေးမှူးပေါ့။ နှစ်ယောက်တည်းဆိုတော့ ကန့်ကွက်မယ့်သူ မရှိဘူးပေါ့၊ အတည်ဖြစ်သွားတော့ ငါ့အဖေကလည်း တောသား၊ ခေတ်ပညာကလည်း သိပ်မတတ်ရှာဘူး။ တောင်တွင်းကြီးမြို့နဲ့ လေးငါးမိုင်လောက်ဝေးတဲ့နေရာကနေ မြို့ပေါ်တက်လာတာ။ ဘုန်းကြီးကျောင်းထွက်၊ ပညာကလည်း သိပ်မတတ်ဘူး။ မတတ်ဘူးဆိုတော့ ကိုယ့်အဖေဆိုတော့လည်း ပြောလို့တော့ သိပ်မကောင်းဘူး။ ဒါပေမဲ့ ပြောရမယ်။ သမိုင်းကြောင်း ပြန်ပြောတဲ့အခါမှာ အဖေမို့လို့ အားနာနေလို့ဖြစ်တာ မဟုတ်ဘူး။ သမိုင်းကြောင်းအရ အဖေ့ကို အားနာ၊ အမေ့ကို အားနာ၊ အားနာပြီး သမိုင်းကြောင်းရေးလို့ရှိရင် အနာဂတ်ကို သစ္စာဖောက်ရာရောက်တယ်။ (လက်ခုပ်သံများ)

အဲဒါနဲ့ ငါ့ကို ကျောင်းထားတာကို အဲဒီတုန်းက ကျောင်းက လေးမျိုးရှိတယ်။ ကျောင်းလေးမျိုး ဆိုတဲ့ဥစ္စာ၊ St. Jhon တို့ St. Paul ယူနီပီယံကုတ်တို့ အင်္ဂလိပ်လိုပဲ

သင်တယ်။ မြန်မာစာမှအပ ကျန်တာတွေ အကုန်လုံး အင်္ဂလိပ်လိုပဲ သင်တယ်။ အင်္ဂလိပ်လိုပဲ ပြောရတယ်။

မြန်မာလိုပြောရင် ဒဏ်တပ်တယ်။ အဲဒီလို ယူနီဖောင်း ကုတ်လို့ ခေါ်တဲ့ စိန့်ဂျွန်းတို့ စိန့်ပေါလ်တို့ ကျောင်းတွေရှိတယ်။

နောက်တစ်ခုက . . .

အင်္ဂလိပ်လိုရော မြန်မာလိုရောသင်တဲ့ ကျောင်း တစ်မျိုး ရှိတယ်။ နောက်တစ်ခုက အင်္ဂလိပ်လို တစ်လုံးမှ မသင်ဘဲ၊ မြန်မာလိုပဲ သင်တဲ့ကျောင်းရှိတယ်။

အဲဒီကျောင်းသုံးမျိုးရှိတဲ့ အထဲမှာ အဖေက တို့ဗမာ အစည်းအရုံး ဥက္ကဋ္ဌမို့ ငါ့ကို မိုးထိလို့ခေါ်တဲ့ မြန်မာကျောင်း မှာထားတယ်။ ထားတော့ (၅)တန်း တစ်တန်းပဲ အင်္ဂလိပ်လို သင်ပေးတယ်။ သင်ပေးတာကလည်းပဲ အာဂတံပါဂတံ စာမေးပွဲ မရှိဘူးကွ၊ မတက်ချင်လည်း နေလို့ရတယ်။ မတက် မနေရ မဟုတ်ဘူး။ တက်ချင်မှလည်း တက်တယ်။ တစ်ခါ တလေ အင်္ဂလိပ်စာသင်တဲ့အချိန် အပြင်ထွက်ပြီး ဆော့ချင် ဆော့နေတာ။ A.B.C တတ်တယ် နောက်တစ်ခါ cat ကြောင်၊ dog ခွေးတို့ he. she ဆိုတာမျိုး။

အဲဒါလေးတွေ ဘာလေးတွေ တတ်တယ်ပေါ့ကွာ။ do တို့ does တို့ကို ဘယ်နေရာသုံးမှန်း သိကို မသိတာ။ အဲဒီ လောက်ထိအောင်ပါပဲ။

## ရဲမှူးမင်း ဖြစ်မည်

အဲဒီမှာ စစ်ဖြစ်တော့ ကျောင်းပိတ်သွားတယ်။ စစ်ကြီး ဖြစ်လာပြီဆိုရင် ခေတ်မကောင်းတော့ဘူး ဆိုရင်၊ အရင်ဆုံး ပိတ်တာက ကျောင်း။ နောက်ဆုံးမှ ပိတ်တာက ရဲစခန်း။ (လက်ခုပ်သံများ)

နည်းနည်းလေး ခေတ်ပြန်ကောင်းလာပြီဆိုရင် ပထမဆုံးဖွင့်တာ ရဲစခန်း။ နောက်ဆုံးမှ ဖွင့်တာကကျောင်း အဲလိုကွ ဒါ သဘာဝကြီးပဲ။ (လက်ခုပ်သံများ)

မင်းတို့ကလည်းကွာ လက်ခုပ်ဖွတ်တီးနေကြတာ။ ငါပြောတာက ရိုးရိုးပြောတာ။ မင်းတို့လုပ်တာနဲ့ တရားမမှုကနေရာဇဝတ်မှု ဖြစ်တော့မှာ။ ဒါက တကယ့်သဘာဝကို ပြောပြနေတာပါ။

အဲဒါနဲ့ စစ်ကြီးဖြစ်ရော၊ စစ်ကြီးဖြစ်တော့ ပြေးရလွှားရ၊ မြို့ပေါ်လည်း နေလို့ မရဘူး။ တောတွေ လျှောက်ပြေးနေရတာ။ ဟိုသစ်ပင်ရိပ် ဒီသစ်ပင်ရိပ်လေးတွေမှာ တဲထိုးပြီးနေရ။ ဟိုရွာဒီရွာ သွားကြ ပြေးကြ။ ဟိုဘုန်းကြီး ကျောင်းအောင်း ဒီဘုန်းကြီးကျောင်းအောင်း စသည်အားဖြင့် ပြေးလွှားနေရတာပေါ့။

နောက်တစ်ခါ စစ်ကြီးပြီးသွားရော၊ စစ်ပြီးသွားတဲ့အခါကျတော့ ဗိုလ်ချုပ်အောင်ဆန်းတို့က ပေါ်လာပြီ။ ပေါ်လာတော့ လွတ်လပ်ရေး တိုက်ပွဲအတွက် ဘာညာပေါ့ကွာ ဝင်ကြပါဆိုတော့ ငါတို့လည်း ပြည်သူ့ရဲဘော်တွေ ဖြစ်ကုန်တာပေါ့။

အဲဒီတုန်းက သွေးကလည်း ကြွစရာသိပ်ကောင်းတာကွ။

လွတ်လပ်ဖို့ကြံစည်ရင်ကွယ် အကြမ်းနည်းနဲ့ လက်နက်စုရမည် xxxx အနုကို သုံးရမည် xxxx ဥပဒေထုံးနဲ့ အညီ xxxx စည်းကမ်းကျကျ အာဏာဖီဆန် xxxx သပိတ်မှောက်ရမည် xxxx သွေးချင်းနှောလိုက်ချင်သည်။ တို့ဗမာတွေအားလုံးညီ xxxx နယ်ချဲ့အလုပ်ကို စက်ဆုပ်လေပြီ xxxx တော်လှန်ဖို့အရေးသူတွေးပြီ xxxx

အသက်နဲ့လဲလို့ စွန့်စားဝန့်ပေသည် x x x x တို့လူထုက ရင်ဆိုင်တိုက်ပွဲဆင်နွှဲမည် x x x x ဗမာတပ်မတော် ရဲဘော် ရဲဘက်များ အသင့်ရှိမည် x x x x ကြောက်ရင်လွဲ x x x x တကယ်ရဲမှ မင်းဖြစ်မည် x x x လူငယ်တွေ စိတ်ဓာတ်များ ဟာ ဗိုလ်ချုပ်အပေါ်မှာတည် x x x အိမ်ကြက်ချင်းကို အိုးမဲ သုတ်လို့တိုက်ကြပြီ ရန်သူကိုသာ အားပေးလို့တော့ တစ်ချို့က မညီ x x x အို...အဲဒါတွေ လွတ်လပ်ရေးတော့ ကြန့်ကြာနှောင့် နှေးသည် x x x ဗမာမြေပုံကို သွေးနဲ့ရေးလို့ မလိုပါပြီ x x x x x မတရားလည်း တို့မခံ x x x ပြောက်ကျားတပ်ဖွဲ့ရန် လိုမည် × × × (လက်ခုပ်သံများ)

အဲဒီလိုကွ ခေတ်က လူက သွေးတွေကို ကြွနေတာ။

ဗိုလ်ချုပ်အောင်ဆန်းက ခိုင်းလိုက်လို့ရှိရင် ခွေးလို ဟောင်ဆို ဟောင်မှာပဲ။ ခွေးလို ကိုက်စမ်းဆို ကိုက်မှာပဲ။ အဲဒီလိုဖြစ်နေကြတာ။ အဲဒီမှာ ပါသွားတာ ငါ။ (ရယ်သံများ)

သေမြေကြီး ရှင်အလကားပဲ ဆိုပြီးတော့ ပါသွားတော့ နောက်ဆုံးဘိတ်ကျ ဗိုလ်ချုပ်အောင်ဆန်းက ၁၉၄၇ ထဲမှာ ကျဆုံးသွားတယ်။ ၁၉၄၈ မှာ လွတ်လပ်ရေးရပြီ။

အဲဒီတော့ ငါတို့က အရှိန်က မသတ်နိုင်တော့ဘူး၊ မသတ်နိုင်ဘဲနဲ့ တစ်ခါတည်း ရဲဘော်တွေက တောခို၊ တပ်ရင်း (၁)က တောခို ဘာညာနဲ့ ဖြစ်တော့ ငါကလည်း ကယောင် ကတမ်းနဲ့ပြည်သူ့ရဲဘော်၊ နောက် ဆိုရှယ်လစ်ပါတီထဲ ရောက် သွား နောက်ဆုံးဘိတ်ကျတော့ အဖမ်းခံရတော့တာကွ။ (ရယ်သံများ)

သူတို့ကလည်း ခက်တယ်ကွ၊ ခဏဆိုတာ သူတို့ခဏ က တော်တော်ကြာတယ်ကွ။ သူတို့ ခဏက ခဏကြီးပေါ့၊

တော်တော်ကြီးတဲ့ ခဏ။ ၁၉၄၈ ခုနှစ် ဧပြီလထဲမှာ ဗမာပြည်လွတ်လပ်ရေးရပြီး မကြာခင်မှာပဲ ငါလည်းမလွတ် မလပ်ဖြစ်သွားတယ်။ ပါသွားတော့ ပထမဆုံး တောင်တွင်းကြီးထောင်၊ နောက်ကျုမကွေးထောင်၊ နောက်တစ်ခါ တောင်တွင်းကြီးထောင်၊ နောက်တစ်ခါပြည်ထောင်၊ နောက်တစ်ခါ သရက်ထောင်၊ အဲဒီ သရက်ထောင်ကျမှ ဖောက်ပြီးထွက်ပြေးလို့လွတ်လာတာ။ အဲဒီတုန်းက ငယ်လည်း ငယ်သေးတာကိုး။

အဲဒီတော့ပြောချင်တဲ့ အကြောင်းအရာက နိုင်ငံရေးထဲရောက်သွားတဲ့အခါ အင်္ဂလိပ်စာသိပ်ကိုတတ်ချင်တာ။ ဒါပေမယ့် ကျောင်းပြန်နေဖို့ကလည်း မဖြစ်တော့ဘူး။ ကျောင်းပြန်နေရင် (၇)တန်းကလေးတွေနဲ့ ရောပြန်နေရမှာပေါ့။ ငါကအဲဒီတုန်းက လူပျိုပေါက်ကွ၊ မိန်းမတောင် တော်တော် လိုချင်နေပြီ။ (ရယ်သံများ)

## သခင်ကျော်စိန်

အဲဒီလိုဖြစ်တော့ အဲဒီမှာ ထောင်ထဲရောက်သွားတော့ အဲဒီအထဲထဲမှာ တောင်တွင်းကြီးက သခင်ကျော်စိန် ဆိုတာပါလာတယ်။ ဟိုးရှေ့ အင်္ဂလိပ်ခေတ်ကတည်းက ဆယ်တန်းအောင်ခဲ့တာ။ တက္ကသိုလ် မတက်လို့သာ။ ဆယ်တန်းကို (A) နဲ့ အောင်တယ်ဆိုတော့ တက္ကသိုလ် တက်လို့ရှိရင်ရတယ်။ ဆက်မတက်ဘူး၊ ဒါပေမဲ့ သူက စာသိပ်ဖတ်တယ်။

သူက ဆယ်တန်းကို (A) နဲ့အောင်တာ အဲဒီတုန်းက ဒီလိုကွ A, B ခေါ်တယ်။ က၊ ခ ပေါ့။ (A) နဲ့အောင်မှတက္ကသိုလ်တက်လို့ရတယ်။ (B)နဲ့အောင်ရင် တက်ခွင့်မရဘူး။ ဆယ်တန်းအောင်အဖြစ်နဲ့တော့ အသိအမှတ်ပြုတယ်။ အလုပ်

လုပ်လို့ရတယ်။ အဲဒီတော့သူက အင်္ဂလိပ်စာကိုလည်း တော်တော်လေး ဖတ်တယ်။ ငါနဲ့သူနဲ့က အိမ်နီးချင်း ခေါင်းရင်းခြေရင်းအိမ်နေကြတာ။ နေတဲ့အခါကျတော့ ငယ်ငယ်ကတည်းကကို ဦးကျော်စိန်လို့ မခေါ်ဘူး။ ကိုကျော်စိန်ပဲခေါ်တယ်။ နူတ်ကျိုးနေတော့တာ။ တကယ်တော့ (၁၀)နှစ် (၁၁)လောက်ကွာတယ်။ ဒါပေမဲ့ ကိုကျော်စိန်ပဲ။

ထောင်ထဲကိုရောက်တဲ့အခါ တစ်နေ့တော့ ငါက 'ကိုကျော်စိန်ရေ ကျွန်တော် အင်္ဂလိပ်စာ သင်ချင်တယ်ဗျ၊ သင်ပေးစမ်းဗျာ'လို့ ပြောတဲ့အခါ သူက'အေးကွာ ငါလည်း ပျင်းနေတာပဲ။ မင်းလည်း အားနေတာပဲ။ ထောင်ထဲ ဘာအလုပ်ရှိတာမှတ်လို့သင်ပေါ့ကွာ' တဲ့။

အဲဒီမှာ အင်္ဂလိပ်စာသင်တာ။ သင်တော့ သင်စရာစာအုပ်မရှိဘူး၊ မရှိတော့ ဘာလုပ်ရလဲဆိုတော့၊ ဗလာ စာအုပ်ကို ထမင်းချက် ဟင်းချက်ဝယ်တဲ့ ဝါဒါ ခေါ်တာပေါ့နော်ထောင်ထဲက အစောင့်ကို အဝယ်ခိုင်းတော့ ကတ်ထူ ဗလာစာအုပ်ကြီးပါလာတယ်။ အဲဒီ ကတ်ထူဗလာစာအုပ်ကြီးမှာ သင်တော့ ကိုကျော်စိန်က ဘာပါလာလဲဆိုတော့ Burmese Economic Life "ဗမာ့စီးပွါးရေးပြဿနာ" ဆိုတဲ့ စာအုပ်ကြီးပါလာတယ်။ သူက နိုင်ငံရေးမှာ ဘောဂဗေဒ လေ့လာနေတာ။ အဲဒါကြီးပါလာတော့ စာကြောင်းလေးတွေ ထုတ်ထုတ်ပြီး Active Voice - Passive Voice တို့သင်ရတယ်။ အဲဒီနိုင်ငံရေးစာအုပ်တွေထဲက သင်ရတာ။ ငါ အခုထက်ထိ မှတ်မိသေးတယ်။ အခုထက်ထိ အလွတ်ရနေသေးတယ်။ အဲဒီတုန်းက သိပ်စွဲခဲ့တာကိုး။

ဗမာပြည်က အင်္ဂလိပ်ဆုတ်ခွာတဲ့ အခါမှာ မီးရထားခေါင်းတွဲများစွာကို ဖျက်ဆီးပစ်ခဲ့တယ်တဲ့။ အမှန်က တွက်ပြ

တာတော့ မီးရထား ခေါင်းတွဲများစွာ ဖျက်ဆီးပစ်ခဲ့တာ တကယ်လို့ အခုချိန်ထိ ပုံမှန်ဖြစ်ရမယ်ဆိုရင် ဗမာပြည်က စီးပွားရေးမှာ မီးရထားခေါင်းတွဲပေါင်း ဘယ်လောက်ဖြစ်ရမယ်၊ သံလမ်း မိုင်ပေါင်း ဘယ်လောက် လိုသေးတယ်။ ချွေးတပ်ကထုတ်သွားတဲ့ ဂျပန်ကထုတ်သွားတဲ့ သံလမ်းက ဘယ်နှစ်မိုင်လောက်ရှိတယ်။

ဒါတွေဘာတွေတွက်ပြထားတာ အမှန်က အဲဒီအထဲက စာကြောင်းလေးတွေကို ထုတ်ထုတ်ပြီး ငါ့ကိုသင်တာ။ သင်တော့ တစ်ခါ အခြေခံသဒ္ဒါကို (၁၂) ရက်လောက် သင်လိုက်တဲ့အခါ အခြေခံသဒ္ဒါပြီးသွားတယ်။

Relative Pronouns တို့ ဒါတွေ သမီးတို့သိပါတယ်၊ အဲဒါတွေ ပြီးသွားတာ။ Who, Whom တို့ Which တို့လေ။ အဲဒါတွေပြီးသွားတာ၊ ပြီးသွားတော့ စာအုပ်သင်မယ်ဆိုတယ် စာအုပ်မရှိတော့ ထောင်ပိုင်ကြီးဆီမှာ (ထောင်ပိုင်ကြီး နာမည်က ဦးလှတင် တဲ့။) တောင်းတဲ့အခါ ကလေးတွေဖတ်တဲ့ စာအုပ်တွေ ပေးစမ်းပါ။ မောင်အောင်သင်း အင်္ဂလိပ်စာ သင်ချင်တယ်ဆိုတော့ သူ့သား အငယ်ဆုံးကတောင် ဒုတိယနှစ်ရောက်နေပြီ၊ အဲဒီတော့ ပြန်ရှာတဲ့အခါ (၁၀)တန်းမှာ ၁၉၄၂ လောက်က ပြဋ္ဌာန်းခဲ့ဖူးတဲ့ ဘရီဂေးဒီးယားဂျရတ် ဆိုတဲ့ စာအုပ်၊ အဲဒီစာအုပ်ကို ငါကကူးရတာ။ ပြီးတော့မှ ကိုကျော်စိန်က Text ပေါ့၊ ပုံနှိပ်စာအုပ်ကို ကိုင်တယ်။ ငါက ငါကူးထားတဲ့ စာအုပ်နဲ့ သင်ရတယ်။ အဲဒီလို သင်ရတာ၊ အဲဒီလိုနည်းနဲ့ သင်ယူသွားတဲ့ဥစ္စာဟာ ပထမဦးဆုံး စာမျက်နှာမှာဆိုလို့ရှိရင် အလုံး (၃၀)လောက် မသိဘူး။ Although was ဆိုတာတွေ အဲဒီမှာ Although ဆိုတာက စမသိတာ။

သင်ပြီးလည်းပြီးရော တစ်ခါ၊ ငါတို့ကို မကွေးထောင်ကို ပြောင်းပို့တော့ အဲဒီထောင်ပိုင်ကြီးက အဲဒီစာအုပ်တွေ ပြန်တောင်းထားလိုက်တယ်ဗျာ၊ မပေးလိုက်ဘူး။ မကွေးထောင်ရောက်သွား၊ ရောက်သွားတော့၊ အဲဒီ မကွေးထောင်မှာ ရှိတဲ့ ကိုကျော်စိန်ရဲ့ သူငယ်ချင်းပါ၊ မိတ်ဆွေတစ်ယောက် ရှိတယ်။ သူ့ဆီကနေ ငှားတဲ့အခါ ၁၉၂၆ တုန်းက ဆယ်တန်း ပြဋ္ဌာန်းခဲ့တဲ့ စာအုပ်လေးတွေ ရလာတာ။ အဲဒါ ဆက်သင်ရတာ။

နောက်တစ်ခါကျတော့ အဲဒီကနေပြန်လာပြီ။ တောင်တွင်းကြီးထောင် ပြန်ရောက်လာ။ အဲဒီကျတော့ လူတွေ သိပ် များတော့ သင်လို့မရတော့ဘူး။ နောက်တစ်ခါ ပြည်ထောင်ပို့၊ ပြည်ထောင်မှာလည်း သင်လို့မရဘူး။ နောက်တစ်ခါ အဲဒီ ကနေ သရက်ထောင်ပို့တဲ့ အပို့ကျတော့မှ၊ သရက်ထောင် ရောက်တော့မှ တစ်ခါပြန်သင်လို့ရတာ။ ထောင်ထဲမှာ ငါ အားလုံးပေါင်း (၇) လလောက် နေခဲ့ရတယ်။ ပြောချင်တာက ထောင်ထဲမှာ အားလုံးပေါင်း (၄) လကျော်ကျော်လောက် စာ သင်ခွင့်ရတယ်။ အဲဒီမှာ (၁၀)တန်းစာအုပ် (၃)အုပ် ကုန်ခဲ့ တယ်။

အဲဒါနဲ့ တစ်နေ့မှာကျတော့ ထောင်ထဲမှာကလည်း လူတွေက အများကြီးပဲကွ။ အရေးပိုင်တွေလည်း ပါတယ်၊ တရားသူကြီးတွေလည်း ပါတယ်။ နောက်တစ်ခါ ရဲမင်းကြီးဘာတို့လည်း ပါတယ်။ အဲဒီလိုဟာမျိုးပေါ့၊ ခရိုင်ရဲဝန်တို့လည်း ပါတယ်ပါတော့။

သရက်ထောင်မှာကျတော့ ခုတင်က ဒီလို ခုတင်မျိုး မဟုတ်ဘူး။ သမံတလင်းမှာ အသေကိုင်ထားတဲ့ခုတင်၊ ရွှေ့လို့

မရဘူး။ သမံတလင်းထဲမှာ ခုတင်ခြေထောက်ကို မြှုပ်ပြီးထားတာ။ အဲဒီအပေါ်မှာ ပေပျဉ်ကြီးနှစ်ချပ်ကို ခင်းထားတာ၊ ခေါင်းအုံးနေရာမှာ သစ်သားခေါင်းအုံးတန်း၊ အသေရိုက်ထားတာ။ ရွှေ့လို့မရအောင်ထားတာ။

အဲဒီအပေါ်မှာ ငါကတုံးလုံးလှဲပြီး အင်္ဂလိပ် ဒိုင်ဂျက်စာအုပ်ကြီး ဖတ်နေတာ။ ဖတ်နေတော့ ဒီဖက်နားမှာက ကိုကျော်စိန်နှင့် ခရိုင်ရဲဝန်တို့ ဘာတို့က သူတို့က ဖဲရိုက်နေကြတာ။ အဲဒီတုန်းက မူးခေတ်၊ ပဲခေတ်ပေါ့နော်၊ တစ်ပဲတစ်မူးပါပဲ၊ အပျင်းပြေပါပဲ၊ ဒီလောက်ပါပဲ။ ငါက ဒီဘက်က အင်္ဂလိပ် ဒိုင်ဂျက်စာအုပ်ကြီးဖတ်တော့ ဘာဖတ်မိလည်းဆိုတော့–

ဗမာပြည်ရှိ ကရင်လူမျိုးများ အကြောင်းပေါ့နော်။ ကရင်လူမျိုးတွေဟာ သူတို့ အင်္ဂလိပ်လူမျိုးတွေရဲ့အပေါ်မှာ ဘယ်လောက်သစ္စာရှိတယ် ဆိုတဲ့အကြောင်း ဘီဘီစီကနေ လွှင့်တဲ့ဥစ္စာကိုပြန်ပြီး စာရေးပြီးထည့်ထားတဲ့ဥစ္စာ။ အဲဒါလေးကို ဖတ်မိတော့ ဖတ်နေရင်းကနေ အဲဒီအချိန်က ကရင်သူပုန်ကလည်းထနေတာ။ KMDO သူပုန်ကလည်း ထနေတော့ ငါက "ကိုကျော်စိန် ကိုကျော်စိန်"ဆိုတော့ "ဘာတုန်းကွ"တဲ့ "ဒီမယ်နားထောင်စမ်း နားထောင်စမ်း" ဆိုပြီး ငါက အဲဒါဖတ်ပြ "ဒါကြောင့် ဗမာပြည် ဒီလိုဖြစ်ကုန်တာဗျ"ပြောပြီး ဖတ်ပြလိုက်တော့ အဲဒီဘက်က ခရိုင်ရဲဝန် ဦးဘအေးဆိုတဲ့ သူက ဖဲချပ်ကလေးကိုင်ရင်း နောက်ပြန်လှည့်ကြည့်ပြီးတော့–

"မောင်အောင်သင်းမင်း ဖတ်နေတာ ဘာစာအုပ်လဲ" ဆိုတော့–

"ခင်ဗျား" ဆိုတော့–

မောင်အောင်သင်းဆိုတော့ ခင်ဗျားပေါ့ ငါက Youngster အငယ်ဆုံးပေါ့နော်။ တစ်ထောင်လုံးမှာမှ၊ ငါကအငယ်ဆုံး အဖိုးကြီးတွေ ညောင်းလို့ရှိရင် နှိပ်ပေးပြုပေး လုပ်ရတယ်။ အဖိုးကြီးတွေကလည်း ငါ့ညာညာခိုင်းတာ။ သူတို့ မြေးနှင့်ပဲ ပေးစားတော့ မလိုလို ဘာလိုလိုနဲ့။ (ရယ်သံများ)

ပြီးတော့လည်း ဘာမှ မဖြစ်ဘူး။ အခု ပြန်စဉ်းစား ကြည့်။ မရှိကြတော့ပါဘူး ပြောလို့သာပြောရတာပါ။

အဲဒါနဲ့ မောင်အောင်သင်းတဲ့။ ခင်ဗျား ဆိုတော့ "မင်း ဖတ်နေတာ ဘာစာအုပ်လဲ"ဆိုတော့ "ကျွန်တော် ဖတ်နေတာ အင်္ဂလိပ် ဒိုင်ဂျက်"လို့ စာအုပ်ကို ကိုင်ပြလိုက်တာ။

"ရီးဒါး ဒိုင်ဂျက်" ဆိုတာလည်း ရှိသေးတယ်။ အဲဒီမှာ ဖတ်ပြပြီးနည်း နည်းပါးပါး ပြောပြလိုက်တော့၊ သူက "မောင်အောင်သင်း တစ်ထောင်လုံးမှာ မင်းက အမြတ်ဆုံး ပါပဲကွာ"တဲ့ "အခု မင်း ဒိုင်ဂျက် ဖတ်နေပြီ၊ ငါတို့မျက်စိ အောက်တင် မင်း အင်္ဂလိပ်လိုတတ်လာတာ"တဲ့။ လေးလ ကျော်ကျော်ပဲ သင်လိုက်ရတာ ငါ။

ငါ့ကို သိပ်ဉာဏ်ကောင်းတယ်လို့ တွက်ကြတာ။ အကုန်လုံးက ဉာဏ်ကောင်းတယ်လို့ တွက်ထားကြတာ။

အကုန်လုံးက ဉာဏ်ကောင်းတယ်၊ တစ်ထောင်လုံးက လူတွေကလည်း ငါ့ကို ဉာဏ်ကောင်းတယ်လို့ တွက်ထား ကြတာ။

ငါကလည်း ငါ့ကိုယ် ငါ ဉာဏ်ကောင်းသလား မကောင်းသလား ငါလည်း ကောင်းကောင်းမသိဘူး။ ဒါပေမဲ့ ပြန်ပြီး စဉ်းစားကြည့်တဲ့အခါ ငါက ထူးထူးခြားခြား ဉာဏ် မကောင်းဘူး။

အဲဒီမှာနော် တစ်အချက်က သိပ်လိုချင်တာ သိပ်တတ်ချင်တာ၊ ဒါပဲ။

နှစ်အချက်က ထောင်ထဲထည့်ထားတော့ ဘယ်မှ သွားစရာ မရှိဘူး။ အရွယ်က မိန်းမပိုးချင်တဲ့ အရွယ်။ ဒါပေမဲ့ ထောင်ထဲထည့်ထားတော့ မိန်းမဝေးလို့ အထက်ဆင့်တောင် မမြင်ရဘူး။ ဘယ် ဘုရားကိုးဆူသွားရမယ်ဆိုတဲ့ ကိစ္စတွေ၊ ဟိုကိစ္စ ဒီကိစ္စတွေ ဘာမှမရှိဘူး။ ငါ့မှာ မရှိတော့ တစ်နေ့လုံး ဒါပဲ လိုမ့်ဖတ်နေတာ။

တစ်အချက်က သိပ် တတ်ချင်တာ။ နှစ်အချက်က အဲဒီအပေါ်မှာ အချိန်ပြည့်ပေးနိုင်တာ။ အဲဒါ အင်္ဂလိပ်စာ တတ်လာခဲ့တာပဲ။ အဲဒါပဲ။

## သရက်ထောင်မှအပြန်

နည်းနည်း ဆက်ပြောလိုက်ဦးမယ်နော်။ အဲဒီကနေ ဘယ်လောက်ထိအောင် အခြေခံကောင်းလာသလဲ ဆိုရင် တော့ ထောင်ထဲကနေ လွတ်လာခဲ့တယ် ဆိုပါတော့။ သရက်ထောင်ကို ဖောက်ပြီး ထွက်ပြေးလာတာ။ အဲဒါလွယ်တဲ့ကိစ္စ မထင်နဲ့။ မင်းတို့နော် အခုကြည့်တော့သာ လူကဒီလိုပုံစံမျိုး၊ ဘိန်းစား လေလွှော့ထားတဲ့ရုပ်ဖြစ်နေတာ။ ငယ်ငယ်တုန်းက ဗလတာ မကောင်းပေမယ့် သတ္တိကတော့ မဆိုးဘူးပေါ့။

ခုပြန်စဉ်းစားကြည့်လိုက်တော့ သေနတ် (၁၆)လက် ရံထားတဲ့ကြားက ဖောက်ထွက်ခဲ့တာ။ နောက်ကသူတို့ လိုက်လာပါတယ်။ တို့ကလည်း ပြေးတယ်။ ဒါပေမဲ့ သူတို့က ဝတ္တရားအရ လိုက်တာ။ တို့က အသက်ကြောင့်ပြေးတာ။ ကွာတာပေါ့။ ဘယ်တူလိမ့်မလဲ။ အပြေးသန်တာချင်း တို့က

အပြေးသန်တာပေါ့။ အဲဒီတော့ ထောင်က လွတ်လာခဲ့တဲ့ အခါကျတော့ တောင်တွင်းကြီးကို သွားလို့ မရဘူး။

အဲဒီမှာ ရဲဘော်ဖြူတွေ သိမ်းထားတယ်။ တောထဲကနေ ပြေးလာတာ။ ရေနံချောင်းကို ရောက်တယ်။ ရေနံချောင်း ရောက်သွားတဲ့အခါ ဟိုသွား ဒီသွားပေါ့ကွာ။ သူငယ်ချင်း တွေတွေ့တော့ ဟိုကပ်စား ဒီကပ်စား လုပ်လိုက်ရသေးတယ်။ အဲဒီလိုလုပ်နေရင်းကနေ သူငယ်ချင်းတစ်ယောက်က ခေါ်သွား တော့ အဲဒီမှာရှိတဲ့ သူငယ်ချင်းရဲ့ အိမ်တစ်အိမ်ကို ရောက် သွားတယ်။ ကျောင်းသားတစ်ယောက်ရှိတယ်။ အဲဒီကျောင်း သားနဲ့ သူနဲ့က သူငယ်ချင်း၊ အဲဒီ သူငယ်ချင်းက (၉)တန်း ငါကလိုက်သွားတော့ သူတို့ စကားပြောနေတုန်းမှာ စားပွဲ ပေါ်မှာချထားတဲ့ An Approach to Litesaterse ဆိုတဲ့စာအုပ် လေးကို ကောက်ဖတ်ကြည့်လိုက်တယ်။ ဖတ်လိုက်တဲ့အခါ ပထမဆုံးကဗျာကို မှတ်မိနေတယ်။

Austom and Zorab တဲ့။ သိပ်ကောင်းတဲ့ ကဗျာ။ သိပ်ကြိုက်တာပဲ၊ တကယ့်ကိုကောင်းတာ။ ဒါနဲ့ ဖတ်လိုက်တာ ပြီးသွားတယ်။ ကောင်းလိုက်တာပေါ့။ အဲဒါနဲ့ စာအုပ်မှာ ကြည့်လိုက်တော့ (၉) တန်း နာမည်က ကိုသောင်းကြည်တဲ့။ မင်းတို့ကျောင်းမှာ ဒီစာအုပ်သင်တာလားလို့ "ဟုတ်တယ်" တဲ့။ "ကိုယ့်ဘာသာ ဖတ်ရတာလား ဆရာက သင်ပေးတာ လား"ဆိုတော့။ "ဟာ ကိုယ့်ဘာသာ ဘယ်ဖတ်တတ်မလဲဗျ။ ဆရာသင်ပေးတာပေါ့"တဲ့။ အဲဒီမှာတင် ငါ (၉)တန်း လောက် တော့ တတ်သွားပြီလို့ သိလိုက်တယ်။

မင်းတို့ စဉ်းစားကြည့်စမ်း။ ထောင်ထဲမှာ (၄) လ ကျော်ကျော် သင်ခဲ့တာနော်။ ဟုတ်လား။

အဲဒီလိုအပြင်ရောက်ပြီး ထွက်ပြေးနေရတဲ့ အချိန်မှာ ငါက စစ်ဘောင်းဘီ ဝယ်ဝတ်တယ်။ အမေရိကန် စစ်ဘောင်းဘီတွေ တစ်ထည်မှခြောက်ကျပ်ပဲ ပေးရတယ်။ အသစ်တွေနော်၊ လမ်းဘေးပုံရောင်းတာ။ စစ်ပစ္စည်းတွေပေါ့။

ဒီနေရာမှာ ထပ်ပြောလိုက်ရဦးမယ်။ ညာဘက်မှာ ဘောင်းဘီအိတ်ကြီး တစ်အိတ်ပါတယ်။ တော်တော့်ကို ကြီးတာ။ ဘယ်ဘက်မှာ အိတ်သေးသေးပါတယ်။ နောက်ဘက်မှာလည်း အိတ်နှစ်ဖက်ပါတယ်။ ဘေးအိတ်လည်း ပါတယ်။ စစ်သားတွေဆိုတော့ ထည့်ချင်တာ အကုန်ထည့်လို့ရအောင် လုပ်ထားတာ။

အဲဒီမှာ New Method Dictionary တဲ့။ အဲဒီ New Method Dictionary ဆိုတာ For Students ပေါ့။ ကျောင်းသားတွေအတွက် လုပ်ထားတာ။ အဲဒီစာအုပ် တစ်အုပ်ဝယ်တယ်။ တစ်အုပ်ကို သုံးကျပ်ပေးရတယ်။ ငါအဲဒီစာအုပ်ကို ဘောင်းဘီအိတ်ထဲက မချဘူး၊ သတိရတိုင်း ထုတ်ဖတ်တယ်။

English to English နော်။

English to Burmese မဟုတ်ဘူး။

အဲဒီ English to English ကို ဖတ်တဲ့ အကျင့်ဟာ အဲဒီမှာ စပါလာတာ။ တွေ့တဲ့ English စာအုပ်ဖတ်။ နောက်ကျတော့ သတင်းစာပါ ဖတ်တတ်လာတယ်။ တော်တော်လေး ဖတ်တတ်လာတော့ ငါတော်တော် တတ်ပြီလို့ သိလိုက်တယ်။

အဲဒီလိုနဲ့ နေရင်းကနေ၊ နိုင်ငံရေးထဲမျောသွားလိုက်တဲ့အခါ ၁၉၄၉ ကနေ နောက်ဘိတ်ဆုံးကျတော့ ၁၉၅၁–၅၂ လောက်ရောက်တယ်။ ဒါနဲ့ ငါတောင်တွင်းကြီးကို ပြန်ဦးမှပဲဆိုပြီး ၁၉၅၁–၅၂ လောက်မှာ တောင်တွင်းကြီး ပြန်ပြီး (၁၀) တန်းဖြေတယ်။

အဲဒီကျတော့ သင်္ချာပြန်သင်ရတယ်။ သင်္ချာလည်း အင်္ဂလိပ်လို သင်ရတယ်။ တို့တုန်းက သင်္ချာက အင်္ဂလိပ်လို၊ အင်္ဂလိပ်လိုဆိုတဲ့အခါကျတော့ သင်္ချာရဲ့ Formula *Drivation* ပေါ့။

Formula ကို ဘာကြောင့် ဒီလိုရေးတယ်။ ဒီတွက်နည်းဘယ်လိုတွက်လဲ။ ဘာကြောင့် ဒီလိုတွက်တာလဲ။ ရှေ့က အင်္ဂလိပ်လိုရှင်းပြထားတဲ့ In *lsoduction* တို့ Explanation တို့ပေါ့။

အဲဒါကို ငါက ကောင်းကောင်းနားလည်တယ်။ နားလည်တော့ ရလာတယ်။ အဲဒီတော့ ဆရာက ဒီနေ့ တစ်ပုဒ် သင်ပေးလိုက်ရင် အဲဒီ Chapter ကြီး တစ်ခုလုံးကို ငါပြီးသွားတယ်။ အဲဒီနည်းနဲ့ နောက်ဆုံး ငါ (၁၀) တန်းကို အောင်ခဲ့တယ် ဆိုပါတော့။

အောင်ပြီးတဲ့အခါ အလယ်တန်းပြဆရာ လုပ်ရသေးတယ်။ ငါ့မှာ ပိုက်ဆံက မရှိဘဲကိုး။ စာတွေ ပိုပြီးလည်း ဖတ်ဖြစ်ခဲ့တယ်။ (၂) နှစ်ကျော် (၃) နှစ် နီးပါးလောက် ကျောင်းဆရာ လုပ်ခဲ့တယ် ဆိုပါတော့။ နောက် အလယ်တန်းပြက ထွက်ပြီး အဲဒီကနေ ငါ တက္ကသိုလ်ပြန်တက်တာ။

## ချစ်သူ သူငယ်ချင်း

တက္ကသိုလ်ပြန်တက်တော့ အဲဒီတုန်းက ဒီလိုကွ ပထမနှစ် ဒုတိယနှစ်ကို Inter လို့ခေါ်တယ်။ တတိယနှစ်နှင့် စတုတ္ထနှစ်ကို Batch လို့ခေါ်တယ်။ အဲဒီတော့ Inter အောင်ပြီးတဲ့ အခါ ငါ ရည်းစားတွေ ဘာတွေရပြီးပေါ့ အခု မိန်းမနဲ့ပါပဲ။ (ရယ်သံများ)

အဲဒါနဲ့ ဘာသာတွဲတွေ ခွဲရတယ်ကွ။ အဲဒီ Inter အောင်ပြီးပြီဆိုတော့ မင်းတို့ ဆိုရင် ဒုတိယနှစ်ပေါ့။ အဲဒီ တုန်းက Inter လို့ ခေါ်တာပေါ့ ဥပစာတန်းပေါ့။ ဥပစာတန်း အောင် ပြီးတော့ ရန်ကုန်တက္ကသိုလ်တက်တော့မယ်ဆိုပြီး လာတယ်။

အဲဒီမှာ ငါ့ရည်းစားနဲ့ သူရဲ့ သူငယ်ချင်း တစ်ယောက် ရဲ့အိမ်ကို သွားလည်တယ်။ ကျောင်းအုပ်ဆရာမကြီးပါ။ အခု တော့ အသက်ကြီးလို့ ပင်စင်ယူသွားပြီ။ ဒေါ်ခင်မြတဲ့။ အဲဒီ အိမ်ကို ငါက အလည်လိုက်သွားတယ်။ သူက အောင်ပြီးပြီ၊ အဲဒီတော့ သူက ငါ့ကို "ကိုအောင်သင်းရော *Batch* မှာ ဘယ်ဘာသာတွဲယူမယ်လို့ စိတ်ကူးသလဲ"လို့ မေးတယ်။

*Batch* ဆိုတာ အခုဆိုရင် တတိယနှစ်၊ စတုတ္ထနှစ် ပေါ့။ အဲဒီတုန်းက ဝိဇ္ဇာတန်းခေါ်တယ်။ သို့မဟုတ် သိပ္ပံတန်း ခေါ်တယ်။ ရှေ့ပိုင်းက ဥပစာသိပ္ပံ ဥပစာဝိဇ္ဇာ။

ဥပစာတန်း (က)၊ ဥပစာတန်း (ခ) အထက်ဘက် ကျတော့ ဝိဇ္ဇာတန်း (က) ဝိဇ္ဇာတန်း(ခ) အဲဒီလိုခေါ်တယ်။ အဲဒီဝိဇ္ဇာတန်းက(က) ပေါ့။ *Batch A* ပေါ့။ အဲဒီမှာ *Combination* ပေါ့။ တို့တုန်းက မင်းတို့လို မေဂျာမရှိဘူး။ ဘာသာ တွဲတွေပဲ ရှိတယ်။ ရှိတဲ့အထဲက ဘာယူမယ် စိတ်ကူးသလဲ မေးတော့ ငါက E-litt, B-Litt ယူမယ်လို့ E-Litt ဆိုတာ English Litesature။ B- Litt ဆိုတာ Burmese Literature ပြီးတော့ Philosophy ပေါ့။ အဲဒီသုံးခုကို ယူမယ်လို့ စိတ်ကူးတယ်လို့။ အဲဒီမှာ မယူမနေရက အင်္ဂလိပ်စာ သူက မဖြေမနေရ။ အဲဒီတော့ English Literature က အပိုပေါ့။ မင်းတို့ ဆိုရင် Additional English။ တက္ကသိုလ်မှာသင်တယ်။

အဲဒီမှာ ငါ ဘယ်လိုစိတ်ကူးထားသလဲဆိုတော့ အဲဒီ ဘာသာတွဲကိုယူမယ်လို့ တကယ်လည်း စိတ်ကူးရုံရှိပါသေးတယ်။ အင်္ဂလိပ်စာနှင့် မြန်မာစာပေါ့။ အင်္ဂလိပ်ရသစာပေနှင့် မြန်မာရသ စာပေပေါ့။ အဲဒီမှာ ချစ်သူရဲ့သူငယ်ချင်း ဒေါ်ခင်မြက "ကိုအောင်သင်း English Literature ယူမလို့လားတဲ့။ "ဘာဖြစ်လို့တုန်း"ဆိုတော့ "သိပ်အရှုံးများတယ်နော်။ သိပ်အကျများတယ် ပြီးတော့ ဘိုကပြားတွေတက်တာ များတယ်။ St. John တို့ St. Paul တို့ အဲဒီလိုကျောင်းတွေက ထွက်တာတွေ။ သူတို့တွေကများတယ်။ တော်ကြာထိနေမှာစိုးလို့၊ ရှုံးနေမှာစိုးလို့ ပြောတာ"တဲ့။ အဲဒီလို ပြောလိုက်တော့မှ ငါ့စိတ်ထဲက ဆုံးဖြတ်လိုက်တယ်။ ပထမတုန်းက ချီတုံချတုံ ဖြစ်နေသေးတယ်။ သိပ်ခက်တယ် သိပ်ကြောက်စရာ ကောင်းတယ် ဆိုတော့မှ အဲဒီဥစ္စာကို ငါယူမယ်လို့ ဆုံးဖြတ်ချက်ချလိုက်တာ တကယ်လည်း ယူခဲ့တာပဲ။

## ထိပ်ဆုံးကလူ

အဲဒါနဲ့ E.Litt လို့ခေါ်တဲ့ Enagish Listratuse Class ကို သွားတက်တော့ တကယ်ပဲ ကပြားတွေပဲ များတယ်။ မြန်မာလိုဝတ်တဲ့ လူက (၂)ယောက်ပဲရှိတယ်။ အဲဒီတုန်းက ကျောင်းသားတွေက တိုက်ပုံဝတ်လေ့ရှိတယ်။ တို့လိုတိုက်ပုံနဲ့ ပုဆိုးဝတ်တဲ့ကျောင်းသားက (၂)ယောက်ပဲရှိတယ်။ အားလုံး ဘောင်းဘီနဲ့၊ စကပ်တွေနဲ့ ကောင်းလေးတွေ ကောင်မလေးတွေ အကုန်လုံးက သူတို့အချင်းချင်း စကားပြောတဲ့ခါမြန်မာလို တစ်လုံးမှ မပါဘူး။ အကုန်လုံး ဘိုလိုမှုတ်နေကြတာ။ အောင်သင်းက ဘိုလိုမှုတ် ဘယ်လိုသွားမှုတ်မှာလဲ။ ဖူး-ဖူးနဲ့မှုတ်ရမှာပေါ့။ (ရယ်သံများ)

ဆရာတွေကလည်း အင်္ဂလိပ်ဆရာကြီးတွေ လာသင်တာ။ (၂) လ လောက်ဟာ သူတို့ပြောတဲ့စကား ငါနားကို မလည်တာ။ အမှန်ပြောတာ။ ဘာပြောနေမှန်းကို မသိတာ။ ကုလားဘိုင်စကုတ် ကြည့်နေရတဲ့ အတိုင်းပဲ။ ဘယ်လိုလုပ်နားလည်မှာလဲ၊ တောသားလေ၊ အစိမ်း။ ပြီးတော့ ထောင်ထဲမှာ သင်ခဲ့ရတဲ့ အင်္ဂလိပ်စာ။ ဘယ်လိုလုပ် နားလည်မှာလဲ။ နောက်မှ တဖြည်းဖြည်းနဲ့ ကျင့်သားရလာတော့မှ သူတို့ရဲ့ အသံကို မှန်းလို့ရတာ။

တစ်ခါတလေဆိုလို့ ရှိရင် သူတို့ မေးလိုက်တဲ့ဥစ္စာ အင်္ဂလိပ်လိုမေးတော့ ငါ့အဖို့ဘာပြောနေလဲဆိုတာ နားမလည်ဘူး။ ကျန်တဲ့ဟာတွေက ဘိုလို ဝတ်ထားတာ။ ငါ့ကို စိုးရိမ်လို့ လှမ်းလှမ်းပြီးတော့ သူတို့က အင်္ဂလိပ်လို မေးတယ်။ ငါက ဘာပြောမှန်းကို နားမလည်ဘူး။ တချို့စကားလုံးတွေနဲ့ အင်္ဂလိပ်လို မေးတယ်။ ငါက ပြန်ပြီးပြောတယ်။ ဖြည်းဖြည်းချင်းနဲ့ရသွားတယ်။ အဲဒီလိုနဲ့ Double Literation နဲ့ ဘွဲ့ရသွားတယ်။

အင်္ဂလိပ်လို သိပ်တော်တဲ့ လူက မြန်မာစာကြောက်တယ်။ မြန်မာလို သိပ်တော်တဲ့သူကျတော့ အင်္ဂလိပ်စာကြောက်တယ်။ နှစ်ခုလုံး ယူနိုင်တဲ့ သူက အဲဒီခေတ်တုန်းက Double Literation မှာ ငါတစ်ယောက်တည်းပဲ ရှိတယ်။ Roll No.1 နားလည်လား။ ထောင်ထဲမှာ သင်ခဲ့တဲ့ကောင်နော်။

အဲဒီမှာ ငါ Second year မှာ ဖြေခဲ့တဲ့ Answer Paper နဲ့ ပတ်သက်ပြီး စာစစ်ပြီးတဲ့ အခါကျတော့ အဲဒီမှာရှိတဲ့ ဆရာမကြီးကပြောတာ။ သူက ဗမာလိုမပြောတတ်ဘူး။ လုံးဝ

မတတ်ဘူး။ ဟောင်ကောင်က တရုတ်မကြီး။ ဒါပေမဲ့ သူက အမေရိကမှာကြီးပြင်းတာ။ အမေရိကားမှာ ဘွဲ့ယူတာ။ အဲဒီ မိန်းမကြီးက တစ်ခါတည်း Roll No.116 ကို ခေါ်သွားတယ်။ ပြီးတော့ သူက ဘယ်လိုပြောလဲဆိုတော့

The best answer you made လို့ အတန်းထဲမှာကို ပြောတာ။ အတန်းထဲက ကျန်တဲ့လူတွေ အကုန်လုံး လှမ်း ကြည့်တာ။

I hope you will join our department ငါတို့ အင်္ဂလိပ် စာဌာနကို ပြောတာ။ အတန်းထဲက ကျန်တဲ့လူတွေ အကုန်လုံး လှမ်းကြည့်တာ။

ဟာ ခုနတုန်းက ထောင်ထဲ သင်ခဲ့တဲ့ကောင်လေ။ အင်္ဂလိပ်တွေကို မြန်မာလိုသင်ပြီး ထမင်းစားနေတာ။ တစ်နာရီ ငါးဒေါ်လာနဲ့။ နောက်ဆုံးကျတော့ အင်္ဂလိပ် သံအမတ်ကြီး တွေ ဗြိတိသျှသံမှူးတွေ၊ ယဉ်ကျေးမှုသံမှူးတွေကို မြန်မာလို သင်ပေးခဲ့ရတာ။ သူတို့ကို မြန်မာလိုသင်တော့ မြန်မာလို ဒီအတိုင်း ပြောလို့ရတာမဟုတ်ဘူး။ အင်္ဂလိပ်လို ရှင်းပြရတာ။ အဲဒီမှာ ယဉ်ကျေးမှုသံမှူး ခေါ်တာပေါ့။ သူက ဂျူးအင်္ဂလိပ်၊ ဂျူးနဲ့အင်္ဂလိပ်စပ်ထားတာ၊ သူက ယဉ်ကျေးမှုနှင့် ပတ်သက်ပြီး သိပ်ဝါသနာပါတာ။ မြန်မာလိုလည်း တော်တယ်။ တော်တော် ဆည်းပူးတယ်၊ ပြီးတော့ What is...... ဘာညာဆိုပြီးတော့ လည်း ငါ့ကို သူသိချင်တာလေးတွေ မေးလေ့ရှိတယ်။

ငါသင်ခဲ့တာဟာ ၈–နာရီ သွားတယ်။ ၉–နာရီပြီး တယ်၊ တစ်နာရီမှာ (၁၅)ကျပ်။ တစ်ပါတ်ကို စာမေးပွဲရှိရင် လေးချိန်၊ မရှိရင် နှစ်ချိန်သင်ပေးရတယ်။ တစ်ပတ်ကို ခြောက်

ဆယ်ပေါ့၊ ပေါင်နဲ့ရတယ်။ ဒေါ်လာနဲ့မဟုတ်ဘူး၊ equiva-
lence ပေါင်ပေါ့။

သင်တဲ့အခါကျတော့ (၁၅)ကျပ်နဲ့တွက်ရင် တစ်ပေါင် ခွဲလောက်ရတယ်။ တစ်ချိန်ကို တစ်ပေါင်ခွဲရတယ်။ တစ်ပတ် နှစ်ချိန်ဆိုတော့ (၃)ပေါင်ပေါ့။ (၃)ပေါင်ဆိုတော့ ဒေါ်လာနဲ့ တွက်ရင် (၅)ဒေါ်လာခွဲ (၆)ဒေါ်လာ လောက်ရတယ်။ အဲဒီ ပိုက်ဆံကို ငါက အင်္ဂလန်မှာ စုထားတာ။ မြန်မာပြည်မှာ မဟုတ်ဘူး၊ အင်္ဂလန်မှာ၊ ပြီးတော့မှ ငါလိုချင်တဲ့စာအုပ်တွေမှာ ဖတ်တယ်။

ပြောချင်တာက အကုန်လုံး ခြုံလိုက်တဲ့အခါ ထောင် ထဲမှာထည့်ထားတဲ့ အချိန်ကို ကျကျနန သုံးလိုက်တဲ့ ဥစ္စာ သည်ပင် အောင်သင်းရဲ့ဘဝ ပြောင်းသွားတာပဲ၊ အချိန်ပဲ နားလည်လား၊ အခုပြောလိုက်တဲ့အတွက် မင်းအချိန်ကို ဘယ် လောက် အသုံးချသလဲ၊ မင်းအချိန်ကို အသုံးချလေလေ၊ အသုံးချလေလေ၊ တန်ဖိုးရှိလေလေ လုပ်အားပေးလေလေ မင်းတန်ဖိုးဟာ တက်လာလေလေပဲဆိုတာ အဲဒါ သဘော ပေါက်ထား။

## ကံဆိုးခြင်းနှင့် ကံကောင်းခြင်း

အခုပြောတဲ့ဥစ္စာဟာ တစ်ဆင့်စကား မဟုတ်ဘူးနော်။ ကိုယ်တွေ့ ကြုံတွေ့ခဲ့တာတွေပြောနေတာ။ တကယ်ပဲ ပြန် စဉ်းစားကြည့်ပါလား။ ထောင်ကျတယ်ဆိုတဲ့ ဥစ္စာဟာ ကံဆိုး လို့ပေါ့၊ ဟုတ်ဘူးလား။ ဒါပေမယ့် ငါ့မှာက ကံကောင်းလို့ ထောင်ကျသွားတာလိုဖြစ်နေပြီ။

ဟိုဟာလိုပဲ 'လင်ယုတန်'ဆိုတဲ့ တရုတ်စာရေးဆရာ ကြီးပြောသလိုပေါ့။ တစ်ခါတုန်းက တရုတ်ကြီးတစ်ယောက်

ရှိသတဲ့။ သူ့ပုံပြင်တစ်ခုထဲမှာ။ တရုတ်ကြီးတစ်ယောက်ရှိတော့ အဲဒီ တရုတ်ကြီးက မြင်းမွေးထားတယ်။ သူ့မှာ သားလေး တစ်ယောက်တည်းရှိတာ။ သားကို တရုတ်က သိပ်ကိုတန်ဖိုး ထားတာ။ မိန်းမယူထားတဲ့ ဥစ္စာ သမီးတွေချည်း မွေးလို့ရှိရင် သူက နောက်မိန်းမတစ်ယောက် ထပ်ယူတာ။ မယူလို့မရဘူး ဒီမိန်းမက သားမမွေးဘူးလေ။ သမီးတွေပဲ မွေးတာ။ အဲ ဒုတိယမိန်းမကလည်း သမီးတွေပဲ မွေးလို့ ရှိရင်၊ "ငါထပ်ယူ ဦးမယ်" ဆိုပြီး နောက်တစ်ယောက် ထပ်ယူပြန်တာ။ အဲဒီလို တတိယ မိန်းမက သားယောကျ်ားလေးမွေးလို့ရှိရင် အဲဒီသား ဟာ တစ်အိမ်လုံးရဲ့ King ဖြစ်သွားတာ။ အဲဒီသားကြောင့် နံပါတ် (၃) နေရာမှာရှိတဲ့ မိန်းမကလည်း ဩဇာတက်လာ တယ်။ ဒါက တရုတ်တွေရဲ့ ထုံးစံ။

အဲဒီတော့ သူ့မှာ သားလေးတစ်ယောက်ရှိတယ်။ သိပ် ဝမ်းသာတာပဲ၊ ဘေးကလည်း "ခင်ဗျား သိပ်ကံကောင်းတယ်" လို့ပေါ့၊ ဘာဖြစ်လို့လဲဆိုတော့ "ခင်ဗျား သားလေးရတာပဲ" "အေးပေါ့၊ သားရတာနဲ့ကံကောင်းတယ်လို့ ဘယ်လိုပြော နိုင်လဲ"တဲ့။

သူက မြင်းမွေးတာ တစ်နေ့ကျတော့ မြင်းတစ်ကောင် ပျောက်သွားတယ်။ အိမ်နီးချင်းတွေက တရုတ်ကြီးကို သနား ကြတယ်ပေါ့။ "စိတ်မကောင်းပါဘူးဗျာ၊ ခင်ဗျား ကံဆိုး ရှာတယ်" "ဘာဖြစ်လို့ကံဆိုးတယ်ပြောတာလဲ" "ခင်ဗျားမှာ မြင်းတစ်ကောင် ပျောက်သွားတယ် မဟုတ်လား" "မြင်း တစ်ကောင် ပျောက်သွားတာနဲ့ ကံဆိုးတယ်လို့ ခင်ဗျား ဘာ ကြောင့် ပြောနိုင်သလဲ"တဲ့။

ဒီလိုနဲ့ တစ်ပတ် ဆယ်ရက်လောက်လည်း ကြာတော့ ပျောက်သွားတဲ့မြင်း ပြန်ရောက်လာတယ်။ မြင်းဆိုတဲ့ သတ္တဝါက အဖော်ခင်တတ်တယ် မဟုတ်လားကွ။ မြင်း အိမ်ကိုပြန်ရောက်လာတော့ တစ်ကောင်တည်း မဟုတ်တော့ဘူး။ မြင်းရိုင်း တစ်ကောင်ပါ အပိုပါလာတယ်။

အဲဒီက အိမ်နီးချင်းတွေက ပြောကြတာပေါ့။ "ခင်ဗျားကံကောင်းတယ်ဗျာ" "ဘာဖြစ်လို့လဲ" ဆိုတော့ "ခင်ဗျားမှာ မြင်းတစ်ကောင် တိုးလာတယ်လေ" "မြင်းတစ်ကောင်တိုးတာနဲ့ ကံကောင်းတယ်လို့ ဘာကြောင့်ပြောတာလဲ" တဲ့။

ဒီလိုနဲ့ နောက်ရောက်လာတဲ့ မြင်းရိုင်းကို သားက အစီး ကျင့်တာပေါ့။ မြင်းရိုင်းပေါ်ကို တက်စီးတာ။ မြင်းက စီးကောင်းတော့ ကောင်လေးကတက်ပြီး စီးတော့ မြင်းက ခံရခက်ပြီး ခါချတော့၊ ကောင်လေး မြင်းပေါ်ကကျတော့ ခြေထောက်ကျိုးပြီး ထော့နင့်ထော့နင့်နှင့် ဖြစ်သွားတာ။

"ဟာ... ခင်ဗျားကံဆိုးတယ်ဗျာ" "ဘာဖြစ်လို့ ခင်ဗျားကံဆိုးတယ် ပြောတာတုန်း" "ဟာ... ခင်ဗျားသားလေး တစ်ယောက်တည်းရှိတဲ့ဟာ ခြေကျိုးသွားတာကိုး" ခြေကျိုးတာနဲ့ ကံဆိုးတာ ခင်ဗျားဘာလို့ ပြောနိုင်တာလဲ"

အဲဒါနဲ့ ဟိုဘက်တိုင်းပြည်နဲ့ ဒီဘက်တိုင်းပြည် ဘာညာပေါ့ တရုတ်ကားတွေကြည့်ဖူးမှာပေါ့။ အဲဒီမှာ စစ်ဖြစ်ကြတဲ့အခါ သူတို့ဆီမှာ ရှိတဲ့ ဝါးလော့ စစ်ပဒေသရာဇ်တွေပေါ့။ အဲဒီမှာ ရပ်ကွက်ထဲမှာရှိတဲ့ သန်သန်မာမာလူငယ် ဟူသမျှ အကုန် စစ်ထဲ မလိုက်မနေရလို့ ခေါ်သွားတော့ အကုန်ပါသွားတာ၊ ဒီကောင်လေးကတော့ ခြေထောက်စွာတာ စွာတာနဲ့

ထော့နင်းထော့နင်းဖြစ်လို့ ကျန်နေခဲ့တာ။ "ဟာ၊ ခင်ဗျား ကံကောင်းတယ်တဲ့"။

ဟုတ်လား၊ ကံကောင်းတယ် ကံဆိုးတယ်ဆိုတာ တစ်နေရာတည်းမှာ ပုံသေပြောလို့မရဘူး။

"အခုလည်းပဲ တကယ်လို့ ငါ့ဇာတာတို့ ဘာတို့ ပြန်တွက်ကြည့်လို့ရှိရင် ဗေဒင်သဘောနှင့် ပြောမယ်ဆိုရင် ဇာတာညှိုး၊ ကြမ္မာဆိုးခိုက်မို့ ထိပ်ခတ်၊ ကြိုးချည်၊ အချုပ်အနှောင်ခံရတယ်"လို့ဆိုတာ ကံဆိုးလို့ လို့ပြောမှာပဲ။ ဒါပေမဲ့ ၁၉၄၉–ခုနှစ်က ရဲဘော်ဖြူတို့ရဲ့ ဖမ်းဆီးခြင်းကိုသာ မခံခဲ့ရရင်၊ ထောင်ထဲကို မရောက်လို့ရှိရင်၊ ငါဒီအခြေအနေရောက်ဖို့ မလွယ်ဘူး။

ပြောချင်တာက မင်းဘယ်နေရာကိုပဲ ရောက်သွားသည်ဖြစ်စေ၊ မင်းရဲ့အချိန်ကို အသုံးချတတ်လို့ရှိရင် တန်ဖိုးတက်လာတာပဲ။

## တန်ဖိုး (၃) မျိုး

ကောင်းပြီ အခုနက ပြောခဲ့တဲ့ဥစ္စာ–

သဘာဝ + လုပ်အား = တန်ဖိုး။

အဲဒီမှာသဘာဝကို ဖြုတ်လိုက်လို့ရှိရင် လုပ်အားသည်သာလျှင် တန်ဖိုး။ အဲဒီတော့ မင်းကိုမင်း တန်ဖိုးတက်လာစေချင်လို့ရှိရင် လုပ်အားသွင်းပေးရတယ်။ အဲဒီလို လုပ်အားဟာ ဘယ်မှာသွင်းရသလဲဆိုတော့အချိန်။ အဲဒီလုပ်အား သွင်းတာများလေလေ တန်ဖိုးတက်လေလေပဲ။

ကောင်းပြီ၊ တန်ဖိုးမှာကျတော့ တန်ဖိုးသုံးမျိုးရှိတယ်။ ဘာတွေလဲဆိုတော့–

**၁။ ပင်ကို တန်ဖိုး**

**၂။ ဖလှယ်ရည် တန်ဖိုး**

**၃။ မြတ်နိုးမှု တန်ဖိုး** တဲ့။

ပင်ကိုတန်ဖိုးဆိုတာက အခု ဒီရေခွက်ထဲကရေ ဆိုပါတော့။ မသောက်လို့ကို မရဘူး သောက်နေရတာ။ အဲဒါ ပင်ကို တန်ဖိုးပဲ။ သူဟာ မင်း ပေးထားတာ မဟုတ်ဘူး။ သူ့ ဟာ သူကို ရှိပြီးနေတာ ပင်ကိုတန်ဖိုး၊ ဆန်တို့၊ ဆီတို့၊ ပဲတို့ စသည်ဟာ ပင်ကိုတန်ဖိုးတွေပဲ။

ဖလှယ်ရည်တန်ဖိုးတဲ့၊ ဒီငွေစက္ကူငါးကျပ်တို့ တစ်ဆယ်တန်တို့ တစ်ရာတန်တို့ နှစ်ရာတန်တို့ ဆိုတာတွေဟာ ဒါ ဖလှယ်လို့ ရတယ်။ အဲဒီနှစ်ရာတန် ငွေစက္ကူရှိရင် တစ်ခုခု သွားဝယ်လို့ရတယ်။ အဲဒါဖလှယ်လို့ရလို့တန်ဖိုးရှိတာ။ အဲဒီ ဥစ္စာကို အစိုးရကနေ ဒီငွေစက္ကူကို တရားမဝင်ကြေငြာလိုက်တယ်ဆိုလို့ရှိရင် အဲဒီစက္ကူဟာ စက္ကူစုတ်ဖြစ်သွားတာ။ ဘာ တန်ဖိုးမှ မရှိတော့ဘူး။

နောက်တစ်ခုက မြတ်နိုးမှု တန်ဖိုးတဲ့။ မြတ်နိုးမှုတန်ဖိုး ဆိုတာ ဘယ်သူကမှ ပေးထားတာ မဟုတ်ဘူး။ ကိုယ့်ဟာကို မြတ်နိုးလို့ တန်ဖိုးထားတာ။ ကိုယ်ချစ်တဲ့သူက ပေးလိုက်တဲ့ လက်ကိုင်ပဝါလေးမို့လို့ နှာခေါင်းလေးတရှုတ်ရှုတ်နဲ့ အိပ်ယာခေါင်းအုံးဘေး ထားအိပ်တယ်ဆိုပါတော့၊ အဲဒီကျတော့၊ သူ ဘာတန်ဖိုးမှ မရှိဘူး၊ မြတ်နိုးလို့ တန်ဖိုးရှိနေတာ။

တန်ဖိုး (၃) မျိုးက ဘာတဲ့တုန်း။ ပထမဆုံးက ပင်ကို တန်ဖိုး။ ဒုတိယက ဖလှယ်ရည်တန်ဖိုး။ တတိယ မြတ်နိုးမှု တန်ဖိုး။ အဲဒီတော့ မင်းကို အဖေက သားသမီးမို့လို့ချစ်တဲ့ သဘောမျိုးနဲ့ ကလေးကို ချစ်နည်းမျိုးနဲ့

ချစ်နေလို့ရှိရင် မင်းမှာ ပင်ကိုတန်ဖိုး မရှိလို့ရှိရင်၊ အဲဒါမြတ်နိုးမှုတန်ဖိုးပဲ ရှိတယ်။ မင်းမှာ ပင်ကိုတန်ဖိုးမရှိဘူး၊ နားလည်လား။

မင်းကိုယ်တိုင်ကနေ အသုံးဝင်လာအောင်၊ ကိုယ့်ကိုယ်ကို တန်ဖိုးရှိလာအောင်လုပ်နိုင်မှ လုပ်အားရှိလာအောင် လုပ်နိုင်မှ၊ လုပ်အားသွင်းနိုင်မှ၊ မင်းအချိန်ကို ကျကျနန အသုံးချပြီး လုပ်အားသွင်းနိုင်မှ မင်းမှာ ပင်ကိုတန်ဖိုးထွက်တာ။ အဲဒီ ပင်ကိုတန်ဖိုးရှိလာအောင် လုပ်ရတယ်။ အခုပြောတဲ့ ဥစ္စာတွေ နားလည်တယ်နော်။

## စာရိတ္တတန်ဖိုး

ကောင်းပြီ ခုနက ကိုယ့်ကိုယ်ကို တန်ဖိုးရှိအောင်၊ လုပ်အားသွင်းပေးရတယ်။ အချိန်ကို အသုံးချတဲ့ အထဲမှာမှ၊ အဲဒီတန်ဖိုးတွေထဲမှာ ဘာတန်ဖိုး တစ်ခါတက်လာပြန်လဲ ဆိုတော့ စာရိတ္တတန်ဖိုးဆိုတာရှိတယ်။ စာရိတ္တတန်ဖိုးဆိုတာ ပင်ကိုတန်ဖိုးထဲမှာ စာရိတ္တတန်ဖိုးပါတယ်။ ရိုးသားရတယ် မရိုးသားလို့ရှိရင် ကြာလေကြာလေ သူဟာ ကျဆုံးလေပဲ။

တကယ်လို့ မရိုးသားရင် ဘာမှ သုံးစားလို့ မရတော့ဘူး။ ဟိုအလုပ်သွား လျှောက်သလိုပေါ့ကွာ၊ အလုပ်သွား လျှောက်တဲ့အခါ

"မောင်ရင် အရက်သောက်တတ်သလား"

"မသောက်တတ်ပါဘူး"

"ဖဲ ရိုက်တတ်သလား"

"မရိုက်တတ်ပါဘူး"

"မိန်းမလိုက်စားတတ်သလား မလိုက်ပါဘူး"

"မင်း ဂျင်တို့ ဘာတို့ လောင်းကစားတို့ ဝါသနာပါသလား"

"မပါပါ ဘူးခင်ဗျ"

"ဒါဖြင့်မင်းမှာ ဘာချို့ယွင်းချက်ရှိတုန်း" ဆိုတော့–

"ကျွန်တော် တစ်ခါတစ်ခါတော့ လိမ်ပြောပါတယ်"တဲ့။

အဲဒီတော့ သူရှေ့က ပြောတာတွေ ဘာသွားယုံရမှာတုံး။ တစ်ခါတစ်ရံကျတော့ လိမ်ပြောတာတွေဆိုတော့၊ ရှေ့ကပြောတာတွေ တစ်ခုမှယုံလို့မရတော့ဘူး။ ပြောချင်တဲ့ အဓိပ္ပာယ်က စီးပွားပျက်တာ ရှာလို့ရတယ်၊ ပြန်ရှာလို့ရတယ်။ စာမေးပွဲကျတဲ့ဥစ္စာ ပြန်ဖြေလို့ရတယ်၊ အောင်နိုင်တယ်၊ စာရိတ္တကျဆုံးသွားပြီဆိုရင် အဲဒါမလွယ်တော့ဘူးလို့သာ အောက်မေ့လိုက်တော့။

## ငွေပင်လယ်

ငါတလောတုန်းက ဆောင်းပါးလေးတစ်ပုဒ် ရေးလိုက်တယ်၊ "ငွေပင်လယ်" တဲ့။ အဲဒီဥစ္စာကို ရေးလိုက်တာပါ။ ငွေကြေးခနဆိုတာ အတိုင်းမသိနက်ရှိုင်းသော ပင်လယ်နဲ့တူတယ်။ အဲဒီပင်လယ်ထဲမှာတဲ့၊ ခုနတုန်းက စာရိတ္တရယ်၊ သိက္ခာရယ်၊ လိပ်ပြာရယ်၊ သစ္စာရယ်၊ ဒီသုံးမျိုးလုံး ငွေပင်လယ်ထဲမှာ နစ်ပြီးသွားတတ်တယ်။ အဲဒီအကြောင်းလေးကို ရေးတာ။ ရေးတော့ ဒီအထဲမှာ ငါကချဲ့ပြီးတော့ ရေးထားတာ။ ဒီစာလေးကို ကျွန်တော် သိပ်ကြိုက်တယ်။ ကျွန်တော်ကိုယ်ကျွန်တော် ပြန်စစ်ဆေးကြည့်တဲ့အခါမှာ ကျွန်တော် အဲဒီငွေပင်လယ်ထဲမှာ တစ်ခါမှ မနစ်ခဲ့ဖူးဘူး။ ကျွန်တော် စာသင်

ခြင်း စာရေးခြင်းနဲ့ပဲ ထမင်းစားခဲ့တယ်။

ကျွန်တော် တိုက်ကလေးတစ်လုံး ဆောက်တယ်၊ နှစ်ထပ်တိုက်လေးပါ။ နေပျော်လောက်အောင် အနေအထားလေး ရှိပါတယ်။ နေသာထိုင်သာ ရှိပါတယ်။ အဲဒီတိုက်ထဲမှာလည်း ဘိလပ်မြေတွေ မဆလာတွေထဲမှာ ကျွန်တော့်ရဲ့ သိက္ခာနဲ့ လိပ်ပြာကို အနစ်မွန်းမခံခဲ့ဘူး။ ကျွန်တော် သန့်သန့်ရှင်းရှင်း ဆောက်ခဲ့တာ။ အဲဒီအတွက်ကို ဒီလို နေခွင့်ရတဲ့အတွက်ကြောင့်၊ ကျွန်တော့် ဇနီးသားသမီးတွေကိုလည်း ကျေးဇူးတင်တယ်။

သူတို့သည်သာလျှင် တကယ်လို့ လော်မာတဲ့စိတ်မျိုး ရှိရင်၊ လော်လီတဲ့ စိတ်မျိုးရှိမယ်ဆိုရင် ကျွန်တော် ဒီလောက်ထိအောင် ကြံ့ကြံ့ခံနိုင်မှာမဟုတ်ဘူး။ သို့သော် သူတို့ကို ကျွန်တော် ကျေးဇူးတင်တယ်လို့ဆိုပြီး နောက်က ဘာလုပ်လိုက်သလဲ ဆိုတော့ ကျွန်တော်ဟာ ဗုဒ္ဓဘာသာဝင် လူတစ်ယောက်ဖြစ်တယ် ဆိုတာ လူတိုင်းသိကြပါတယ်။ သို့သော် ဒီနေရာမှာတော့ဖြင့် ခရစ်ယာန်တို့ရဲ့ စကားလေးဆိုပြီးတော့ နိဂုံးချုပ်ပါရစေလို့။

"အို... အဖဘုရားသခင်၊ သားတော်ဟာ သန့်ရှင်းသော ထမင်းကို စားစေ၍၊ သန့်ရှင်းသောအိမ်၌ နေခွင့်ပေးခြင်းကြောင့်၊ အဖဘုရားသခင်ရဲ့ကျေးဇူးတော်ကို ချီးမွမ်းပါ၏။ အာမင်" ဆိုပြီး အဆုံးသတ်လိုက်တယ်။

မျက်စိအောက်တွင် မြင်နေရတာပဲ၊ စာရိတ္တတွေ၊ စရိုက်တွေ၊ အကုန်လုံး ငွေပင်လယ်ထဲ နစ်ကုန်ကြတာ၊ ဟုတ်လား။ ရာထူးနဲ့ လခက မမျှဘူး။ တိုက်ကြီးက ဆောက်လိုက်တာ ဟီးလို့။ ဘယ်ကရတဲ့ ပိုက်ဆံတွေလဲဆိုတာ သိနေရတာပဲ။

ကောင်းတော့ကောင်းပါတယ် ဘာကောင်းတုံးဆိုတော့ ရှက်ဖို့ ကောင်းတယ်။ ငါ အဲဒီလိုမနေခဲ့ဘူးကွ။ ထားပါတော့၊ ပြော ချင်တာက အဲဒါထိန်းသိမ်းရတယ်။ ကိုယ့်သိက္ခာကို ကိုယ် ထိန်းသိမ်းရတယ်။

## ပင်ကိုတန်ဖိုး တက်ပါစေ

အဲဒီတော့ ခုနတုန်းက ပြောသလို လုပ်အားသွင်းရ တယ်။ တန်ဖိုး သုံးမျိုးမှာ ပင်ကို တန်ဖိုးတက်လာအောင် လုပ်ရတယ်။ မြတ်နိုးမှု တန်ဖိုးတင် ရပ်မနေဘဲနဲ့ အဖေမို့လို့ ချစ်တယ်၊ အမေမို့လို့ချစ်တယ်၊ အမေ အဖေက ကိုယ်သား မို့လို့ချစ်တယ်၊ သမီးမို့လို့ ချစ်တယ်။ အဲဒါမျိုးနဲ့ ရပ်မနေဘဲ ပင်ကို တန်ဖိုးတက်လာအောင် လုပ်ရတယ်။ ပင်ကို တန်ဖိုး တက်လာအောင် လုပ်အား သွင်းပေးရတယ်။ လုပ်အားသွင်း နိုင်လေ သွင်းနိုင်လေ တန်ဖိုးတက်လေလေပဲ။

စောစောက ပြောတာ မှတ်မိမှာပေါ့၊ လောက်စာလုံး လုံးတာနဲ့ တန်ဖိုးတက်သွားတာ။ လုပ်အားများသွားတာကိုး၊ ဟုတ်ဘူးလား။ အဲဒီက ပိုပြီးတော့ အိုးပုတ်တို့၊ ဂျိုးရုပ် တို့ ဘာတို့ညာတို့စသည်အားဖြင့် လုပ်လိုက်တဲ့အခါ တန်ဖိုးပို တက်သွားတာ။ အဲဒီတော့ ပင်ကိုတန်ဖိုးတက်လာအောင် လုပ်ရတယ်။ လူတစ်ယောက်မှာ အဲဒါသိပ်အရေးကြီးတယ်။

## များပုံပြင်

ကိုင်း ပြန်စဉ်းစားရအောင်။

"လူနဲ့ တိရစ္ဆာန်မှာ ဘယ်သူက သာတုံး"

"လူက သာတယ်"

ဆက်မေးမယ် "နေရာတကာမှာ သာသလား"။

"မသာဘူး"

"မင်း ဆင်လောက် အားရှိလား၊ မရှိဘူး"

"မြင်းလောက် အပြေးသန်လား၊ ငါးလောက် ရေကူး တတ်သလား"

"မကူးတတ်ပါဘူး။ ဟုတ်ဖူးလား"

ကဲ... တိရစ္ဆာန်က သာတာတွေအများကြီး ဖြစ်မနေ ဘူးလား၊ ညီးတို့ အလ်ဇေးရှင်းခွေးလောက် အနံ့ခံကောင်း လား၊ ဒီလူအုပ်ထဲမှာ လူတွေ အများကြီးထဲမှာ သူ့သခင်ရဲ့ အနံ့ကို ခွဲသိတယ်နော်။ အလ်ဇေးရှင်းခွေးက အဲဒီလောက် သိတာ။ ခွေးက အနံ့ခံသိပ်ကောင်းတာ၊ အထူးသဖြင့် အယ် ဇေးရှင်းပေါ့။

အဲဒါပြီးတော့ တစ်ခါ လူက အဖွဲ့အစည်းနဲ့ ဘာနဲ့ အသင်းအဖွဲ့အစည်းအရုံးနဲ့ ဘာနဲ့ နေကြပေမယ့် ပျားလောက် မစည်းရုံးဘူး။ ပျားကပိုပြီး စည်းရုံးတယ်။ သိပ်စည်းရုံး တာ။ ဟိုဘက်မှာ ပန်းတောတစ်ခု တွေ့တယ်ဆိုလို့ရှိရင် အဲဒီပျားက ဒီဘက်ကို ပြန်ပြီး သတင်းပို့တာ။ ဒီမှာရှိတဲ့ ပျားအုံဆီကို ပြန်လာပြီး ဟိုဘက် မြောက်ဘက် တစ်မိုင်ခန့် အကွာမှာ ပန်းတောကြီးတစ်ခုရှိတယ်။ ဝတ်ရည်ချိုမြစ်ရည်ဆိုပြီး ပြန်ပြီးသတင်းပို့တာ။ သတင်းပို့တဲ့အခါကျတော့ ဘယ်ညာတွေ သတိအနေအထားတွေတော့ မဟုတ်ဘူးပေါ့။ ပျားစင်လူငယ် တို့ ရှိတာမှ မဟုတ်ဘဲနဲ့။ ဟိုသွားတာကနေပြီး ပြန်လာပြီး ပျားအုံကိုပတ်ပျံနေတာ။ တကယ်လို့ တစ်မိုင် ဝေးတဲ့နေရာ ဆိုလို့ရှိရင်၊ ဒီမှာတစ်မိုင် ပတ်ပျံတာ။ အဲဒီတစ်မိုင်ပတ်ပြီးတော့မှ ပျားအုံထဲကို ကလွှဲဆို ထိုးဝင်လိုက်တာ။

အဲဒီပန်းတောရှိတဲ့ အရပ်မျက်နှာကနေ တည့်တည့် ပျားအုံထဲ ထိုးဝင်လိုက်တာ။ ဝင်လိုက်တဲ့အခါ ကျန်ပျားကောင်တွေက ကြည့်နေတာ။ သူ သတင်းပို့နေပြီဆိုတာ သိတယ်။ အဲဒီကျတော့မှ ပျားတွေက အကုန်လုံး အဲဒီကို သွားတာ။

*အပြန် အပြန် အပြန်လားကွယ့်၊ အသွား အသွားပါဗျို့ ××× ပန်းရည်ဘဏ်တိုက် သောက်ကြပါလေကုန်။*

သွားပြီးတော့မှ အဲဒီကနေ ပျံလာတဲ့အခါကျမှ အဲဒီပန်းဝတ်ရည်တွေကို ပျားအုံထဲကို ပြန်ပို့ပေးတာ။ ဘယ်ပျားကမှ ပျားရည်ကို မှောင်ခိုဈေး သွားမရောင်းဘူး။

အဲဒီတော့ ပျားအုံကိုလာဖွပ်လို့ရှိရင်၊ အကုန်လုံးအသေခံတိုက်တာ။ ခုခံတာ။ မီးတုတ် မီးသီးတွေနဲ့ အဲဒီကို သွားဖွပ်ကြည့် အဲဒီကောင်တွေက အသေခံတိုက်တာ။ မျိုးချစ်စိတ်ကလည်း တကယ့်ကိုအပြည့်။ စည်းလုံးခြင်းမှာ လူက ပျားကို မမီဘူး။

သတိကျတော့ ကျားသစ်လောက် မကောင်းဘူး။ အားကျတော့ ဆင်က ကြီးတယ်။ အပြေးသန်တာကျတော့ မြင်းကသန်တယ်။ အနံ့ခံကျတော့ ခွေးကကောင်းတယ်။ စည်းလုံးခြင်းမှာတော့ ပျားက သာတယ်။

အဲဒီတော့မှ ဘယ်သတ္တဝါ၊ ဘယ်တိရစ္ဆာန်ထက်မဆို လူကသာတာ ဘာလဲဆိုတာ ရှာလိုက်တော့ သိပ္ပံပညာရှင်တွေနဲ့ ဒဿနပညာရှင်တွေတွေ့တဲ့ ဥစ္စာက (၃)မျိုးပဲရှိတယ်။

တစ်အချက် ကျိုးကြောင်းပညာကြီးခြင်း၊ နှစ်အချက်က ကိုယ်ကျင့်တရား ရှိခြင်း။ သုံးအချက်က အလှအပကို ခံစားဖန်တီးတတ်ခြင်း၊ အဲဒီသုံးချက်ပဲ ရှိတယ်။

## စစ်ခွေးလေ့ကျင့်ရေး

ကျိုးကြောင်းပညာကြီးခြင်း၊ ခွေးလည်းကျိုးကြောင်းပညာမရှိဘူးလား ဆိုတော့ ရှိတယ်။ ထိုက်သင့်သလောက်တော့ရှိတယ်။

ငါက မေမြို့(ပြင်ဦးလွင်) စစ်တက္ကသိုလ်မှာနေတော့ လွတ်လပ်ရေးအောင်ပွဲတို့ ဘာတို့ အားကစားပွဲတွေပေါ့၊ တပ်နယ်အားလုံးဆိုင်ရာ ကစားပွဲတွေမှာ ငါက မိုက်ခရိုဖုန်းအမြဲတမ်း ကိုင်ရလေ့ရှိတယ်။ ကိုင်ပြီးတော့ မီတာ တစ်ရာပြေးပွဲ မကြာခင်မှာ စမယ်၊ သွေးပူလေ့ကျင့်ခန်း လုပ်ထားကြပါ။ ဒိုင်လူကြီးများမှ ကွင်းလယ်ကိုနေရာယူကြပါ။ ဘာညာဒါတွေဘာတွေ အကုန်လုံး ကွင်းတစ်ကွင်းလုံးကို ဂိုက်ပေးတာ ငါက အကုန်လုံး ဂိုက်ပေးသွားရတယ်။

အဲဒီမှာနေခဲ့တုန်းက စစ်ခွေးလေ့ကျင့်ရေး ဆိုတာလည်း ရှိတယ်။ အဲဒီစစ်ခွေးတွေကို Training ပေးတာပေါ့လေ။ မိုင်းရှာတာတို့ ဘာတို့ ညာတို့ အကုန်လုံး သင်ပေးရတယ်။ ပြီးတော့ ခွေးနဲ့လူလည်း သားအဖလို နေကြတာပဲ။ ခွေးနဲ့လူ မတူတာ ဒီလိုရှိတယ်။

လူဆိုပါတော့။ ကျွန်တော်က တပ်စိတ်တစ်စိတ်ကို လေ့ကျင့်ပေးလိုက်တယ်။ အဲဒီတပ်စိတ်ကို ပြန်ပြီးတော့ တစ်ဦးဦးကို လွှဲပေးလိုက်တယ်ဆိုပါတော့။ သူကဆက်ပြီး ကိုင်တွယ်သွားလို့ ရပါတယ်။

ခွေးကျတော့ အဲဒီလိုကိုင်လို့ မရဘူး။ သူ့သခင်နဲ့သူမှရတယ်။ စစ်မြေပြင်ကို သွားရတော့မယ်ဆိုရင် သခင်က ခွေးနဲ့ အတူလိုက်ရတယ်။ အဲဒီလို သွားရတယ်။ သွားတော့

ဥပမာ ဆိုကြပါစို့ မိုင်း(၆) လုံး မြှုပ်ထားတယ်။ ကျွန်တော်တို့ ဒီမှာ မိုင်း(၆)လုံးဖော်မယ်ဆိုရင် အမြီး တစ်ရမ်းရမ်းနဲ့သွားပြီး မိုင်းရှေ့နားလေးမှာ လက်ခြစ်တယ်။ မိုင်း(၆)လုံးစလုံး ပြီးတဲ့ အခါ သူက ထိုင်နေတယ်။ ပြီးသွားပြီပေါ့၊ ခွေးကိစ္စပြီးပြီ၊ လူကိစ္စ ဆက်လုပ်ပေါ့။ (ရယ်သံများ)

ဒီလိုသူတို့က လေ့ကျင့်ထားပေးလေ့ရှိတယ်။ အဲဒါတင် မဟုတ်သေးဘူး။ ခွေးသုံးကောင်တန်း ချီတက်သွားမယ်ဆို လို့ရှိရင် ဘယ်ဘက်ကွေ့ဆိုရင် ဒီဘက်ဆုံးခွေးက ဟိုဘက် ခွေးနဲ့အတန်းညီအောင် Mark Time လုပ်ပြီး စောင့်နေပါ တယ်။ အဲဒီလောက်ထိ လိမ္မာတယ်၊ ဟိုရန်သူစောင့်တဲ့ ခွေးတို့၊ အိမ်စောင့်တဲ့ခွေးတို့ ဆိုလို့ရှိရင် အဲဒီမှာ Charge him ဆိုပြီး တော့ အင်္ဂလိပ်လို အမိန့်ပေးလိုက်လို့ရှိရင် တစ်ခါတည်း ဒီကောင်ကိုပြေးပြီးတော့ လည်ပင်းကို တန်းဟပ်တာပဲ။ လက် နက်ပါလို့ရှိရင် လက်နက်ကိုင်တဲ့လက်ကို အရင်တားထား တယ်။

ရန်သူလုပ်တဲ့ကောင်ကတော့ အင်္ကျီထဲမှာ ခွေးကိုက်ခံ နိုင်အောင် ဂွမ်းစကြီးတွေ ဘာတွေခံထားရတာပေါ့။ ခွေးကိုက် လို့ မပေါက်နိုင်တဲ့ အင်္ကျီကြီးတွေဝတ်ထားရတယ်၊ လည်ပင်း ကို အတင်းကာထားရတယ်။

Stop ဆိုတော့မှ ဟိုကောင်က ပြန်လာတယ်။ ပြန် လာတဲ့အခါကျတော့ အဲဒီခွေးက အခုန ရန်သူလုပ်တဲ့ကောင် နဲ့ သူနဲ့ ဘာမှမဆိုင်သလိုဘဲ။ ဒီကောင်ကို ကိုက်ဆိုကိုက်၊ ဆော်ဆို ဆော်ထည့်လိုက်တာပဲ။

အဲဒီလောက်ထိလိမ္မာတယ်။ အဲဒါနဲ့ စစ်ခွေးလေ့ကျင့် ရေးတပ်က ဗိုလ်ချစ်မောင်ကို မေးကြည့်တယ်။ ခုတော့

သူလည်း ဘယ်ရောက်နေလဲ မသိတော့ပါဘူး။ ကဲ…ဒါတွေ ထားလိုက်ပါတော့။

ခွေးတွေရဲ့ ကျွမ်းကျင်မှုပြပွဲတွေ ရောက်တဲ့အခါကျ တော့ အယ်ဖေးရှင်းခွေးတွေပဲပြတာ။ ပြတော့ ငါက–

"ဗိုလ်ချစ်မောင်၊ ခင်ဗျားတို့ training တွေ သိပ်ကောင်း တယ်၊ သိပ်တော်တယ်။ ဒါပေမဲ့ ခင်ဗျားတို့ပြတဲ့ဥစ္စာ ကျုပ် တွေ့ရတာတော့ အယ်ဖေးရှင်းခွေးတွေချည်းပဲဗျ။ မြန်မာ ခွေးတွေ ကျင့်လို့မရဘူးလား၊ မသုံးဘူးလား" ဆိုတော့–

"ဟာရတယ်ဗျ Very Intelligent တဲ့။ သင်လို့သိပ် တတ်လွယ်တဲ့ ကောင်တွေ" တဲ့။

"ဒါပေမယ့် ခင်ဗျားတို့ပြတာ တစ်ခါမှ မတွေ့ရပါလား"

"ဟာ တစ်ခုရှိတယ်ဗျ၊ ခင်ဗျား ဗမာခွေးက ဗမာနဲ့ ခပ်ဆင်ဆင်၊ ဘယ်လောက် တတ်နေပေမယ့်လို့ စိတ်ကူး မပေါက်ရင် မလုပ်ဘူးဗျာ" တဲ့။ "အဲဒီတော့ ကျုပ်တို့က စစ်မြေပြင်သွားရတာ၊ ကျွန်တော်တို့က ဒီခွေးတွေကို စစ်မြေ ပြင်မှာ သုံးရတာ၊ စစ်မြေပြင်မှာ စိတ်ကူးမပေါက်လို့ မလုပ်လို့ ရှိရင် ဘယ့်နှယ်လုပ်မလဲဗျ၊ စစ်မြေပြင်မှာ အဲဒီလိုလုပ်လို့ မရဘူးဗျ၊ သင်လို့ကတော့ သိပ်တတ်လွယ်ပါတယ်ဗျာ။ သိပ် တတ်လွယ်တဲ့ကောင်တွေပါ"တဲ့။

"အဲဒါ ဘာပြုတုံး ဗိုလ်ချစ်မောင်"လို့ မေးလိုက်တဲ့အခါ

"ကျွန်တော်တို့က ခွေးတွေကို အဆင့်နှိမ့်ပြီး ဆက်ဆံ တယ်" တဲ့။

သတိထားတော့နော် သူတို့ခွေး ခွေးနေရာနေ၊ လူနား မလာနဲ့၊ ကြွေးတာစား၊ ကျန်မှစား၊ မကျန်ရင်မစားနဲ့ ခွေး နေရာမှာပဲထားပြီး လူနား အကပ်မခံဘူး။ ခွေးကတက်မှာနေ

လူနားမလာနဲ့၊ အဲဒီလိုထားတာဗျ။ အဲဒီလိုဖြစ်တော့ ခွေးတွေရဲ့ mentality ခေါ်တာပေါ့ စိတ်နေသဘောထားက နိမ့်သွားတယ်တဲ့။ သူတို့စိတ်နေ သဘောထားက အဆင့်မမြင့်ဘူး။ စဉ်းစားပုံ စဉ်းစားနည်းက ဉာဏ်ကောင်းတယ်။ ဒါပေမဲ့ စိတ်နေစရိုက်အဆင့်က မမြင့်ဘူး တဲ့။

"ဒါဖြင့် ခင်ဗျားတို့ အယ်ဖေးရှင်းနဲ့ ကျတော့ရော" ဆို တော့–

"ခင်ဗျားတို့ အယ်ဖေးရှင်းနဲ့ ကျွန်တော်တို့နဲ့က ဆက်ဆံတာကို ကြည့်စေချင်တယ်၊ ကျုပ်တို့ သားအဖလိုနေတာ။ သူ့ခွက်ကို ကျုပ်စားဖို့ ဝန်မလေးဘူးနော်၊ အဲဒီလို ဆိုတော့ ခွေးရဲ့စိတ်ဓါတ်ကိုက မြင့်လာတယ်"တဲ့။

"ဒါဖြင့်ရင် ကျုပ်တို့ ခွေးတွေကို အဲဒီလိုမြှင့်ပြီးတော့ ဆက်ဆံပေးလို့ရှိရင် မြင့်လာနိုင်သလား" ဆိုတော့–

"ဟာ...ဦးအောင်သင်းကလည်း ဒါခင်ဗျားနဲ့ကျွန်တော်နဲ့ နှစ်ယောက်တည်း လုပ်လို့ရတဲ့ ကိစ္စမျိုး မဟုတ်ဘူးဗျ၊ တစ်မျိုးသားလုံးက လုပ်လာရမှာ"တဲ့။

"လုပ်တဲ့အခါမှာလည်း ခွေးဆင့်တစ်ဆင့်နဲ့မရဘူး။Generation to Generation (၁၅)ဆက်လောက်သွားရမှာ။ အနည်းဆုံး ခွေးမျိုးဆက် (၁၅)ဆက် (၁၆)ဆက်လောက် ရှိတော့မှ ဒီခွေးတွေက mentalitis က မြင့်လာမှာပေါ့" တဲ့။

"ခင်ဗျား အဲဒါလုပ်နိုင်သလား" ဆိုတော့–

"ဟာ...တော်ပါပြီဗျာ ဒီလိုတော့လည်း ဘယ်လုပ်နိုင်ပါ့မလဲ" လို့။ (ရယ်သံများ)

## ကလေးတွေကို လူရာသွင်းပါ

အဲဒီတော့ ပြောချင်တဲ့ အဓိပ္ပာယ်ချုပ်ချင်တာက၊ ခွေးတွေမှာလည်း စိတ်ဓာတ် အနိမ့်အကျရှိတယ်။ ဒါကြောင့် ကလေးတွေဘာတွေ ဆက်ဆံတဲ့ ဥစ္စာတွေမှာ ကလေးတွေကို မြှင့်ပြီးဆက်ဆံရတယ်။

ကိုယ့်သားသမီး ဆိုပြီး ကလေးတွေ ဒီနားမလာနဲ့ ဟို နား မသွားနဲ့ မလုပ်ရဘူး။ ကလေးတွေကို လူရာသွင်းရတယ်။ လူရာသွင်းမှ လူရာဝင်တာ။ ကလေးတွေကို လူကြီးလူကောင်းအဖြစ် သဘောထားပြီး ဆက်ဆံလို့ရှိရင် လူကြီးလူကောင်းစိတ် ပေါက်လာတယ်နော်။ ကျွန်တော်တို့ အဲဒါကို စဉ်းစားကြရတော့မယ်။ ကိုယ့်သားသမီးတွေကို စိတ်ဓာတ်မြင့်လာအောင် ပျိုးထောင်ပေး။ ဘာလို့လဲဆိုတော့ သူတို့ဟာ ကျွန်တော်တို့ရဲ့ အနာဂတ်။ ဒါကြောင့် စာကြည့်တိုက်ရှိတဲ့ နေရာတွေမှာ ဟောပြောပွဲတိုင်း ကလေးကစားကွင်းရှိပါစေလို့ အမြဲတမ်းပြောတယ်။ ကလေးကစားကွင်း လုပ်ပေးရမှာပေါ့။ ကလေးကျတော့ ကမြင်းကြောထတယ်၊ လူကြီးကျတော့ အားကစားဆိုတော့ အဓိပ္ပာယ် မရှိဘူး။

ကလေးတွေကျတော့ ဘောလုံးကွင်းလေး တစ်ကွင်းစာတောင် လုပ်မပေးချင်ဘူး။ လူကြီးတွေရဲ့ ဂေါက်ကွင်းကျတော့ ဧရာမ အကျယ်ကြီး။ (လက်ခုပ်သံများ)

ကလေးကစားကွင်း ရှိရတယ်။ အခုဒီ ဟံသာဝတီဆို ဘုန်းကြီးကျောင်းဝိုင်းကြီး အကျယ်ကြီး သိပ်ကောင်းတာ။ ဒီနေရာမှာ ကလေးတွေ ကစားရမှာ။ ကစားရင်းကနေ စာကြည့်တိုက်ကိုသွား။ အဲဒီလို တစ်ဆင့်တစ်ဆင့်သွားရတာ။

## တရားမချသေးဘူး

ထားလိုက်ပါတော့ ခုနကဥစ္စာ ပြန်ပြောလိုက်ဦးမယ်။ ခွေးတွေမှာ အကျိုးအကြောင်း အသိပညာမရှိဘူးလားဆိုတော့ ရှိပါတယ်။ သို့သော် လူလောက်တော့ မမီတော့ဘူး။ အခုပြောတာ နားလည်တယ်နော်။ တော်တော်လေး တဖြည်းဖြည်းနဲ့ ညဥ့် နက်လာပြီနော်။

တော်ကြာကျတော့ ဘုန်းကြီးတစ်ပါးက တရားက တော်တော်နဲ့ မချနိုင်သလိုပေါ့။ တော်တော်နဲ့တရားမချတဲ့ခါကျ အထဲထဲမှာရှိတဲ့ မိန်းမတစ်ယောက်က သူ့ရင်ခွင်မှာ အိပ်နေတဲ့ ကလေးကို ဆိတ်ဆွဲလိမ်တော့ ကလေးက 'အဲ့' လို့ အော်တဲ့အခါ 'သေချင်းဆိုးတိတ်ဟဲ့ နင်အဖေက ခုထက်ထိ တရားမချသေးဘူး' တဲ့။ (ရယ်သံများ)

အခုလည်း ပွဲလည်ကနေ ကလေးဆိတ်ဆွဲပြီး ထအော်နေရင် ဒုက္ခရောက်နေဦးမယ်။

## သူတစ်ပါးစားတာမကြိုက်သူ

ထားလိုက်ပါတော့၊ အဲဒါ လူက အသိဉာဏ်ရှိလို့။ နောက်တစ်ခုက ကိုယ်ကျင့်တရား။ ဘယ်တိရစ္ဆာန်ထက်သာတာက ပထမဆုံးက ကျိုးကြောင်း ပညာကြီးခြင်း၊ ဒုတိယက ကိုယ်ကျင့်တရားရှိခြင်း၊ တတိယက အလှအပကို ခံစားဖန်တီးတတ်ခြင်း၊ဒီသုံးခုဟာ ဘယ်တိရစ္ဆာန်ထက်မဆို လူကသာတယ်။

အဲဒီတော့ ကိုယ်ကျင့်တရားကျတော့ ဥပမာ–ကျားတစ်ကောင်က သမင်မတစ်ကောင်ကို စားလိုက်တယ်။ ဆိုပါတော့ သမင်မကြီးကို စားပစ်လိုက်တာပဲ စားပြီးတော့ ဝထွက်

သွားတာပဲ ကျန်တဲ့ဥစ္စာ ခွေးစားစား၊ လင်းတစားစား၊ ကျီး ထိုးထိုး လှည့်မကြည့်ဘူးနော်။

သူ့ဝတာနဲ့ ပြီးသွားပြီ။ သမင်မကြီးကို စားလိုက်တဲ့ အတွက်ကြောင့် အဲဒီသမင်မကြီးတွေရဲ့ သားလေးတွေမှာ၊ ကလေးတွေမှာ မိတဆိုးဖြစ်ရှာလိမ့်မယ်ဆိုတာ သူ့ကိစ္စ မဟုတ် ဘူး၊ မစဉ်းစားဘူး၊ ဘာကြောင့်လဲဆိုတော့ သူက ကိုယ်ကျင့် တရား မလိုဘူး။ ဝရင်လည်း ထားပစ်ခဲ့တာပဲ သွားတာပဲ။ အဲ– လူတစ်မျိုးပဲ၊ ကိုယ်စားလို့ ဝရဲ့သားနဲ့လည်း သူတစ်ပါး စားတာ မကြိုက်ဘူး။ (လက်ခုပ်သံများ) လူက အလွန် ဇယား ရှုပ်တယ်။

## လှစေချင်လို့ပါ

ခုနက ကျိုးကြောင်းပညာကြီးခြင်း။

ကိုယ်ကျင့်တရားရှိခြင်း။

နောက်တစ်ခုက အလှအပကို ခံစားတတ်ခြင်း ဖန်တီး တတ်ခြင်း။

ဆိုကြပါစို့၊ အလှအပဟာ လူတွေလုပ်တဲ့ ပစ္စည်းဟူ သမျှမှာ အလှအပသဘော မပါတဲ့ဥစ္စာ မရှိသလောက်ပဲ။ ဒီရှေ့မှာ ပန်းအိုးလေးသုံးလုံး ချထားတာ။ ဘာလုပ်ထားကြ တာလဲ၊ မရှိလဲဖြစ်သား။ ဘာပြုလို့ ချထားတာလဲဆိုတော့ လှချင်လို့ပေါ့။ စဉ်းစားကြည့် ဒီမှာ ဒီလိုပုံလေးနဲ့ ဒီလိုကိုင်း လေးနဲ့။ တစ်ခါတစ်ရံမှာ အမြောင်းလေးတွေပါတယ်၊ အခက် တွေ ပါသေးတယ်။ ဘာလုပ်ဖို့လဲ ဒါဆိုတော့ လှကို လှချင် တာ၊ လှစေချင်တာ။

ညီးတို့ဆံပင်ကိုသွားပြီး အလှပြင်ဆိုင်သွားပြင်တယ်။ ဒို့လည်း ဆံပင်သွားညှပ်တယ်ပေါ့။ ပြင်လိုက်တယ်၊ ပြီးတော့ ဆံပင်လေးဒီနားလေးက ဒီလိုချထားတယ်၊ ပြီးတော့ ဆံပင်လေးကို ဒီလိုလေးလုပ်လိုက်၊ ဟိုလိုလေးလုပ်လိုက်ပေါ့ ဟုတ်လား။

အဲဒါဘာလုပ်ဖို့လဲဆိုတော့ လှချင်လို့၊ ဘယ်တိရစ္ဆာန်ကမှ ကိုယ့်အမွေးနဲ့ ပတ်သက်ပြီး ဒီလောက်အလုပ်မရှုပ်ဘူး။ လူတစ်မျိုးပဲ ကိုယ့်အမွေးနဲ့ ပတ်သက်ရင် အလုပ်ရှုပ်တာ။ ဘယ်တိရစ္ဆာန်မှ ဒီလောက်မရှုပ်ဘူး၊ ပြန်စဉ်းစားကြည့်။

အခုဒီစားပွဲမှာ၊ စားပွဲခင်းအဖြူခင်းထားတယ်၊ ဒါလှစေချင်လို့ပဲ၊ တွက်ကြည့်ပါလား။

## ခေါ်သူထူးသူအသံတူ

ခေါ်သူ ထူးသူ အသံတူတယ်တဲ့၊ ရောင်းသူဝယ်သူ အသံတူတယ်တဲ့၊ အဲဒီမှာကိုက အလှအပပါနေတာ။

ဥပမာဆိုပါတော့၊

မြမြရေ .....

တော် .....

အံမယ် ကီးချင်းသွားတူနေတာ။

မြမြ ရေ.....၊ ငါးပေါက်သံဆိုပါတော့၊

တော် ..... ဆိုတာ ငါးပေါက်ပဲ။

မြမြရေ .....

တော်.....။

သူ့အသံနဲ့ လိုက်တယ်၊ ဟုတ်လား။ ခေါ်သူ ထူးသူ အသံတူတယ်တဲ့။ ရောင်းသူဝယ်သူ အသံတူတယ်တဲ့။

မြေပဲလှော် .... မြေပဲလှော် .......
လာပါဦး ...... လာပါဦး ......
အသံက အဲဒီကို လိုက်သွားတာ။
ပေါက်စီ၊ ဆို
လာဦးဟေ့၊ ဒီလိုဖြစ်သွားတာ။

ငါ ရန်ကုန်အလုံမှာနေတော့ ကောင်လေးတစ်ယောက် ရှိတယ်။ သူက သံပရာသီးရောင်းတာ၊ သံပုရာသီးခြင်းလေးနဲ့ တောင်းလေးနဲ့ပေါ့၊ ရှေ့တစ်တောင်း နောက်တစ်တောင်း ထမ်းပိုးလေးနဲ့ အလုံး လေးငါးဆယ်လောက် ပါတယ်။ ရောင်းတဲ့ ဥစ္စာ ဘယ်လို ရောင်းတယ်ထင်တုန်း သူက–

သံပရာသီး x x x သံပရာသီး x x x သံပရာသီး တစ်လုံးငါးပြား x x x ဆယ်ပြားဖိုး သုံးလုံး x x x ဝယ်ချင်ရင် ဝယ်လိုက်x x x မဝယ်ချင်ရင်နေကြ xxx အဝေးရောက်မှ မခေါ်နဲ့ x x x ပြန်မလာတော့ဘူးx x x တဲ့။

အံမယ်... ငါအဲဒီကောင်ကိုပဲ သံပရာသီး စောင့်စောင့် ဝယ်နေရတယ်။ အဲဒီဥစ္စာကို ပြောကြည့်ပါလား၊ သံပုရာသီး တစ်လုံးငါးပြား၊ ဆယ်ပြားဖိုးသုံးလုံး၊ ဝယ်ချင်ရင် ဝယ်လိုက်၊ မဝယ်ချင်ရင်နေကြ၊ အဝေးရောက်မှ မခေါ်နဲ့၊ပြန်မလာတော့ဘူး။

ဘာတုန်းကွ ဒီကောင်က၊ ရောင်းတာက သံပရာသီး၊ အသံက ချဉ်စုတ်စုတ်၊ ပါးပိတ်ချလိုက်ရလို့။ သူက အဲ့ဒီလိုမဟုတ်ဘူးကွ

သံပရာသီးx x x သံပရာသီးx x x သံပရာသီးတစ်လုံး ငါးပြား x x x ဆယ်ပြားဖိုးသုံးလုံး x x x ဝယ်ချင်ရင် ဝယ်လိုက် x x x မဝယ်ချင် ရင်နေကြ x x xအဝေးရောက်မှမခေါ်နဲ့x x x ပြန်မလာတော့ဘူး ...

ကဲ–မကြိုက်ဘူးလား ဂီတသံစဉ်လေးက ချိုနေတာပဲ။ ဒါအလှပဲ။

## စည်းနဲ့ဝါး

အခု မင်းတို့ကိုယ်တိုင် ဒါကိုရယ်နေကြတာပဲ၊ သဘော ကျနေတာ။ အဲဒါ အသံရဲ့အလှနော်။

စည်းနဲ့ ဝါးကို မသိဘူး။ ကျွန်မတို့က သီချင်းတွေ ဘာတွေ မကြိုက်ပါဘူး။ စည်းဝါးတွေမသိဘူး၊ ဘာညာနဲ့။ မဟုတ်ဘူး၊ သိတယ်၊ နားသိတယ်၊ စည်းနဲ့ဝါးကို အလိုလို သိနေတာ။ လူကလည်း စည်းနဲ့ဝါး ပါလာတဲ့ ဥစ္စာကွာ။ ဒီနှလုံးခုန်တာကိုက ဒတ်ဒတ် ဒတ် ဒတ် စည်းနဲ့ဝါးနဲ့ ခုန်နေ တာ။

သူက ဒတ် ရှူး… ရှူး … ဒတ်… ဆို၊ သွားပေတော့ ဆေးရုံကို စည်းဝါးဖောက်သွားပြီ။

လက်နှစ်ဖက်လည်း ဟိုဘက်တစ်ခု ဒီဘက်တစ်ခု၊ နားရွက်နှစ်ရွက်ကလည်း ဟိုဘက်တစ်ခု ဒီဘက်တစ်ခု၊ မျက်လုံးနှစ်လုံးကလည်း ဟိုဘက်တစ်လုံး ဒီဘက်တစ်လုံး၊ တစ်ခုတည်းရှိတဲ့ နှာခေါင်းကျတော့ အလည်ကို ဖမ်းချိတ် ထားတာ။ သူ့ဟာသူအကုန်လုံးက အလေးချိန်ကိုက်နေတာ။ အဲဒီလိုဖြစ်နေတာ၊ စည်းဝါးကိုလည်းသိတယ် အဲဒီကျတော့မှ။

ဥပမာ ကလေး သိပ်တယ် ဆိုပါတော့။ ပုခက်လွှဲလိုက် တဲ့အခါအပေါ်မှာ ကလေးကို ရင်မနားရအောင် အနှီးပိုင်းလေး အဝတ်ပိုင်းလေးတစ်ခုကို ကြိုးတန်းပေါ် တင်ထားတာ၊ လွှဲ လိုက်တဲ့အခါ ဒီကလွှဲလိုက်ရင် အနှီးပိုင်းလေးက၊ ကလေး ကို ယပ်ခတ်ပြီးသားဖြစ်သွားတာ။

ကြလိ ဒတ်...ဒတ်၊ ကြလိ ဒတ်... ဒတ်၊ ကြလိ ဒတ်... ဒတ်။ အဲဒီစည်းနဲ့ဝါးနဲ့ နားထောင်ရင်း ကလေးက အိပ်ပျော်သွားတာ။ အဲဒီတော့ ငယ်ငယ်ကတယ်၊ စည်းနဲ့ဝါးကို အလိုလိုမိနေတာ။

မီးရထားစီးတဲ့အခါတွေ့မှာ သတိထားမိမှာပေါ့။ ဟိုးရှေ့မှာ နှစ်ဘီး၊ ဟိုးနောက်မှာ နှစ်ဘီး၊ တစ်ဘက် လေးဘီးတပ်ထားတယ်။ အားလုံးရှစ်ဘီးပေါ့။ တပ်ထားတဲ့ ဥစ္စာ ရထားသွားလိုက်တော့ သံလမ်းအဆက်က ဂျရ ဂျရနဲ့၊ ကိုယ့်တင်ပါးအောက်က ဂျလိန်းဂျလိန်း ဟိုနောက်က ဂရ ဂရ၊ ဂျလိန်း ဂျလိန်း၊ ဂရ ဂရ၊ ဂျလိန်း ဂျလိန်း။ အဲဒါသွားတဲ့အခါကျတော့ မီးရထား ပေါ်မှာ တစ်ခါတည်း မှိုပြီးတော့ နွဲပြီးပါသွားတာ၊ ပုခက်လွှဲသလို ပါသွားတာ။

ဒါကြောင့် မီးရထားပေါ်မှာ အလွန်အိပ်လို့ကောင်းတာ။ နိုးလာတဲ့အခါ အနားကအထုပ် မရှိတော့ဘူး။ ဆွဲသွားတာ။ (ရယ်သံများ)

## မြင်းမိုရ်တောင်ကိုကျော်ခဲ့သူ

ပြောချင်တာက၊ ဘယ်တိရစ္ဆာန်ထက်မဆို လူတွေက သာတယ်ဆိုတာ သုံးချက်ရှိတယ်။ ဘာတွေတုံး မှတ်မိလား–

၁။ ကျိုးကြောင်းပညာကြီးခြင်း၊

၂။ ကိုယ်ကျင့်တရားရှိခြင်း၊

၃။ အလှအပကို ခံစားဖန်တီးတတ်ခြင်း။

သီချင်းတို့ ဘာတို့ဆိုတာ အလှအပကို ခံစားတာ၊ ဖန်တီးတာပဲ။

မမလေး ချစ်လိုက်ပါတဲ့အာရုံ... ရွှေမြင်းမိုရ် တစ်တောင်လုံးကို... ကွယ်... တုံးမှတ်လို့ခုန်...

လမ်းကနေ ဆိုသွားတာ။ မင်းကိုချစ်တယ်တဲ့။ ချစ်လွန်းလို့မို့ မြင်းမိုရ်တောင်ဦးမကကျူးတဲ့ ကျေးဇူးရှင် မိဘနှစ်ပါးကနေပြီးတော့–

သားရယ် ဒီအချိန် မသွားပါနဲ့။ သားရယ် ဒီအချိန် မလည်ပါနဲ့။ သားရယ် ချစ်တဲ့စိတ်တွေ စိတ်မကူးပါနဲ့ ဆိုပေမဲ့ ငါအဲဒီမြင့်မိုရ်တောင်ကို ငါခုန်ခဲ့ရပြီ။

မမလေး ချစ်လိုက်ပါတဲ့အာရုံ... ရွှေမြင်းမိုရ် တစ်တောင်လုံးကို ... ကွယ် ... တုံး မှတ်လို့ခုန်...

မြင်းမိုရ်တောင်ကို ခုန်ခဲ့ပြီတဲ့ အဲဒီတော့ အခန်းထဲမှာ နားထောင်နေတဲ့ ကောင်မလေးက–

"ဩော်... ဒီလောက် ဆောင်းတွင်းကြီးမှာ သူလာတာ ဟုတ်ရှာမှာပဲ သနားပါတယ်"။ (ရယ်သံများ)

ဟုတ်တယ် အဲဒီလို အလှအပတွေ အလင်္ကာတွေနဲ့ ဖမ်းစားလိုက်ကြတာ။ ရည်းစားစာဆိုတာ အလင်္ကာတွေချည်းပဲ။ ဒါကြောင့် အလင်္ကာခွာကြည့် အလင်္ကာဖြုတ်ကြည့်လို့ ကလေးတွေကို ပြောရတာ။

## နှလုံးသားပေါ်က ခြေရာ

ရည်းစားစာအရေးကောင်းရင်လည်း ကြိုက်ချင်ကြိုက်သွားကြတာ၊ ဘာကြောင့်လဲဆိုတော့ မယုံမရှိနဲ့ ကိုယ်တွေ့။

ငါ တက္ကသိုလ်ကျောင်းသားဘဝတုန်းက ရည်းစားစာ အငှားရေးပြီး လုပ်ကိုင်စားသောက်ခဲ့သေးတာကိုကွ။ (ရယ်သံများ)

ကောင်းလည်းကောင်းတယ် စွန်လည်းစွန်တယ်။

☆ ကောင်းကင်၌

ငှက်တို့ ပျံသောအခါ၌

ငှက်တို့၏ ခြေရာ မချန်တကား။

ရေထဲ၌ ငါးတို့သွားသောအခါ၌၊

ငါးတို့၏ ခြေရာ မချန်တကား။

သို့သော်....

သူမ၏ မျက်လုံးအစုံသည်

ငါ့ကိုယ်ကို ဖြတ်သွားသောအခါ၌၊

အဘယ့်ကြောင့် အသည်းနှလုံးသို့၊

ခြေရာချန်ခဲ့လေသနည်း။

အဲဒီတုန်းက စွံလည်းစွံပါတယ်။ (ရယ်သံများ)

## တတိယအရွယ်နဲ့ စေတ္တစေဒနာ

တစ်ယောက်ကတော့ ဟိုအမျိုးသမီးက ပြန်ကို မကြိုက်ဘူးဗျာ၊ တကယ့်ကိုပဲ။ ငါကလည်း ဒီမှာ ရေးလိုက်ရတာ၊ ကလောင်ကို မီးထွက်မတတ်၊ ငါ့ကောင်ကလည်း ကြိုက်လိုက်တာမှ သေလုလု။ အဲဒီမှာ ငါက ဒီကောင်ကို ရေးပေးနေတာ။ သူကလည်း ငါ့ကို ကျွေးလိုက်ရတာ လစဉ်ဆိုတော့ ပိုက်ဆံကလည်း နည်းတာမဟုတ်တော့ဘူး၊ အဲဒါကျောင်းသာပြီးသွားတယ်ဗျာ၊ ပြန်ကိုမကြိုက်တာ။

အဲဒါနဲ့ ဒီဘက်စာရေးဆရာဖြစ်တဲ့ အခါကျတော့ ပြောရဦးမယ် သူက မြစ်ဝကျွန်းပေါ်ကပါ။ အဲဒီကို ငါက ဟောပြောပွဲသွားတဲ့အခါ သူနဲ့ ပြန်တွေ့တယ်။ အဲဒီ အမျိုးသမီးက

ကျောင်းဆရာမ လုပ်နေတာ။ အပျိုကြီးပါပဲ တော်တော်လေး အသက်အရွယ်ရနေပါပြီ။

ကျောင်းတုန်းကတော့ တစ်ယောက်နဲ့ တစ်ယောက် သိနေကြပေမဲ့ စကားမပြောဖြစ်ကြဘူး။ အခုတော့ သူက စာပေကော်မတီထဲ ပါတာကိုး၊ ပါတော့–

"ကိုအောင်သင်းကြီးရော သားသမီးတွေ ဘာတွေ လွတ်ကုန်ပြီလား" ဘာညာပေါ့။

"ဟုတ်တယ် လွတ်ကုန်ပြီ အကြီးဆုံးကလည်း ဘွဲ့ရပြီ" လို့ပြောတော့–

"ကိုအောင်သင်း... တော့်ကို ကျုပ်မေးရဦးမယ်" အဲဒီ သူက မဘယ်သူပေါ့ကွာ၊ ထားလိုက်ပါတော့၊ ညွှန်ကြားရေး မှူးနဲ့ ပင်စင်ယူသွားပြီ။

"အဲဒီမှာ သူ့ကို စာတွေရေးပေးနေတာ တော် ရေးပေး နေတာ မဟုတ်လား"

"ဟာဗျာ၊ ခင်ဗျားကလည်း အခုမှ ဒါတွေပြောနေပြန် ပြီ"

"မဟုတ်ဘူး ကျုပ်က တကယ်ပြောတာ၊ သူ့ကို ကြိုက် လို့ကိုမရတာ၊ ကျုပ် စာတွေကိုတော့ သိပ်သဘောကျတယ်၊ ကျုပ်က တော်ရေးပေးတာပဲဆိုတာ သိတယ်။ စာတွေကတော့ သေချာသိမ်းထားတာ။ ဟိုတစ်လောတုန်းက စာအုပ်တွေချ တက်လို့ အမေက စာအုပ်တွေမီးရှို့တာ၊ ဒီစာတွေပါသွားမှာ စိုးလို့၊ ကျုပ် သိမ်းထားလိုက် ရသေးတယ်။ ကျုပ်နှမြောလို့" တဲ့။ "ပြန်ဖတ်ကြည့်အုံးမလား"တဲ့။

"ဟာ... တော်ပါပြီဗျာ၊ ထားလိုက်ပါတော့" လို့။

ငါ့မှာ ဒီဘက် လှည့်လာတော့မှ–

"ဟာ... ဒါကြီး အဲဒီတုန်းက ငါ့ပိုးခဲ့ရင်ရမှာ၊ ငါ့မှာ တတိယအရွယ်ကျမှ စတုတ္ထဝေဒနာဖြစ်နေတာ။ (ရယ်သံများ)

## ပြောင်းပြန်ဆန်သော ဤလောက

အဲဒီတော့ ရည်းစားစာတောင်မှ အလင်္ကာနဲ့ ဘာနဲ့ ရေးလို့ ကြိုက်တာ။ ပြောချင်တာက အလှအပကို မြတ်နိုးတာ၊ အဲဒီအထဲမှာ အသံထည့်လိုက်တဲ့အခါကျတော့ သီချင်းဖြစ်သွားတာ။ သီချင်းဖြစ်သွားတဲ့ အခါကျတော့လည်း အဲဒီလိုပဲ အလှအပတွေ ပါလာပြန်တာပဲ။

မိန်းကလေးတွေတင် မကဘူး။ ယောကျ်ားလေးတွေလည်း ဒီလိုပဲပါတာပဲ၊ အလှအပကို ကြိုက်တာပဲ၊ ကိုမြတ်လေးကြီး သေသွားရှာပြီ။ သူနဲ့ငါနဲ့ဆို ခဏခဏ ငါပြောပြောပြီး ရယ်မိတယ်။ ဒီလို ဟောပြောပွဲတွေဆို သူ့သီချင်းတွေကို ငါထည့်ဆိုပစ်လိုက်တာ။

ဟား...ဟား...ဟား xxx ဟားတိုက်လို့ ရယ်ချင်ပြန် လောကကြီးပြောင်းပြန်xxx ဟားဟားဟား xxx ဟားတိုက်လို့ရယ်ချင်ပြန် လောကကြီးပြောင်းပြန်xxx အချစ်လိုမှ ငွေနဲ့ ဆက်ဆံ xxxသိန်းတန်သောင်းတန် xxx တင်တောင်းပြန် xxxမှအချစ်ကြီး ချစ်မှန်ထင်ကြပြန် xxx ခေတ်ကြီးကိုက မကောင်းပြန် xxxဖြောင်းတိဖြောင်းဆန် xxxဖြောင်းတိဖြောင်းဆန် xxxမေတ္တာကအောက် xxx ငွေက အထက်ယံ xxx ဆွေစကား xxx ဆက်ကြပြန် xxx ခနကြေးလိုမှ ဆွေမျိုးစပ်မိပြန် xxx လရေးရေးကိုမှ နေတစ်မျိုးမှတ်နေပြန်xxx ခဲ့သွေးလေးဆိုတာတောင် သဝေထိုး

ဖတ်ချင်သတဲ့ xxx စနစ်ကဖောက်ပြန်၊ အချစ်က ဖောက်ပြန် xxx အေးလေ xxx အေးလေ xxxမ နှစ်ချောင်းငင်မှ x xx ဝေစ္စပေါက်လို့ xxx မူးနေတာပဲ xxx မူးနေတာပဲ x xx အကောင်းဆုံး ဒီဖေကြဲ xxx စိတ်ညစ်လည်းသောက် xxxစိတ်ပျော်လည်းသောက်xxx မှောက်လိုမှောက် လှန်လို လှန် xxx သောက်ချင်သလိုသောက် xxxနည်းနည်းသောက် နည်းနည်းမူး xxx များများသောက် ××× များများမူး ××× (လက်ခုပ်သံများ)

အဲဒီလိုသီချင်းမျိုးတွေကြောင့် အရက်သောက်ဖြစ်သွားတာ ဘယ်နှစ်ယောက်ရှိပြီလဲ မသိတော့ဘူး။ ပြန်စဉ်းစားကြည့်လေ ပြောချင်တာက အဲဒီအလှအပဟာ လူတွေ သိပ်ဆွဲဆောင်တတ်ကြောင်းပြောချင်တာ။ ထားလိုက်ကြတော့။

## အကောင်းဆုံးသောဆင်

ကျိုးကြောင်းပညာကြီးခြင်း။
ကိုယ်ကျင့်တရားရှိခြင်း။
အလှအပကို ခံစားဖန်တီးတတ်ခြင်း။

အဲဒီသုံးမျိုးမှာ ဘယ်ဟာကြောင့် တိရစ္ဆာန်အားလုံးကို လူက လွှမ်းမိုးတာလဲ၊ ကျိုးကြောင်းပညာကြီးခြင်းပေါ့။

တိရစ္ဆာန်လည်း ကျိုးကြောင်းရှိတယ်နော်၊ ငါငယ်ငယ်တုန်းက လယ်ဝေး၊ ပျဉ်းမနားဘက်ကို သွားတော့ သစ်ဆွဲဆင်ပါ။ ဆင်ယဉ်ပေါ့၊ ဆင်ရိုင်းမဟုတ်ပါဘူး၊ အဲဒီဆင်က ယာခင်း လာလာစားတာ။ စားတဲ့အခါ ယာခင်းရှင်တွေက မောင်းထုတ်၊ ယာခင်းရှင်တွေ အိပ်ချိန်လောက်ဆို လာစား၊ အော်ကာဟစ်ကာနဲ့ မောင်းထုတ်။ ဆင်ပိုင်ရှင် ဆင်ဦးစီးကို

တိုင်ကြတော့တာ။

ဆင်ဦးစီးက အဲဒီဆင်ကို ဘာလုပ်ထားလဲဆိုတော့၊ သံခလောက်ကြီးပေါ့နော်၊ ဒေါင်ဒေါင်ဒင်ဒင်မြည်တဲ့ဟာကြီး ဆင်ဆွဲပေးလိုက်တာ။ ဆွဲပေးထားတဲ့အခါ ဒေါင်ဒေါင်ဒင်ဒင် ကြားတဲ့အခါ လှမ်းမောင်းပေါ့ အဲဒီလိုလုပ်ထားရတာ။

နောက်ကျတော့ သံခလောက်သံလည်း မကြားရဘူး၊ ယာခင်း လာလာစားသွားတယ်ဆိုတော့ ဘာလုပ်ရမှန်း မသိဘူး။ မနက်ကျ ယာခင်းစားထားတာတွေ့ပြန်ပြီ တွေ့တဲ့အခါ ယာခင်းရှင်တွေက ဆင်ဦးစီး သွားပြောတော့ "မဟုတ်ဘူး ကျွန်တော် ဆင်ခလောက်ဆွဲထားတယ်" ဆိုတော့ "ဆင်လာ စားတာ ခလောက်သံမကြားရဘူး လာလာစားတယ်" ဘာညာ ဆိုတဲ့ အခါကျတော့ အဲဒါနဲ့သူ့ဆင်ဦးစီးက ဒီကောင် အကင်း ပါးတယ် ဆိုတာ သိတယ်။ မသင်္ကာလို့ ဆင်ခလောက်ကို သွားကြည့်လိုက်တဲ့အခါ ခလောက်ထဲ ရွှံ့ဆိုပြီးစားတာ။ ရွှံ့ဆို့ စားပြီးတဲ့အခါ၊ အဲဒီက ရွှံ့ကို နှာမောင်းနဲ့ မှုတ်ပြီး ဆေးတာ။ ဆေးတော့ မျက်စိနဲ့ မမြင်ရတော့ ရွှံ့တွေ ဟိုကပ်ဒီကပ် ကျန် ကျန်နေတာပေါ့။

အဲဒီကျမှ ဒီကောင်ရွှံ့ဆို့ ဆို့ပြီးစားတယ်ဆိုတာ ဆင် ဦးစီးကသိတာ။ ဆင်လည်းပဲ သိပ်ဉာဏ်ကောင်းတာ။ ဒါပေမဲ့ ဘယ်လောက်ပဲ ဉာဏ်ကောင်းကောင်းပါ၊ လူကိုတော့ မမီဘူး၊ ကောင်းပြီ ဆက်ရအောင်။

## အိုက်မက်ခွန်အားဖြင့် ကမ္ဘာကျော်သူ

မကြာသေးမီက စာအုပ်တစ်အုပ် ဖတ်လိုက်ရတယ်။ ဒါထက်ပြောလိုက်ရဦးမယ်။ ဟွန်ဒါမော်တော်ကား၊ ဟွန်ဒါ

ဆိုင်ကယ်၊ ဆူပါကတ်ဆိုင်ကယ် ဆိုတာတွေကို သိကြမှာပေါ့။ အဲဒါတွေကို တီထွင်လုပ်ဆောင်ခဲ့တဲ့သူက ဂျပန်လူမျိုး 'ဟွန်ဒါ ဆိုးအိချိရော့' တဲ့။

အခုတော့ဖြင့် ကွယ်လွန်သွားတာ ဆယ်နှစ်ကျော် လောက် ရှိသွားပါပြီ။ သူ့ဘဝဇာတ်ကြောင်း ကြိုးပမ်းခဲ့ ရပုံတွေ၊ အရေးမလှ ဖြစ်ခဲ့ရပုံတွေကို ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိ အဖြစ် ရေးခဲ့တယ်။ တစ်ခြားလုပ်ဖော်ကိုင်ဖက်တွေကလည်း ဖြည့်စွက်ရေးသားတယ်။ အဲဒါဒီစာအုပ်ကို 'နန်းမြကေခိုင်' ဆိုတဲ့ မြန်မာမလေးတစ်ယောက်က ဂျပန်ဘာသာကနေ မြန်မာလိုပြန်ဆိုခဲ့တယ်။

နန်းမြကေခိုင်ရဲ့ ဖခင်က ဂျပန်ပြည်မှာ ဧည့်ပါမောက္ခ အဖြစ် အမှုထမ်းရလေတော့ ဒီကလေးမလေးကလည်း ဂျပန် ပြည်မှာပဲပညာသင်ခဲ့ရတာပေါ့။ ဒီတော့ ဂျပန် ဘာသာစကား၊ ဂျပန်ယဉ်ကျေးမှု လူနေမှုတွေကို ဂျပန်မလေး တစ်ယောက်လို ကျွမ်းဝင် ရင်းနှီးနေတော့တာပေါ့။

ဒါကြောင့် ဒီလိုစာအုပ်မျိုးကို ပိုင်ပိုင်နိုင်နိုင် မြန်မာ ပြန်ဆိုနိုင်တာပေါ့၊ စာအုပ်နာမည်က မြန်မာလို "အိပ်မက် ခွန်အားဖြင့် ကမ္ဘာကျော်သူ" တဲ့။

ထားလိုက်ပါတော့ "ငါပြောချင်တာက အဲဒီမစ္စတာ ဟွန်ဒါရဲ့စကားတစ်ခွန်းကို မင်းတို့ သိစေချင်တာပါ။ သူက ကလေးဘဝကတည်းက စက်ပစ္စည်းကို ဝါသနာပါတယ်။ စွဲစွဲမက်မက် ဝါသနာကြီးတယ်။ စက်ပစ္စည်းတွေကို ကိုယ်တိုင် လုပ်ချင်တယ်။ ကောင်းသည်ထက်ကောင်းအောင်၊ မြန်သည် ထက်မြန်အောင် ထုတ်လုပ်ချင်တယ်။

ဒီလိုနဲ့ဒုတိယကမ္ဘာစစ်ကြီးအတွင်းမှာ အင်ဂျင်အတွက် ပစ္စတန်ကွင်း(Piston ring)ကို ထုတ်ဖို့ကြိုးစားတယ်။ မအောင်မြင်ဘူး၊ အရည်အသွေးမမီဘူး၊ နောက်ဆုံးမှာတော့ သူဟာ သတ္တုဗေဒ ပညာအခြေခံမရှိလို့ မအောင်မြင်တာပဲ ဆိုတာကို သိလာရတယ်။ ဒီတော့မှ ဟာမာမတ်ဆု စက်မှုသိပ္ပံသင်တန်းကျောင်းကို သွားတယ်။ ကျောင်းအုပ်ကြီးဆီမှာ အပြင်ကျောင်းသားအဖြစ် တက်ခွင့်ပေးဖို့ ခွင့်တောင်းတယ်။

ဒါနဲ့တက်ခွင့်ရတယ် ဆို့ကြပါစို့။ သူ့တီထွင်မှု အလုပ်ရုံကလည်း တစ်ဖက်ဆိုတော့ ရသမျှအချိန်လေးမှာ လုပြေးပြီး ကျောင်းတက်ရတာပေါ့။

တခြားကျောင်းသားများကတော့ ဆရာပြောသမျှကို လိုက်ပြီး မှတ်စုရေးကြပေါ့။ သူကတော့ သူ့ပစ္စတန်ကွင်းအတွက်ကိုသာ အာရုံစွဲနေတာမို့ လိုအပ်တာမျှကို ခေါင်းထဲမှာစွဲနေအောင် စိတ်နဲ့ မှတ်တာပေါ့လေ။ မှတ်စုတွေဘာတွေ လိုက်မရေးတော့ဘူး။

"အဲ့... စာမေးပွဲတွေ စစ်နေပြီဆိုရင် သူကမဖြေတော့ဘူး။ ကျောင်းအားရက်လို့ သဘောထားပြီး သူ့အလုပ်ခွင်မှာပဲ ပြန်လုပ်နေ တော့တာပဲ။ နောက်တော့သူကို ကျောင်းထုတ်ပစ်ပါလေရော၊ ဒါနဲ့သူ့ကို ဘာပြုလို့ ကျောင်းထုတ်တာလဲလို့ ကျောင်းအုပ်ကြီးကို သွားမေးတာပေါ့။ စာမေးပွဲ မဖြေတာ၊ ကျောင်းမမှန်တာကြောင့်လို့ပြောတာပေါ့။ ဒါနဲ့ သူက ကျောင်းထုတ်ချင်လည်းထုတ်ပါ။ ဒါပေမဲ့ 'လက်ချာ' ကိုတော့ဖြင့် နားထောင်ခွင့်ပြုပါဆိုပြီး ဆက်တက် နားထောင် ပြန်တာပဲ။

ကျောင်းသွားပြီးတော့ သူလည်း ပြန်တက်တာပဲ။ တက်တဲ့အခါကျတော့ ဆရာကပြောတယ်။ မင်းလာချင်လာ မလာချင်နေ မင်းကို အောင်လက်မှတ် ထုတ်မပေးနိုင်ဘူးတဲ့ "သူက ဘာပြောတယ်ထင်တုံး" "ခင်ဗျားအောင်လက်မှတ်ကို ဘာလုပ်မှာတုန်း ရုပ်ရှင်လက်မှတ်ကမှရုပ်ရှင် ကြည့်လို့ရသေးတယ်။ ခင်ဗျားလက်မှတ်က ဘာမှလုပ်ဖြစ်တာ မဟုတ်ဘူး။ ကျုပ်တတ်ချင်လို့လာတာ" တဲ့။

တို့မြန်မာပြည်နဲ့ ပြောင်းပြန် ဖြစ်မနေဘူးလား။ တို့က အောင်လက်မှတ်လိုချင်လို့ စားမေးပွဲဖြေနေတာ။ သူက တတ်ချင်လို့ပညာသင်တာ၊ ပညာသင်တာဟာ တတ်ဖို့လိုတယ်၊ ပညာသင်တာဟာ တတ်ဖို့လိုတဲ့ ဒို့မြန်မာပြည်မှာ အောင်လက်မှတ်က အရေးကြီးနေတာ။ (လက်ခုပ်သံများ)

အဲဒါကြပ်ကြပ်သတိထား။ မင်းတို့စိတ်ကို ပြောင်းပစ်ရမယ် မင်းတို့ရဲ့စိတ်ကို ပြောင်းပစ်၊ ငါဒီပညာကို တတ်ကို တတ်ရမယ်ဟဲ့ဆိုတဲ့ စိတ်မျိုးထား။ မတတ်မချင်း တတ်အောင်သင်မယ် ဆိုတဲ့စိတ်မျိုးထား။ အဲဒီအောင်လက်မှတ် အတွက်လုပ်သမျှကာလပတ်လုံး၊ မင်းဘယ်တော့မှ မအောင်မြင်နိုင်ဘူး။ ဘယ်တော့မှ လောကကြီးမှာ တကယ်ကို မပေါက်မြောက်နိုင်ဘူး။ တစ်ကယ်ကိုတတ်မှ ပေါက်မြောက်မှာ အဲဒါပဲ ပညာသင်တယ်ဆိုတာ။

ပြန်ပြောမယ် ကျိုးကြောင်းပညာကြီးလို့ လူက တိရစ္ဆာန်အားလုံးကို လွှမ်းမိုးနိုင်တယ်။ နောက်တစ်ခါ လူအချင်းချင်းမှာလည်း ကျိုးကြောင်းပညာကြီးတဲ့လူက ပညာနည်းတဲ့လူကို လွှမ်းမိုးနိုင်တယ်။ လူမျိုးအချင်းချင်းမှာလည်း ဒီလိုပဲ တိုင်းပြည်အချင်းချင်းမှာလည်း ဒီလိုပဲ၊ ဒီကနေ့ဆို အမေရိကက လွှမ်းမိုး

လာတယ်၊ လွှမ်းမိုးလာတာက ဘာကြောင့်လဲဆိုတော့တစ်ချက် တည်းပဲ။ ပညာကြီးတာပါပဲ။ အမေရိကရဲ့ ပညာအဆင့်ကို မမီဘူး။ တရုတ်လည်း အခုထက်ထိ မမီသေးဘူး၊ လက်နက် ပညာကိုကြည့်မလား ယာဉ်တို့ အစရှိတဲ့ စက်ပညာကို ကြည့် မလား၊ မမီသေးဘူး။

အခု တရုတ်ကအတင်း အမီလိုက်တာ။ အစွမ်းကုန် ကြိုးစားနေတာ၊ အဲဒီတော့ မင်းတို့ ကမ္ဘာ့နိုင်ငံတကာ သတင်း တွေ TV တို့ ဘာတို့မှာ ကြည့်စမ်း။ ကြည့်အဲဒီမှာ ပညာ အမျိုးမျိုးပြိုင်နေကြတာ တွေ့လိမ့်မယ်သတိထားကြည့်။

တရုတ်က လုပ်တာကတစ်မျိုး
အမေရိကန်က လုပ်တာကတစ်မျိုး
ဆိုဗီယက်က ကျဆုံးသွားပြီး
နောက်ကျန်နေခဲ့ပြီ။

## ပညာသင်တယ်ဆိုတာ

ကောင်းပြီ အဲဒီလိုဆိုတော့၊ အခုတို့တတွေ ဘာလုပ် ကြမလဲ စဉ်းစားရမှာက၊ အခုနတုန်းက ကျောင်းသင်တဲ့ ပညာရှိတယ်။ နောက်တစ်ခု နည်းနည်းမင်းတို့ကို ဖြတ်ပြီး ပြောလိုက်ချင်တယ်။ ခဏပါ ဆယ့်နှစ်နာရီလောက်ရလား။

ဒါဖြစ်လို့ရှိရင် လူတွေက ပညာသင်တယ်ဆိုတာ ဘာလဲ။ တို့အခြေခံကျတဲ့ ဥစ္စာတွေ မစဉ်းစားတတ်ဘူးနော်။ ပညာသင်တယ် ဆိုတာဘာလဲလို့ မေးလိုက်လို့ရှိရင် ပညာ သင်တယ်ဆိုတာ သိတယ်။ မသိဘူးလားဆိုတော့လည်း သိတယ်။ သိသလားဆိုတော့လည်း မသိဘူး။ လာမမေးရင် သိတယ်၊ လာမေးရင် မသိတော့ဘူး။

ဟိုအင်္ဂလိပ်လိုဆိုလို့ရှိရင် If you don't ask me, I know. If you ask me. I don't know. ဆိုတာမျိုးပေါ့၊ မမေးလို့ရှိရင် သိတယ်၊ မေးရင် မသိတော့ဘူး။ အဲဒါအများကြီး ရှိတယ်။ ကဲ... ပညာသင်တယ်ဆိုတာ ဘာတုန်း သိလား သိတယ်။ ပြောစမ်း ဘာတုန်းဆိုတော့၊ ဟော... မပြောတတ်တော့ဘူး။

ကောင်းပြီ၊ ပညာသင်တယ်ဆိုလိုက်တဲ့ ကိစ္စဟာ ဒါဖြစ်ရင် တိရစ္ဆာန်တွေမှာရော ပညာသင်တယ်ဆိုတာ မရှိဘူးလား။ စဉ်းစားစမ်း သမီးတို့ရှိတယ်။ ကြောင်မကြီးနဲ့ ကြောင်လေးနဲ့ တစ်ကောင့်တစ်ကောင်ချောင်းနေပြီး ကစားနေတာ တွေ့ဖူးလား အဲဒါပညာသင်တာပေါ့။

ပြေးပြီးအုပ်လိုက်၊ ပြန်လျှောက်သွားလိုက်၊ ဒါပညာသင်ပေးနေတာပဲ။ တိရစ္ဆာန်တွေမှာလည်း ပညာသင်တယ်ဆိုတာရှိတယ်။ သို့သော် သိပ်အများကြီးသင်လို့မရဘူး သူတို့က အစာရှာတာ အန္တရာယ်ရှောင်တာ၊အဲဒါလောက်ပဲရတယ်။ တကယ့်တကယ် ဘယ်မှာရတာလဲဆိုတော့...

## ဘာသာစကားနဲ့ လက်ဆင့်ကမ်းခြင်း

ဥပမာဆိုပါတော့၊ သိပ်အံ့သြစရာကောင်းတာလေး တစ်ခုပြောမယ်။ မင်းတို့စိတ်ထဲမတွေးမိတဲ့ ဥစ္စာလေးပေါ့။ ဥပမာ သမီးကိုမေးမယ်၊ သမီး မုန့်ဟင်းခါးကြိုက်လား၊ ကြိုက်တယ်။ ဟော အဲဒီမုန့်ဟင်းငါးဆိုတဲ့ ပစ္စည်း ဒီနားရှိလား၊ မရှိဘူး။ ဒါပေမယ့် ခေါင်းထဲ မုန့်ဟင်းငါးရောက်မလာဘူးလား၊ အသံနော်၊ အဲဒီ အသံနဲ့တင်၊ အဲဒီဟာကိုရအောင် လုပ်တယ်။

ခေါက်ဆွဲကြိုက်လား၊ ဟောခေါက်ဆွဲ ရောက်လာပြီ။

မြင်ယောင်လာတယ် ကြက်သားဟင်းကြိုက်လား၊ ဟောဒီမှာ ရောက်လာပြီနော်။

အဲဒီဥစ္စာက ဘာသာစကားလို့ခေါ်တယ်။ တိရစ္ဆာန်မှာ အဲဒီလိုဘာသာစကား မရှိဘူး၊ ဘာကြောင့် မရှိတာလဲဆိုတော့ သူတို့မှာ ဘာသာစကားဖြစ်တဲ့ အသံဖြစ်ကိရိယာ မပါဘူး။ စကားသံဖြစ် ကိရိယာ အင်္ဂါရပ်မပါဘူး။

အင်္ဂလိပ်လို့တော့ Working such speak. ခေါ်တယ်။ အဲဒါကြောင့်မို့ ခွေးတွေမှာဆို လေးမျိုးလောက်ပဲ ဟောင်တတ်တယ်။ ဥပမာခွေးက အိမ်နားလူကပ်လို့ ဟောင်တာ ရှိတယ်။ ခွေးအချင်းချင်းမြင်လို ဟောင်တာရှိတယ်။ ကင်းတို့၊ မြွေတို့ အကောင်တို့မြင်လို့ ဟောင်တာရှိတယ်။ ကိုယ့်သခင်ပြန်လာလို့ ဝမ်းသာအားရလို့ ဟောင်တဲ့ဥစ္စာရှိတယ်။ ဒီဟောင်တာ လေးမျိုး ငါးမျိုးလောက်ပဲရှိတယ်။

ဟောင်သံတစ်ခုနဲ့တစ်ခု မတူတာကို သတိထားမိကြမှာပေါ့။ ဒါပေမဲ့ ဘာသာစကားအဆင့်ကို မရောက်ဘူး။ လူမှာကျတော့ ဘာသာစကား အဆင့်ကို ရောက်တဲ့အတွက်ကြောင့် ဥပမာဆိုပါတော့ ခေါက်ဆွဲတို့ မုန့်ဟင်းခါးတို့က မြင်ရသေးတဲ့ပစ္စည်း၊ အဲဒီလိုမဟုတ်ဘဲနဲ့ "ငါ မင်းကိုချစ်တယ်ကွာ" လို့ပြောလိုက်တယ် ဆိုပါတော့။ ချစ်တယ်ဆိုတာ ဘယ်မှာလဲ။ ကဲရှိလား၊ မရှိဘူး။ "ဒီကောင်ကို ငါ မျက်နှာကြောကို မတည့်ဘူး၊ မုန်းတာတော့ပြောမနေနဲ့"။ ဟော မုန်းတယ်ဆိုတာ အကောင်အထည်မရှိဘူး။

ဒါပေမဲ့ အဲဒီဥစ္စာတွေကို တစ်ဘက်နဲ့ တစ်ဘက် နားလည်အောင် ပြောသွားနိုင်တဲ့ ဘာသာစကားရှိတယ်။

ဘာသာစကားရှိတဲ့ အတွက်ကြောင့် ကိုယ့်အတွေ့အကြုံကို တစ်ပါးသူကို လက်ဆင့်ကမ်းပေးနိုင်တယ်။ အဲဒါ ပညာ သင်တာပဲ။

ကိုယ့်အတွေ့အကြုံရယ်၊ အတွေးအကြံရယ်၊ လက်ဆင့်ကမ်းပေးတယ်။ အဲဒါဘာသာစကားပဲ ဘာသာစကားရှိတယ်။ အဲဒီဘာသာစကားနဲ့ ကိုယ့်သိတဲ့အသိ အတွေးအကြံ၊ အတွေ့အကြုံကို လက်ဆင့်ကမ်းတဲ့အခါမှာ နှစ်မျိုးရှိတယ်။

တစ်မျိုးက ဘာလဲလို့ဆိုလို့ရှိရင် နှုတ်ကနေပြောပြပြီး လက်ဆင့်ကမ်းတာ။ နောက်တစ်မျိုးက စာရေးပြပြီး လက်ဆင့်ကမ်းတာ။

အရေး ဘာသာစကားရယ်၊ အပြော ဘာသာစကား အဲဒါနဲ့သွားတာ အဲဒီမှာမှ ခရီးအရောက်ဆုံးက ဘာလဲဆိုတော့ အရေးဘာသာ စကားနဲ့ လက်ဆင့်ကမ်းခြင်းဟာ ခရီးရောက်ဆုံးပဲ။

ဥပမာ ဆိုပါတော့ မင်းတို့ကို ငါက အခုသင်ပေးနေတယ်။ ငါ့အတွေ့အကြုံတွေ သင်ပေးနေတယ်။ သင်ပေးတယ်ဆိုတဲ့ ဥစ္စာ တစ်ညလုံး သင်ပေးစမ်းပါဆို ဘယ်သင်နိုင်မှာတုံး၊ သေရော့ပေါ့။

နက်ဖြန်ခါ နေပါဦးဆို မနေနိုင်ဘူး ပြန်ရမယ်။ အဲဒီတော့ ငါရေးထားတဲ့စာအုပ်ကိုကျတော့ ကြိုက်တဲ့အချိန် ကောက်ဖတ်လေ၊ ခါးကြားထိုးသွားလည်းရတယ်။

"ဦးအောင်သင်း၊ လာလိုက်ခဲ့" ဆိုပြီး ခါးကြားထိုးသွားလို့ရတယ်။ ဟိုကျမှ "အိပ်ချင်တယ်ဗျာ၊ ခင်ဗျားခဏနေဦး" ရတယ်။ အဲဒီတော့ လူက အရေးဘာသာစကားက ပိုပြီးခရီးရောက်တယ်။

ဒါကြောင့်မို့လို့ အဲဒီအရေးဘာသာစကားနဲ့ ဘာလုပ်ရလဲ ဆိုတော့ စာအုပ်တွေကို ဖတ်ရတယ်။

## အပေါင်းနဲ့အနုတ်

ဒါကြောင့်မို့လို့ ရွာတစ်ရွာမှာ စာကြည့်အသင်း၊ စာကြည့်တိုက်ရှိတဲ့ရွာနဲ့ မရှိတဲ့ရွာနဲ့ ကွာကို ကွာတယ်။ စာအုပ်ဖတ်တဲ့ အလေ့အထ။ အဲဒီတော့ ဘယ်လိုကွာတာလဲ ဆိုတော့၊ ကွာပုံကွာနည်းက နှစ်မျိုးကွာတာရှိတယ်။

တစ်မျိုးက စာအုပ်ဖတ်တဲ့အတွက်ကြောင့် အသိဉာဏ် တိုးတာရယ်။ နောက်တစ်မျိုးက မရှိတဲ့နေရာကျတော့ စာအုပ် ဖတ်စရာ မရှိလို့ အရက်ဆိုင်တွေကို ရောက်သွားတတ်တယ်။ minus - plus အနုတ်လက္ခဏာနှင့် အပေါင်းလက္ခဏာ အဲဒီ လိုကွာ နည်းမျိုးကွာသွားတာ။

## လူငယ်တွေကိုရွေးချယ်ပါ

ခက်ပုံက တို့ဆီမှာ ဘုရားသွား ရွေးချယ်မှသာ ကုသိုလ် ရတယ်ထင်တဲ့အတိုင်းပဲ၊ စာအုပ်ကတော့ လှူရကောင်းမှန်း မသိဘူး။ ဒါဟာ ကုသိုလ်အင်မတန်ကြီးတယ်ဆိုတာ မေ့နေ တာ။ ဘုရားရွေးချယ်လိုက်တော့မှ ကုသိုလ်ရတယ် ထင်နေတာ။ ဘုရားရွေးချယ်တာလည်း ကုသိုလ်ရသလို စာအုပ်စာတမ်းတွေ ဝယ်လှူတာဟာလည်း ကုသိုလ်ရတယ်ဆိုတာ မေ့နေကြတာ။ လူငယ်တွေကို ရွေးချယ်ရကောင်းမှန်း မသိဘူး လူငယ်တွေကို ရွေးချယ်မှ အနာဂတ်တောက်ပမယ်ဆိုတာ မေ့နေတာ။

လူငယ်တွေကို ရွေးချယ်တဲ့နေရာမှာ အကောင်းဆုံးက အဲဒီ စာအုပ်ကောင်းတွေပဲ။ အခုတလော ကလေးတွေက

ရှိင်းတယ်တဲ့။ မရှိင်းရအောင် ဘာလုပ်ပေးတုံး၊ စဉ်းစားကြည့်ပါ။ လူကြီးတွေက ကလေးတွေကို စာအုပ်လေးဘာလေး ဝယ်ပေးစမ်းပါဆိုရင် ဝယ်မပေးချင်ဘူး။ ရွှေသွေးတို့ ဘာတို့ ဝယ်ပေး စမ်းပါဆိုတော့ မပေးချင်ဘူး။ ကဲကလေးတွေကိုသာ အဲဒီလို ပစ်ထားတာ၊ ကိုယ့်အတွက်ကျတော့ ... ဖြစ်လေရာ ဘဝတိုင်း ဘဝတိုင်းဆိုပြီး ဟိုနောက်ဘဝသံသရာအတွက်ပါ ဆုတောင်းနေလိုက်ကြတာ။ ကိုယ့်ဘဝကိုယ်ကျတော့လုပ်တယ်။ ကလေးတွေကျတော့ လုပ်ပေးဖို့ သတိမရကြဘူး။ ဒါကျွန်တော် တို့ရဲ့ ကြီးစွာသော မိုက်မဲမှုပဲ။

ကလေးတွေ ရွှေသွေးတို့ ဘာတို့ ဖတ်ရမှာပေါ့။ ရွှေသွေး ဖတ်မှ (၅၅၀) ဇာတ်တော်ဖတ်တတ်မှာပေါ့။ ရွှေသွေးတို့ ဘာတို့ ဝယ်ပေးစမ်းပါဆိုတော့၊ ဘာတဲ့... ကလေးတွေကို စာအုပ်ပေးတော့ စက္ကူစုတ်တယ်၊ စာအုပ်စုတ်တယ်။ စက္ကူစုတ် တော့ ဘာဖြစ်တုံး၊ နှလုံးသားတွေ စုတ်ပြဲမသွားဖို့ အရေးကြီး တယ်။ (လက်ခုပ်သံများ)

ကလေးတွေရဲ့နှလုံးသားကို အဲဒါနဲ့သွားရမှာပေါ့။ ပြော လိုက်တဲ့ စကားတွေကျတော့ လူငယ်တွေ လူငယ်တွေ၊ လူငယ် တွေချင်း မိုးမွှန်နေတာပဲ၊ လူငယ်တွေအတွက် ဘာလုပ်ပေးတုံး စဉ်းစားကြည့်ကြပေါ့။

နောက်ပြီးတော့ ရှိသေးတယ်။ လူငယ်တွေပျက်စီးတယ်။ လူငယ်တွေမပျက်စီးအောင်ဘာလုပ်ပေးလဲ။ ကျွန်တော်က အဲဒီအကြောင်းပြောလိုက်ရင် လူငယ်တွေဘက်က တော်တော် နာတယ်။

ဘာလို့လဲဆိုတော့ သမိုင်းကြောင်းတစ်လျှောက် ကြည့် စမ်းပါ။ လူငယ်တွေကြောင့်ဖြစ်တဲ့ စစ်ပွဲများ ရှိလို့လား၊

လူကြီးတွေကြောင့်ချည်း စစ်ဖြစ်တာ။ (လက်ခုပ်သံများ)

ပြီးတော့မှ လူငယ်တွေကိုသွားပြီး တိုင်းပြည်နဲ့ လူမျိုးအတွက် သေကြဟ ဆိုတော့ ဟိုကောင်တွေမှာ သေလိုက်ရပြန်ပြီ။

လူငယ်တွေထဲမှာ ဘိန်းဖြူချက်ရောင်းတဲ့လူ မရှိဘူးဗျ။ လူကြီးတွေပဲ ချက်ရောင်းတာ။ အရက်ကုမ္ပဏီတွေ သွားကြည့်၊ လူကြီးတွေချည်းပဲ။

ပြီးတော့ လူငယ်တွေ အရက်သောက်ချင်အောင် ကြော်ငြာရသေးတယ်။ အဲဒီလိုသောက်ချင်အောင် ကြော်ငြာလိုက်လို့ လူငယ်တွေက အရက်သောက်လာကြပြန်တော့ လူငယ်တွေ ပျက်စီးတယ်တဲ့။ ကဲ–ဘယ်လိုလုပ်ကြမတုံး။

ကိုင်း အဲဒီတော့ လူငယ်တွေဘက်က ကျုပ်ကနာတယ်။ ကျွန်တော် စာပေဘဝလမ်းကြောင်းကို ပြန်ပြောလိုက်ချင်သေးတယ်။ အမှန်အတိုင်း ပြောလို့ရှိရင် အရင်က ကျွန်တော် စာပေဝေဖန်ရေး၊ စာပေသဘောတရား၊ ဝတ္ထုသဘောတရား၊ ကဗျာသဘောတရား၊ ဒါတွေချည်း လျှောက်ရေးနေတာ။

(၁၉၈၈) အရေးအခင်းလွန်ပြီးကတည်းက လူငယ်တွေ မျက်စိလည် လမ်းပျောက်နေကြတယ်။ ဒါကြောင့် ကျွန်တော် သူတို့နဲ့ ပတ်သက်ပြီး စာတွေဖိရေးနေတယ်။ သူတို့လူငယ်တွေကိုလည်း ကျွန်တော်ကပြောရတယ်။ မင်းတို့အရက်တို့ ဘာတို့ဆိုတာ လူကြီးတွေ ချက်ရောင်းလို့။ စစ်ဖြစ်တာလည်း လူကြီးတွေကြောင့် ဖြစ်တာလို့။

မင်းတို့ လူငယ်တွေ ရန်ဖြစ်တယ်ဆိုတာ လေးခွချင်းပြိုင်ပစ်တာ။ အလွန်ဆုံး ဒါလောက်ပဲရှိမှာပေါ့။ ဟိုမှာ လူကြီးတွေ ရန်ဖြစ်တာကျတော့ စစ်ကို ဖြစ်ပါလေရော။ အဲဒီမှာ

အသေခံဖုံးခွဲ လူငယ်တွေပေါ်လာအောင် မြှောက်ပေးလိုက်ကြသေးတယ်။ ကမ္ဘာကြီးပျက်စီးနေတာ လူကြီးတွေ မိုက်မဲလို့ပျက်စီးနေတာ။ ကလေးတွေကြောင့် ဖြစ်တယ်ဆိုတာ ဘာမှမရှိဘူး။ (လက်ခုပ်သံများ)

ပြီးတဲ့အခါကျတော့ လူငယ်တွေပျက်စီးတယ်။ လူငယ်တွေပျက်စီးတယ်လို့ ထလုပ်နေတယ်၊ မပျက်စီးအောင် ပညာဘာသင်ပေးလဲ၊ ဘယ်လောက်ထိရော စာဖတ်သင်း စာကြည့်တိုက် လုပ်ပေးလဲ။ အဲဒီစာကြည့်တိုက်အသင်းသာ မရှိရမယ်။ ဘိလပ်ယက်ခုံနှင့် အရက်ဘီယာဆိုင်က အများကြီးပဲ၊ အဲဒီတော့ ကျွန်တော်တို့ အဲဒါ စဉ်းစားကြဖို့ကောင်းပြီ။

လူငယ်တွေ ပျက်စီးပြီဆိုရင် ကျုပ်တို့ဘဝမှာ အိုကြီးအိုမ ရောက်မှ ဒီကောင်တွေ လုပ်သမျှခံရတော့မှာပဲ ဆိုတာကိုမမေ့ကြပါလေနဲ့။ ကျွန်တော်တို့ရဲ့အနာဂတ်က သူတို့ လူငယ်တွေအပေါ်မှာမူတည်နေတယ်။ ကျုပ်တို့အနာဂတ်ကို တောက်ပစေချင်ရင် လူငယ်တွေကို ရွှေချရမယ်။

ကိုင်း– တော်တော်လေးလည်း ပြည့်စုံသွားပြီ။ ဒီနေ့ပြောတဲ့ အထဲမှာပြန်ပြီးတော့ လုံးကြရအောင်။

## မြတ်နိုးမှုတန်ဖိုးထက်ကျော်လွန်ပါစေ

ပထမဆုံးပေးလိုက်တဲ့ equation (အီကွေးရှင်း) ညီမျှခြင်းလေးက ဘာတဲ့တုန်း မှတ်မိလား၊ သဘာဝ၊ အပေါင်း၊ လုပ်အား၊ ညီမျှခြင်း၊ တန်ဖိုး။ (သဘာဝ + လုပ်အား = တန်ဖိုး)

လုပ်အားသွင်းလေလေ တန်ဖိုးတက်လေလေ အဲဒီတော့ဘဝဆိုတာ ဘာလဲ ပြန်ပြောစမ်းအုံး၊ မွေးခြင်းနဲ့ သေခြင်း

ရဲ့ကြားကာလကို ဘဝခေါ်တယ်။ ဒါကြောင့်ဘဝကို တန်ဖိုးထားရင် အချိန်ကို တန်ဖိုးထားရတယ်။

အဲဒီအချိန်ကို ဘယ်လိုသုံးရသလဲဆိုတော့ မိမိ ကိုယ်ကိုယ် မိမိတန်ဖိုးရှိလာအောင် လုပ်အားပေးခြင်း လုပ်အားသွင်းခြင်းအားဖြင့်၊ မိမိကိုယ်ကိုယ်အချိန်ရှိသမျှ တန်ဖိုးသွင်းနေခြင်းအားဖြင့်၊ ကိုယ့်ဘဝရဲ့တန်ဖိုးဟာ တက်လာမယ်။ ကောင်းပြီ။

တန်ဖိုး သုံးမျိုးရှိတယ်ဆိုတာ မှတ်မိလား။

ပင်ကိုတန်ဖိုး။

ဖလှယ်ရည်တန်ဖိုး။

မြတ်နိုးမှုတန်ဖိုး။ မှတ်မိတယ်နော်။

အဲဒီတော့ ကိုယ်ကိုယ်ကို ပင်ကိုတန်ဖိုး တက်လာအောင်လုပ်ကြ။ မြတ်နိုးမှုတန်ဖိုးဆိုတာကတော့ မိဘဆိုတော့ သားသမီးကိုချစ်မှာပေါ့ ဒါမြတ်နိုးတာပဲ။ ဒါပေမဲ့ အဲဒီဟာ တန်ဖိုးက ဘာမှ အဓိပ္ပာယ်မရှိသေးဘူး။

မိမိကိုယ်ကိုယ် မိမိ ပင်ကိုတန်ဖိုးရှိအောင်ကို လုပ်ရတယ်။ အဲဒီလိုလုပ်တဲ့ဥစ္စာမှာ လုပ်အားသွင်းလေလေ သွင်းလေ ပင်ကိုတန်ဖိုး တက်လေပဲ။ ဟုတ်လား။

## သိဒ်အောင်ကြိုးစားပါ

လူနဲ့တိရစ္ဆာန် ဘယ်သူက သာတုံး။ လူကသာတယ်။ နေရာတကာမှာသာသလား၊ မသာဘူး။ လူက ဘယ်တိရစ္ဆာန်ထက်မဆိုသာတယ်ဆိုတာကို မှတ်မိလား။

ကျိုးကြောင်းပညာကြီးခြင်း။

ကိုယ့်ကျင့်တရားရှိခြင်း။

အလှအပကို ခံစားဖန်တီးတတ်ခြင်း။

အဲဒီ သုံးမျိုးသာလျှင် ဘယ်တိရစ္ဆာန်ထက်မဆို သာတယ်။ နားလည်ပြီနော်၊ အဲဒီလိုဆိုတော့ ကျိုးကြောင်းပညာကြီးတဲ့ အတွက်ကြောင့် လူကတိရစ္ဆာန်အားလုံးကို လွှမ်းမိုးနိုင်တာဖြစ်တယ်။

ဒါကြောင့် လူအချင်းချင်းမှာလည်း ကျိုးကြောင်းပညာကြီးတဲ့သူက နည်းသောသူကို လွှမ်းမိုးမှာပဲ။ လူမျိုးအချင်းချင်းမှာလည်း ကျိုးကြောင်းပညာကြီးသော လူမျိုးက ပညာနည်းသော လူမျိုးကို လွှမ်းမိုးမှာပဲ။

တိုင်းပြည်မှာလည်း ပညာကြီးသောတိုင်းပြည်က ပညာနည်းသောတိုင်းပြည်ကို လွှမ်းမိုးမှာပဲ။ ဒါသဘာဝပဲ။ အဲဒီတော့ ကိုယ့်ကိုယ်ကို ပညာကြီးအောင် လုပ်နိုင်လေလေ လုပ်နိုင်လေလေ၊ မင်းဟာလောကမှာ တန်ဖိုးရှိလေလေပဲ။

အဲဒီတော့ ပညာသင်တာဟာ ဘာလုပ်ဖို့သင်တာလဲ၊ ပညာတတ်ဖို့သင်တာ။ အောင်လက်မှတ်ကို ပဓာနမထားနဲ့၊ ပညာတတ်ရမယ်ဆိုတဲ့ စိတ်မျိုးနဲ့ အဲဒီဘာသာရပ်ကို ကျကျနနသိအောင် ကြိုးစား။ ကောင်းပြီ။ ဒါကြောင့်–

## ပခုံးစွန်းအားမြှင့်တင်ထား

ဒီနေ့ ဂန့်ဂေါမြို့နယ်၊ ဟံသာဝတီမှာရှိကြတဲ့ ကလေးတွေကို နောက်ဆုံးနိဂုံးချုပ်အနေနဲ့ ပြောချင်တာက ငါတက္ကသိုလ်မှာ ဆရာကြီးဦးဖေမောင်တင်နဲ့တွေ့တာ ပြောရဦးမယ်ကွ။ ငါ တက္ကသိုလ်မှာ မဟာဝိဇ္ဇာအရည်အချင်းစစ်တန်းကို တက်တဲ့ အချိန်မှာ ဆရာကြီးက ပင်စင်ယူတာအတော့်ကို ကြာနေခဲ့ပါပြီ။

အဲဒီအချိန်မှာ ငါတို့ရဲ့ ပါမောက္ခက ပင့်ဖိတ်လို့ ငါတို့ကို လာပြီး သင်ကြား ပို့ချပေးခဲ့တာဖြစ်တယ်။ ဒါကြောင့် ဆရာကြီးရဲ့ တပည့်ဖြစ်ခွင့်ရလိုက်တာ။ တွေးလိုက်တိုင်းလည်း ကြည်နူးမိပါတယ်။

တစ်နေ့မှာ လမ်းသွားရင်းနဲ့ သူက နှုတ်ဆက်တော့–

"ဆရာကြီး ခင်ဗျား"ပေါ့၊ သူက လမ်းလျှောက်လေ့ ရှိတယ်။

"မင်းဘယ်သူတုံး"တဲ့။ လူကို သိနေတယ်၊ နာမည်တော့ မမှတ်မိဘူးပေါ့။

"အောင်သင်းပါ ဆရာကြီး"လို့

"အေးအေး… မောင်အောင်သင်း"တဲ့။

တွေ့တိုင်း နာမည်မေးတာပါပဲ။ တစ်ခါမှလည်း သူ မမှတ်မိပါဘူး။ အဲဒီတော့ နည်းနည်းလေးလွန်တော့–

"ဟဲ့ဟဲ့… မင်းဘယ်သူ ဘယ်သူ လာစမ်း"တဲ့။

"မင်းဘယ်သူ"

"ကျွန်တော် အောင်သင်းပါဆရာကြီး"ဆိုတော့

"မောင်အောင်သင်း မင်းဆရာ ဖြစ်လာပြီနော်"တဲ့။

"ဟုတ်ပါတယ် ဆရာကြီး" ဆိုတော့–

"ဆရာ့ထက် တပည့် လက်စောင်းထက်တယ် ဆိုတဲ့ စကားရှိတယ် မဟုတ်လား" တဲ့။

"ရှိပါတယ်ဆရာကြီး" ဆိုတော့–

"အဲဒါကို လူတွေက မကောင်းဘူးလို့ ထင်နေကြတာ။ အလွန်ကောင်းတဲ့စကားတဲ့၊ အလွန်ကို ကျင့်သုံးအပ်တဲ့စကား ဖြစ်တယ်။ ဆရာ့ထက် တပည့်က လက်စောင်းထက်အောင် ကိုပဲ ကြိုးစားရမှာပေါ့။ ဆရာ့ထက် တပည့်က တော်ရမယ်။ နောက်တပည့်က သူ့ဆရာထက် တော်ရမယ်။ အဲဒီလို ဆင့်ကဲ

ဆင့်ကဲ တော်သွားကြမှ Human Process လို့ခေါ်တဲ့ လူ့လောကကြီးက မြင့်သွားမှာပေါ့”တဲ့။

“တပည့်က ညံ့၊ နောက်တပည့်က ညံ့၊ နောက်တပည့်က ပိုညံ့ဆိုရင်၊ လူတွေဆင်းသွားလို့ အဝိစီရောက်ဖို့ရှိတော့တာပေါ့” တဲ့။

“အဲဒီတော့ မင်းဟာ အောင်မြင်ပေါက်မြောက်တဲ့ ဆရာဖြစ်ချင်ရင် မင်းတပည့်တွေကို မင်းထက်တော်အောင် သင်ပေး၊ မင်းတပည့်ဟာ မင်းထက်တော်သွားမှ မင်းဟာ အောင်မြင်သော၊ ပေါက်မြောက်သောဆရာ ဖြစ်တယ်။ အဲဒါလေး မှတ် ထား” တဲ့။

“ကောင်းပါပြီ၊ ဆရာကြီး” လို့။

အခုလည်း ဒီလိုပဲ ဒီနေ့ညလာကြတဲ့ ကလေးတွေ၊ စာကြည့်တိုက်ကို လာကြတဲ့ ကလေးတွေ အဲဒီကို လာလာပြီး ဖတ်ကြတဲ့ ကလေးတွေဟာ အဲဒီလိုအားဖြင့် ကိုယ့်မိကိုယ့်ဘထက် နောက်တစ်ဆင့်မြင့်သော သားကောင်း သမီးမြတ်များ ဖြစ်ကြပါစေသတည်း။ ကိုယ့်သား ကိုယ့်သမီးကို ကိုယ့်ထက် နောက်တစ်ဆင့်မြင့်အောင် မြင့်တင်ပေးနိုင်တဲ့ ပခုံးစွမ်းအားရှိသော၊ ယောကျ်ားမြတ်၊ မိန်းမမြတ်များ ဖြစ်ကြပါစေကုန်သတည်းလို့ ဆုပေးရင်း နိဂုံးချုပ်လိုက်ပါတယ်။

**(လက်ခုပ်သံများ)**

**အောင်သင်း**

၂၀-၅-၂၀၀၅

## စာရေးသူ၏ အတ္ထုပ္ပတ္တိအကျဉ်း

## (၁၉၂၇ - ၂၀၁၄)

၁၉၂၇ ခုနှစ်၊ ဧပြီလ ၁၇ ရက်တွင် တောင်တွင်းကြီးမြို့ တောင်ပြင်ရပ်နေ သခင်ညီမောင်နှင့် ဒေါ်ရွှေကြင်တို့မှ ဖွားမြင်သော သားသမီးသုံးယောက်အနက် အကြီးဆုံး ဖြစ်သည်။ အမည်အရင်းမှာလည်း 'အောင်သင်း' ပင်ဖြစ်သည်။

အသက် ၅ နှစ်သားအရွယ်တွင် တောင်ပြင်ရပ်ရှိ ဆရာ ဦးသာဒွန်းဇံ၏ မူလတန်းကျောင်းတွင် စတင် ပညာသင်ကြားခဲ့သည်။ စတုတ္ထတန်းအောင်ပြီးနောက် တောင်တွင်းကြီးမြို့ မိုးထိမြန်မာအထက်တန်းကျောင်းတွင် အလယ်တန်းပညာ ဆက်လက်သင်ကြားခဲ့သည်။ ဆဋ္ဌမတန်းတွင် ၁၉၃၈ ခုနှစ် ကျောင်းသားသပိတ်နှင့် ကြုံခဲ့သည်။ ထိုနှစ်၌ မိခင်ကွယ်လွန်သည်။

သတ္တမတန်း၌ ပညာသင်ကြားနေစဉ်တွင် ပညာဘက်၌အာရုံလျော့နည်းလာသဖြင့် စာမေးပွဲကျရှုံးခဲ့သည်။ ထို့နောက်ကျောင်းထွက်နေစဉ် ဖခင် နောက်အိမ်ထောင်ပြုသည်။ ၁၉၄၁ ခုနှစ်တွင် ရှင်သာမဏေဝတ်သည်။ သာမဏေဘဝနှင့် ပညာ

သင်နေစဉ် ဒုတိယကမ္ဘာစစ်ဖြစ်လာ၍ သာမဏေဘဝမှ ထွက်လိုက်ရသည်။

ဒုတိယကမ္ဘာစစ်ကြီးအပြီး ၁၉၄၇ ခုနှစ်တွင် ပြည်သူ့ရဲဘော်တပ်ဖွဲ့သို့ ဝင်ရောက်လှုပ်ရှားခဲ့သည်။ ထိုမှတစ်ဆင့် ဆိုရှယ်လစ်ပါတီသို့ရောက်သွားပြီး သင်တန်းများတက်၍ ခရိုင်စည်းရုံးရေးမှူးအဆင့်ထိတိုင်အောင် တာဝန်ယူ ဆောင်ရွက်ခဲ့သည်။

၁၉၄၉ ခုနှစ် ရောင်စုံသူပုန်များ ပေါ်ပေါက်လာချိန်၌ ရဲဘော်ဖြူများ၏ ဖမ်းဆီးခြင်းခံရကာ မကွေးထောင်၊ တောင်တွင်းကြီးထောင်၊ ပြည်ထောင်၊ သရက်ထောင်များတွင် နေထိုင်ခဲ့ရပြီး ၁၉၄၉ ခုနှစ်၊ နိုဝင်ဘာလတွင် သရက်ထောင်ကို ဖောက်၍ ထွက်ပြေးလွတ်မြောက်ခဲ့သည်။

၁၉၅၂ ခုနှစ်ရောက်မှ တောင်တွင်းကြီးမြို့သို့ ပြန်လာခဲ့ပြီး တက္ကသိုလ်ဝင်တန်း စာမေးပွဲဝင်ရောက်ဖြေဆိုရာ ထိုနှစ်မှာပင် စာမေးပွဲအောင်မြင်ခဲ့သည်။ ၁၉၅၃ ခုနှစ်၊ အောက်တိုဘာလတွင် မိုးထိအထက်တန်းကျောင်း၌ အလယ်တန်းပြဆရာအဖြစ် ဝင်ရောက်အမှုထမ်းခဲ့ပြီး ၁၉၅၆ ခုနှစ်တွင် အလုပ်မှထွက်၍ မကွေးကောလိပ်၌ ဥပစာဝိဇ္ဇာတန်းကို စတင်တက်ရောက်ခဲ့သည်။ ၁၉၅၈ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်သို့ ဆက်လက်တက်ရောက်ပြီး ၁၉၆၀ ခုနှစ်တွင် ဝိဇ္ဇာတန်းကို မြန်မာဘာသာစကားနှင့် အနုစာပေ၊ အင်္ဂလိပ် ဘာသာစကားနှင့် အနုစာပေ၊ ဒဿနိကဗေဒဘာသာတွဲဖြင့် အောင်မြင်ခဲ့သည်။

၁၉၆၁ ခုနှစ်တွင် ဘီအီးဒီ ဆက်တက်နေစဉ် မြန်မာစာဌာနပါမောက္ခ ဦးဝန်၏လက်ထက်၌ မဟာဝိဇ္ဇာ အရည်အချင်း

စစ် စာမေးပွဲဖြေခွင့် ပေါ်လာခဲ့သောကြောင့် မြန်မာစာ မဟာဝိဇ္ဇာ အရည်အချင်းစစ်သင်တန်း တက်ရောက်ခွင့်ကို ဖြေဆိုအောင်မြင်ခဲ့သည်။ ၁၉၆၂ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်၌ နည်းပြ ဖြစ်လာသည်။ ၁၉၆၃ ခုနှစ်တွင် မော်လမြိုင်ဒီဂရီကောလိပ်သို့ ပြောင်းရွှေ့ရသည်။ ၁၉၆၅ ခုနှစ်တွင် မေလတွင် ပြင်ဦးလွင်စစ်တက္ကသိုလ် မြန်မာစာဌာနသို့ လက်ထောက်ကထိကရာထူးနှင့် ပြောင်းရွှေ့အမှုထမ်းရသည်။ ၁၉၇၀ ခုနှစ်အောက်တိုဘာလတွင် ရန်ကုန်တက္ကသိုလ်သို့ ပြန်ပြောင်းရပြီး မဟာဝိဇ္ဇာတန်းကို ဆက်လက်တက်ရောက်ခဲ့သည်။ ၁၉၇၄ ခုနှစ်တွင် 'ဝတ္ထုတိုလေ့လာချက်စာတမ်း" ပြုစုတင်ပြပြီး မဟာဝိဇ္ဇာတန်းကို ဂုဏ်ထူးနှင့်အောင်မြင်ခဲ့သည်။

၁၉၅၉ ခုနှစ်၊ မေလထုတ် မြဝတီမဂ္ဂဇင်းတွင် ဖော်ပြခံရသော 'သရက် ထောင်ဖောက်ခဲ့စဉ်က' ဆောင်းပါးသည် အောင်သင်း၏ ပထမဆုံးလက်ရာဖြစ်သည်။ ၁၉၅၈ ခုနှစ်တွင် ရေးပြီး ရှုမဝသို့ ဦးစွာပေးပို့ခဲ့သည်။ ရှုမဝအယ်ဒီတာအဖွဲ့က ပြည်တွင်းစစ်နှင့်ပတ်သက်သော အကြောင်းအရာများကို မထည့်ရန် ဆုံးဖြတ်ထားသောကြောင့် ပြန်ပို့ပေးခဲ့သည်။ အတန်ကြာမှ မြဝတီသို့ပို့ခဲ့ရာ မြဝတီက ဖော်ပြခဲ့ခြင်း ဖြစ်သည်။

၁၉၆၀ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ် ကျောင်းသားများ ထုတ်ဝေသော ပုသိမ်မဂ္ဂဇင်းတွင် ဆောင်းပါးနှစ်ပုဒ် ('လူသေလူမဖြစ်မီက သျှင်ဥက္ကဋ္ဌ' ဟူသော ဆောင်းပါးနှင့် အခြားဆောင်းပါးတစ်ပုဒ်)နှင့် အင်္ဂလိပ်ကဗျာ ဘာသာပြန်တစ်ပုဒ်ကို ရေးသားခဲ့သည်။ လူတစ်ဦး၏စာမူသုံးပုဒ် ဖော်ပြရန်မသင့်ဟု ဆုံးဖြတ်သောကြောင့် Henery Davibes ၏

The Welcome ကဗျာတွင် 'မောင်သံနိုင်'ဟူသော အမည်နှင့် ဖော်ပြခဲ့သည်။

၁၉၆၂ ခုနှစ်တွင် 'စာဆိုတော်'ဟူသော ပြားငါး ဆယ်တန်မဂ္ဂဇင်းကလေး ထွက်လာခဲ့ဖူးသည်။ ထိုမဂ္ဂဇင်း၏ စာပေညွှန်ကြားရေးမှူးအဖြစ်တာဝန်ခံခဲ့သည်။ (တာဝန်ခံ အယ်ဒီတာမှာ တပ်မတော် မင်းရဲထွန်း ဖြစ်သည်။) ထိုစာစောင်တွင်လည်း လစဉ်သုံးလေးပုဒ် ရေးရသောကြောင့် 'မောင်သံနိုင်'ကို တစ်ခါထပ်ပြီး သုံးလိုက်သေးသည်။ သို့သော် နောက်ပိုင်းတွင် အောင်သင်းမှတစ်ပါး အခြားမည်သည့် နာမည်ကိုမျှ မသုံးတော့ပါ။ နာမည်ရင်းအတိုင်းသာ ရေးခဲ့သည်။ ၁၉၆၃ ခုနှစ်တွင် ကံ့ကော်မြိုင် စာတမ်းများစာစု၌ စာတမ်းသုံးပုဒ်ရေးခဲ့ရာ နှစ်ပုဒ်ကို ထိုစဉ်က အထက်တန်း၊ အလယ်တန်း မြန်မာစကားပြေ လက်ရွေးစင် တို့တွင် ကျောင်းသုံးစာအဖြစ် ပြဋ္ဌာန်းခဲ့သည်။

၁၉၆၆ ခုနှစ် ပတ်ဝန်းကျင်တွင် 'စိတ်ပင်လယ်စာတမ်းများ' အတွက် စာတမ်းငယ်နှစ်ပုဒ် ရေးပေးခဲ့သည်။ ၁၉၇၁ ခုနှစ်တွင် ရှုမဝ၌ 'မြန်မာဘာသာစကားနှင့် ကာရန်မဲ့ ကဗျာ' ဟူသော စာပေဝေဖန်ရေး ဆောင်းပါးကိုရေးခဲ့သည်။ ထိုအချိန်မှစ၍ စာပေသဘောတရား စာပေဝေဖန်ရေးများကို ဆက်တိုက်ရေးခဲ့သည်။ ၁၉၇၇ ခုနှစ်တွင် 'စာပေရေးရာ ဆောင်းပါးများ' အမည်ရှိ စာပေဆောင်းပါး စာစုကို ပုံနှိပ်ထုတ်ဝေခဲ့သည်။ ၁၉၈၃ ခုနှစ်၊ နိုဝင်ဘာလတွင် သဘင်မဂ္ဂဇင်း အမှတ်(၁)မှ စ၍ ၂၅ လတိုင်တိုင် 'အကြိုက်ဆုံးဝတ္ထုတို' ကဏ္ဍကို လစဉ်ရေးသားခဲ့သည်။

၁၉၇၈ ခုနှစ်၊ ဧပြီလတွင် နိုင်ငံရေးလှုပ်ရှားမှု၌ ပါဝင်

ပတ်သက်သည်ဟု မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီက ယူဆသောကြောင့် အလုပ်မှထုတ်ပယ်ခြင်း ခံရသည်။

၁၉၇၉ ခုနှစ်နောက်ပိုင်းတွင် အလွတ်နည်းပြသင်တန်းများ၌ မြန်မာစာသင်ပေးခြင်း၊ စာပေရေးသားခြင်းနှင့် အသက်မွေးဝမ်းကျောင်းပြုခဲ့သည်။ ၂၀၁၂ခုနှစ်အတွက်ကို ၂၀၁၃ ခုနှစ်မှာ နိုင်ငံတော်မှ အမျိုးသားစာပေတစ်သက်တာဆုကို ချီးမြှင့်ခဲ့သည်။

ထို့နောက် အခါအားလျော်စွာ စာပေဟောပြောခြင်း၊ ရေးသူဖတ်သူ ဆွေးနွေးပွဲများတွင် ပါဝင်ဆွေးနွေးခြင်း၊ စာပေဝေဖန်ရေးဆောင်းပါးများရေးသားခြင်း လူငယ်များအတွက် စာကြည့်သင်း ယဉ်ကျေးမှုထွန်းကားဖွံ့ဖြိုးရေးအတွက် ဆော်ဩရေးသားဟောပြောခြင်း၊ ပညာရေးဆိုင်ရာ ကျင့်ဝတ်ဆိုင်ရာ ယဉ်ကျေးမှုဆိုင်ရာ သုတရသစာပေများ ရေးသားခြင်း၊ ယနေ့တိုင် လူငယ်များ၏ ပစ္စုပ္ပန်နှင့်အနာဂတ် ဘဝများ ကိုယ်ရည်ကိုယ်သွေးတောက်ပြောင် စိမ်းလန်းရေးအတွက် စာပေရေးသားဟောပြောခြင်းအားဖြင့် စာပေအနုပညာ၌ ဘဝကို မြှုပ်နှံကာ အချိန်ပြည့်စာရေးဆရာအဖြစ် သက်ဝင်ရှင်သန် နေထိုင်ရင်းမိသားစုနှင့်အတူ အမှတ် ၄၉၊ ဓမ္မိကဝတီလမ်း၊ သံတံတားရပ်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တွင် နေထိုင်ခဲ့ပြီး ၂၅-၁၀-၂၀၁၄ ရက်နေ့တွင် အထက်ပါနေအိမ်၌ ကွယ်လွန်ခဲ့သည်။

## အောင်သင်း၏ ထုတ်ဝေပြီးစာအုပ်များ

၁။ သရက်ထောင်ဖောက်ခဲ့စဉ်က။
၂။ အနာဂတ်ကို မကြောက်နဲ့။
၃။ စဉ်းစားစရာလေးတွေ။
၄။ သူတို့အလွမ်း ကျွန်တော်တို့အလှ။
၅။ မင်္ဂလာနံနက်ခင်းသြဝါဒ။
၆။ မင်္ဂလာသြဝါဒစကား။
၇။ တစ်ခါတုန်းက တပည့်တွေ။
၈။ နှလုံးသားကို လေပေါ်တင်၍ ပစ်သောအခါ။
၉။ လှလိုက်တာနော်နှင့် ရသစာတမ်းငယ်များ။
၁၀။ သံလွင်ရွက်သရဖူ။
၁၁။ တိုလီမိုလီစာပေ။
၁၂။ သေကိန်းဆိုက်တဲ့ညနှင့် အခြားဝတ္ထုတိုများ (ဘာသာပြန်)
၁၃။ ကိုယ်တွေ့စာစီစာကုံး။
၁၄။ ရွှင်ရွှင်ပြုံးပြုံး စာစီစာကုံး။
၁၅။ သိချင်စိတ်။
၁၆။ ကျွန်တော်ကျောင်းဆရာ။

၁၇။ အောင်သင်းစဉ်းစားမိသမျှ။
၁၈။ ပညာသာလျှင်နှင့် သစ်လွင်အတွေးဆောင်းပါးများ။
၁၉။ ဖတ်ကြည့်စမ်းပါ စွန့်စွန့်စားစား။
၂၀။ သူ့အတွေး ကိုယ့်အမြင်။
၂၁။ ရှင်ဘုရင်ပါပဲနှင့် ရွှေပြည်တန်ဆောင်းပါးများ။
၂၂။ အရွယ်။
၂၃။ စကားကောင်းနှင့် အခြားဆောင်းပါးများ။
၂၄။ ရည်မှန်းချက်နှင့် ပြဿနာအထွေထွေ။
၂၅။ အောင်သင်း၏ အင်တာဗျူး။
၂၆။ မျိုးဆက်သစ် တိုးတက်ရစ်ဖို့။
၂၇။ မျိုးဆက်သစ် တိုးတက်ရစ်ဖို့။ (၁+၂)
၂၈။ မျိုးဆက်သစ် တိုးတက်ရစ်ဖို့။ (၃+၄)
၂၉။ ဝတ္ထုရေးရာဆောင်းပါးများ။
၃၀။ သူတို့နှင့် ကျွန်တော်။
၃၁။ မောင်မယ်တို့အတွက် လက်ဆင့်ကမ်းဩဝါဒ။
၃၂။ ကိုယ်ကျင့်နှင့်ပညာ။
၃၃။ စာရိတ္တမာန။
၃၄။ အောင်သင်းအကြိုက်ဆုံးဝတ္ထုတိုများနှင့်
သုံးသပ်ချက်များ။
၃၅။ လက်ဆင့်ကမ်းခဲ့သော လုပ်အားတန်ဖိုး။
၃၆။ အမွေ။

၃၇။ လက်ခံလိုက်စမ်းပါ တကယ့်အနုပညာ။
၃၈။ အမွေ လက်ခံလိုက်စမ်းပါ တကယ့်အနုပညာ။
၃၉။ ပွဲဦးထွက် စာပေဆောင်းပါးများ။
၄၀။ အောင်သင်းအမေး သူတို့အဖြေ။
၄၁။ ကန့်ကူလက်လှည့်။
၄၂။ မျိုးဆက်သစ်အတွက် ပိဋကတ်မိတ်ဆက်။
၄၃။ မျိုးဆက်သစ်အတွက် ဂန္ထဝင်မိတ်ဆက်။
၄၄။ ပေးသူနှင့် ယူသူ။
၄၅။ အတွေ့အကြုံနှင့် အတွေးအကြံ။
၄၆။ ကမ္ဘာ့ပြဿနာရှင်းတဲ့နေ့နှင့် ရသစာတမ်းငယ်များ။
၄၇။ ခေတ်သစ်ကမ္ဘာအတွက် ပညာရေးနှင့်
စာရိတ္တပျိုးထောင်မှု။
၄၈။ စာစီစာကုံးများနှင့် တွေးနည်း ရေးနည်း။
၄၉။ စာပေရေးရာဆောင်းပါးများ။
၅၀။ သာသနာပြုမှုကြို။
၅၁။ အောင်သင်း၏ အတွေးစကား။
၅၂။ လူငယ်တွေအတွက် လူကြီးတွေရဲ့
ပန္နက်နှင့် ဘ၀အမိဋ္ဌာန်
၅၃။ ကျော်ဟိန်းလို နာမည်ကြီးတဲ့ လူတစ်ယောက်
၅၄။ သူတို့လေးတွေအမေး ကျွန်တော့်အဖြေ
၅၅။ လူငယ်များသို့ မင်္ဂလာပါ



“ကလေးတွေကို
လူကြီးလူကောင်းအဖြစ်သဘောထားပြီး
ဆက်ဆံလို့ရှိရင်
လူကြီးလူကောင်းစိတ်ပေါက်လာတယ်”

အောင်သင်း